မြင်း စုကြီး ဝန်မြန်မာမြင်း စာရေးကြီး ၊ ရှမ်း မြင်း စာရေး ကြီး ၊ ဇင်း မယ်ပါမြင်း စာရေး ကိုကမြင်း စုကြီး အမှုထမ်း တို့မှာ ရွှေဘဝါး တော် အောက်အိမ် ဆောက်လုပ်သည်အတွင်း ကြွေး ဟောင်း မြီ ဟောင်း ကုန်ဘိုး ဖြတ် စာထွက်ရှိသည်များ ကိုအတောင်း အခံမရှိရပ်ဆိုင်း ပါရမည့်အကြောင်း နှင့် ရှိခိုး သံတော်ဦး တင်ချက်အတိုင်း မြင်း စုကြီး အမှုထမ်း တို့မှာ ကြွေး ဟောင်း မြီ ဟောင်း ကုန်ဘိုး ဖြတ်စာထွက်ရှိသည်များ ကိုအတောင်း အခံမရှိ စေနှင့် ရွှေဘဝါး တော် အောက်အိမ် ဆောက်လုပ်သည်အတွင်း ရပ်ဆိုင်း စေ ၊ သိကျစ်မြို့ကိုအတွင်း ဝန် လောင်း ရှည်မြို့စား မင်း ကြီး မဟာစည်သူကအုပ်ထိန်း ၍ နန်း ရိုး ငွေခွန် တော်ဆက်မြို့ ကျေး ရွာ များ နည်း အခွန် တော်ကိုဆက်သွင်း ထမ်း ရွက် စေ ။

7 March 1859

သက္ကရာဇ် ၁၂၂၀ ပြည့်တ ပေါင်း လဆန်း ၄ ရက် နေ့နား ခစ မြောင်မှူး မင်း ထင်မင်း ကျော်ရာဇာတွင်ပြန်။

( မန်း တက်သမိုင်း ဓါစု )

စလင်း မြို့ဝန်မဟာမင်း လှမင်း ခေါင်ကို တောင်လုံး မှိုင်း ယည် ကျော် လှ တော်ပဲ့နင်း အရာကနှုတ်၊ ကျပင်း မြို့သူကြီး မင်း ထင်သမန္တ ကျော် ခေါင်ကို တောင်လုံး မှိုင်း ယည် ကျော် လှ တော်ပဲ့နင်း ခန့်၊ စမ္ပာယ်နဂိုရ်မြို့စား ဟောင်း အရီး က ဘကြီး တော်ဘုရား လက်ထက် တော်သမီး ကညာဆက်သလာရာ ရွှေလက်ထက် တော်တိုင် ရွှေဘဝါး တော် အောက်ထမ်း ရွက် နေထိုင်သည့်အတွင်း စမ္ပာယ်နဂိုရ်မြို့စား ဟောင်း သေဆုံး၍လျှင်သက်ကြီး ရွယ်ရင့်ဖြစ်ပါ၍ ဆွေမျိုး တို့ရှိရာမိဘရပ်ရွာ နေရပ်ဌာနသို့ပြန်သွား ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း စမ္ပာယ်နဂိုရ်မြို့စား ဟောင်း အရီး ကိုမိဘတို့ဌာန နေရပ်သို့ပြန် စေ၊ တောင်ဒဝယ်ဗိုလ်မဟာမင်း ခေါင်မင်း ထင် သေနတ်စာရေး သွေး သောက်ကြီး တို့က တောင်ဒဝယ်ပုတလင်ရွာ သွေး သောက်ကြီး ငပေါ် ဦး သေ၊ အကြပ်အမှုထမ်း တို့သဘောကြိုက်ညီသူအမှုထမ်း ငရွှေဝကိုပုတလင်ရွာ သွေး သောက်ကြီး အရာခန့်ထား ထမ်း ရွက်ပါစေရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ငရွှေဝကို တောင်ဒဝယ်ပုတလင်ရွာ သွေး သောက်ကြီး ခန့်၊ တောင်ဒဝယ်ဗိုလ်မဟာမင်း ခေါင်မင်း ထင် သေနတ်စာရေး သွေး သောက်ကြီး တို့က တောင်ဒဝယ် ဝေပုံပါခုံညင်း ဆိပ်ရွာ သွေး သောက်ကြီး ငဝင်း အမှုထမ်း တို့ကိုညှင်း ပန်း နှိပ်စက် ကြေး ငွေအပိုအမို စား ယူသူဖြစ်၍သဘောမကြိုက်မညီ၊ အကြပ်အမှုထမ်း တို့သဘောကြိုက်ညီသူအကြပ် ငရွှေမှိုင်း ကို သွေး သောက်ကြီး အရာခန့်ထား ထမ်း ရွက်ပါစေရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ငဝင်း ကို တောင်ဒဝယ်ခုံညင်း ဆိပ်ရွာ သေနတ် သွေး သောက်ကြီး အရာကနှုတ်၊ ငရွှေမှိုင်း ကို တောင်ဒဝယ်ခုံညင်း ဆိပ်ရွာ သေနတ် သွေး သောက်ကြီး ခန့်၊ တောင်ဒဝယ်ဗိုလ် သေနတ်စာရေး သွေး သောက်ကြီး တို့က တောလေး ရွာ သွေး သောက်မှာငကြီး ကိုအမှုထမ်း တို့နှင့်မသင့်မတင့်အစုမငြိမ်မသက်ညှင်း ပမ်း နှိပ်စက်ပြုကျင့်ကြောင်း နှင့်ဆိုင်ရာမြ တောင်မြို့စား သေနတ်ဝန်ကြီး ထံရှင်း လင်း ပြောဆိုကြရာအစုအမှုထမ်း တို့ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း တောလေး ရွာမှာငကြီး ကို သွေး သောက်ကြီး အရာကနှုတ်၊ . . . ကို သွေး သောက်ကြီး ခန့်။

(7 March 1859)

(သတ္တရာဇ် ၁၂၂၀ ပြည့်တပေါင်း လဆန်း ၄ ရက် နေ့နာ ၁း ခစ မြောင်မှူး

(7 March 1859)

မင်း ထင်မင်း ကျော်ရာဇာတွင်ပြန် )

( မန်း တက်သမိုင်း စါစု )

( မြောင်လှမြို့စီရင်စုဘိုတိုင် ပေါက်ရွာမှာငကြာညို၊ မြောင်ရိုး ရွာ ပေါက်ပင်
ကွေ့ရွာများ မှာငကြာဘူး ၊ ကျား ကာရွာတံတား နှစ်သွယ်ရွာများ မှာင
ရွှေလင်း ၊ စိုင် သေရွာသ ပြေရွာများ မှာငဘဲညို၊ ဆူး ပုတ်ကုန်း ရွာကြာစွယ်
ခံ တောရွာများ မှာင ရွှေဝိုင်း တို့က မြောင်လှမြို့စီရင်စု ကျေး ရွာ နေအ )
သည်အလါလူတို့စာရင်း ဆက်သွင်း ရှိပါသည်၊ မင်း မိဘုရား မင်း ညီမင်း သား
မျိုး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအ နှောက်အရှက်မရှိပါစေရလက်ရှိ
ကြီး စိုး မြို့ကြီး စိုး ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်
အတိုင်း မြောင်လှမြို့စီရင်စုဘိုတိုင် ပေါက်ရွာငကြာညို၊ မြောင်ရိုး ရွာ ပေါက်ပင်
ကွေ့ရွာများ မှာငကြာဘူး ၊ ကျား ကာရွာ၊ တံတား နှစ်သွယ်ရွာများ မှာင
ရွှေလင်း ၊ စိုင်း သေရွာ၊ သ ပြေရွာများ မှာငဘဲညို၊ ဆူး ပုတ်ကုန်း ရွာ၊ ကြာ
စွယ်ခံ တောရွာများ မှာင ရွှေဝိုင်း တို့ကလက်ရှိကြီး စိုး မြို့ကြီး စိုး ထမ်း ရွက် စေ။

ပြည်လုံး အံ့ လှ တော်စကြီး ငမြိုင်ကပြည်လုံး အံ့ လှ တော်အမှုထမ်း တို့ကို ပေး
ချသနား တော်မူသည့်မြစ်သား မြို့စီရင်စုမန်း ကျည်း ကုန်း ရွာရှိစုရင်း စုခြား
အသည်အလါလူတို့ကိုစာရင်း ဆက်သွင်း ရှိပါသည်၊ မင်း မိဘုရား မင်း ညီမင်း သား
မျိုး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအ နှောက်အရှက်မရှိပါစေရမန်ကျည်း
ကုန်း ရွာကိုကြီး စိုး ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်
အတိုင်း မြစ်သာမြို့စီရင်စုမန်း ကျည်း ကုန်း ရွာကိုပြည်လုံး အံ့ လှ တော်စကြီး ငမြိုင်
ကကြီး စိုး ထမ်း ရွက် စေ။

စောလှမြို့စီရင်စုဝင်း ကောင်ဟန်ပန်ခွာရွာ ခေါင်း ငကြိ ဘော်၊ တေစိုး
ရွာ ခေါင်း ငလူ၊ မိုင်း တုံ ငယ်ရွာ ခေါင်း ငဝိုင်း ၊ သင်ထုံရွာ ခေါင်း င တေ
နောင်တို့ကရွာရှိစုရင်း စုခြား အသည်အလါလူတို့ကိုစာရင်း ဆက်သွင်း ရှိပါသည်၊
မင်း မိဘုရား မင်း ညီမင်း သား မျိုး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူ
အ နှောက်အရှက်မရှိပါစေရ၊ ပန်ခွာရွာ၊တေစိုး ရွာ၊ မိုင်း တုံငယ်ရွာ၊ သင်ထုံ
ရွာများ မှာပန်ခွာရွာ ခေါင်း ငကြိ ဘော်ကိုကြီး စိုး ထမ်း ရွက်ပါစေရမည့်အ
ကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း စောလှမြို့စီရင်စုပန်ခွာရွာ၊
တေစိုး ရွာ၊ မိုင်တုံငယ်ရွာ၊ သင်ထုံရွာများ ကိုပန်ခွာရွာ ခေါင်း ငကြိ ဘော်က

ကြီး စိုး ထမ်း ရွက် စေ။

စောလှမြို့စီရင်စုငင်း ကောင်း ဟန်မိုင်း တုံကြီး ရွာ၊ စင်တလင်ရွာ ဒိုင်း ခေါင်း ငတိုကရွာရှိစုရင်း စုခြား အသည်အလိပ်လူတို့ကိုစာရင်း ဆက်သွင်း ရှိပါသည်၊ မင်း မိဘုရား မင်း ညီမင်း သား မှူး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအနှောက်အရှက်မရှိ စေရ၊ ကြီး စိုး ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း စောလှမြို့စီရင်စုမိုင်း တုံကြီး ရွာ၊ စင်တလင်ရွာများ ကိုဝင်း ကောင်ဟန်ဒိုင်း ခေါင်း ငတိုကကြီး စိုး ထမ်း ရွက် စေ။

စောလှမြို့စီရင်စုဝင်း ကောင်ဟန်လွန် ကျော်ရွာအဝန်း ငစိုကရွာရှိစုရင်း စုခြား အသည်အလိပ်လူတို့ကိုစာရင်း ဆက်သွင်း ရှိပါသည်၊ မင်း မိဘုရား မင်း ညီမင်း သား မှူး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအနှောက်အရှက်မရှိပါ စေရကြီး စိုး ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း စောလှမြို့စီရင်စုလွန် ကျော်ရွာကိုဝင်း ကောင်ဟန်အဝန်း ငစိုကကြီး စိုး ထမ်း ရွက် စေ၊

စောလှမြို့စီရင်စုဝင်း ကောင်ဟန်စည်ထွန်ရွာ၊ မြောင်း ဦး ရွာ၊ ရွာသာရွာအဝန်း ငရွှေလုံး ကရွာရှိစုရင်း စုခြား အသည်အလိပ်လူတို့ကိုစာရင်း ဆက်သွင်း ရှိပါသည်၊ မင်း မိဘုရား မင်း ညီမင်း သား မှူး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအနှောက်အရှက်မရှိပါစေရ၊ ကြီး စိုး ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း စောလှမြို့စီရင်စုစည်ထွန်ရွာစီရင်စု မြောင်း ဦး ရွာ၊ ရွာသာရွာများ ကိုဝင်း ကောင်ဟန်အဝန်း ငရွှေလုံး ကကြီး စိုး ထမ်း ရွက် စေ။

စောလှမြို့စီရင်စုဝင်း ကောင်ဟန်သည်လွန်ရွာ ခေါင်း ငဆိုင်၊ နန်း မော်ရွာ ခေါင်း ငရွှေရင်း တို့ကရွာရှိစုရင်း စုခြား အသည်အလိပ်လူတို့ကိုစာရင်း ဆက်သွင်း ရှိပါသည်၊ မင်း မိဘုရား မင်း ညီမင်း သား မှူး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအနှောက်အရှက်မရှိပါစေရ၊ သည်လွန်ရွာ၊ နန်း မော်ရွာများ မှာရွာ ခေါင်း ငဆိုင်ကိုကြီး စိုး ထမ်း ရွက်ပါစေရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း စောလှမြို့စီရင်စုသည်လွန်ရွာနန်း မော်ရွာများ ကို

ဝင်း ကောင်တန်အဝန်း ငဆိုင်း ကကြီး စိုး ထမ်း ရွက် စေ။

လက်ဝဲဝင်း စာချီရန်ပုံခွင်း ဒိုင်း ခေါင်း နေမျိုး သီရိ ကျော်ထင်ကမြစ်သား မြို့နယ် ခေါင်း စု ပေါ်မောရွာ၊ ပေတောအရှေ့ရွာရှိစုရင်း စုခြား အသည်အလိလူတို့ကို စာရင်း ဆက်သွင်း ရှိပါသည်၊ မင်း မိဘုရား မင်း ညီမင်း သား မျိုး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအ နှောက်အရှက် မရှိပါစေရ၊ ပေါ်မောရွာ၊ ပေတောအရှေ့ရွာများ ကိုကြီး စိုး ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း မြစ်သား မြို့စီရင်စုရန်ပုံခွင်း ဒိုင်း ပေါ်မောရွာ၊ ပေတောအရှေ့ရွာများ မှာလက်ဝဲဝင်း စာချီ နေမျိုး သီရိ ကျော်ထင်ကကြီး စိုး ထမ်း ရွက် စေ။

သာယာကုန်း တောင်ရွာသူကြီး ငဝင်း၊ ငမြတ်တို့နှင့်လူကြီး တစုတို့ကသာယာကုန်း ရွာရှိအသည်အလိဝင် နေကပ်ပါး လူတို့ကိုမင်း မိဘုရား မင်း ညီမင်း သား မျိုး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအ နှောက်အရှက်မရှိပါစေရ၊ စာရင်း ဆက်သွင်း ရှိသည်အတိုင်း မင်း မှုတော် ပေါ်ထွက်ကျ ရောက်သည်များ ကိုတဝတည်း ငရွှေသီး ကိုကြီး စိုး ထမ်း ရွက်ပါစေရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း သာယာကုန်း တောင်ရွာကိုငရွှေသီး ကသူကြီး အရာနှင့်ထမ်း ရွက် စေ။

ငရွှေလှိုင်း က ကျောက်သံပတ်မြို့နယ် မြေကျေး ရွာများ ကိုအဘငမှံဆင်မျိုး အရာနှင့်လက်ရှိအုပ်ထိန်း စီရင်၍ကန်ကြီး ကန် တော်တွင်ထမ်း ရွက်ရှိ နေသည်အတွင်း သေဆုံး ရှိပါသည်၊ ကျောက်သံပတ်မြို့ကသီး ခြား ကွဲပြား စာရင်း ဆက်သွင်း ကြီး စိုး ထမ်း ရွက်ကြသည့်ရွာသစ်သုံး ရွာ၊ နှမ်း ကြီးရွာများ ပြင် ကျောက်သံပတ်မြို့မ၊ ညောင်ပင်သာရွာ၊ သပြေသာရွာရှိအသည်အလိဝင် နေကပ်ပါး လူတို့ကိုမင်း မိဘုရား မင်း ညီမင်း သား မျိုး တော်မတ် တော်တို့ထံအကပ်အခိုအနှုတ်အယူအ နှောက်အရှက်မရှိပါစေရ စာရင်း ဆက်သွင်း ရှိသည်အတိုင်း မင်း မှုတော် ပေါ်ထွက်ကျ ရောက်သည်များ ကိုတဝတည်း ဆင်မျိုး မြို့သူကြီး အရာနှင့်ကြီး စိုး ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင် (ချက်အတိုင်း မင်း မှုတော် ပေါ်ထွက်ကျ ရောက်သည်များ ကိုတဝတည်း ငရွှေလှိုင်း ကဆင်မျိုး မြို့သူကြီး အရာနှင့်ထမ်း ရွက် စေ။

(7 March 1859)

(7 March 1859)

သက္ကရာဇ် ၁၂၂၀ ပြည့် တပေါင်းလဆန်း ၄ ရက်နေ့ နား ခံစမြောင်မှုး မင်းထင်မင်းကျော်ရာဇာတွင်ပြန်)

(မန်းတက်သမိုင်းစါစု)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်။ မန္တလေး ရွှေတောင်အရပ်သည်ရတနာပုံမဟာရာဇဓာနီ မင်းနေပြည်ကြီးဖြစ်ထွန်း၍ခြသေ့်နံမင်း ရှေးဦးလက်မွန်တည်ဆောင်စံနေတော်မူအံ့စသော ဘုရားဗျာဒိတ်သိုက်ဓါတ်နိမိတ်တိုက်ဆိုက်လာရှိကြောင်း ဘုမိနက်သံမြေကြန်လက္ခဏာအရာနှိုက်လည်း စက်ဝန်းလက်ဂုံးသုံး ထောင့်လှည်း ဦးသဏ္ဍာန်စသောအပြစ်မျိုးလွတ်ကင်းလျက် မြေအပြင်စည်မျက်နှာကဲ့သို့ညီညွှတ်ခြင်း ဒက္ခိဏာဝဋ္ဋဖြစ်သောနွယ်မြက်သစ်ပင်ပေါက်ရောက်ခြင်း။ ဘုမိဥက္ကဋ္ဌပထဝီဇယလက္ခဏာနှင့်ပြည့်စုံသည်ဖြစ်၍ မဟာရာဇဓာနီ ရွှေပြည်တော်ကြီးထီးနန်းကနက်စိုက်ဆောက်တည်ထောင်စံနေတော်မူသင့်ကြောင်းများ နှင့်ရဟန်းပညာရှိလူပညာရှိတို့စာဆက်သွင်းချက်အတိုင်း မန္တလေး ရွှေတောင်အရပ်သို့ထွက်စံတော်မူပြီး လျှင်နန်းမြို့ပေါ်နှင့်တကွ ရွှေနန်းတော်ကြီးကိုတည်ထောင်ဘန်ဆင်း စံနေတော်မူ၍ဇမ္ဗူဒီပါကျွန်း၏အချက်အချာ မဟာရာဇဓာနီ ရွှေမြို့တော်ကြီး သည်ကပ္ပဋ္ဌိတိလေးပါးကဲ့သို့သာသနာ ၅၀၀၀ ပတ်လုံး ကမ္ဘာမော်ကွန်း တည်ထွန်းစေ(ခြင်း)ငှာမြို့တော်ကျုံး တော်စေတီတော်ပိဋကတ်တိုက်တော်သုဓမ္မာစရပ်တော်ကျောင်းတော်သိမ်တော်ခုနစ်ဌာနနှင့်တကွမြို့ရိုး မြို့ထိပ်သူရဲပြေး သူရဲခိုအရပ်နိမ့်မြင့်အတောင်အထွာအသင့်အကြွင်း မြို့ကိုရိုယာတံခါးကြီး တံခါးငယ်ပြတန်ဆောင်းဓါတ်တိုင်ကြငန်း တိုင်တုရင်တိုင်ရွက်ကာအနံ့အထား မှစ၍လုပ်ဆောင်ရန်ရှိသည်များကိုသာသနာကျမ်း လောကီဗေဒင်ကျမ်းလာရှိသည့်အတိုင်း မြို့၏အင်္ဂါဥပဒေသကျနသချာကောင်း မွန်တင့်တယ်အောင်ရွေး ချယ်စီစစ်၍အတွင်းမြို့တော်ပြင်မြို့တော်ကြီးအကျယ်တာဝန်း မြို့ရပ်မြို့နေမှစ၍မင်း ဧကရာဇ်တို့စံတိုက်ရာဗြိသိဟဆသုခစသောအသင့်အကြွင်းများ နှင့်တကွမြို့တော်အုတ်မြစ်မှစ၍ချထားတည်လုပ်ရာသည့်အခါနေ့ရက်များကိုပညာရှိတို့ကရှိခိုးသံတော်ဦးတင်သည်။ သာသနာပြုဆရာတော်ကလည်း ပညာရှိတို့တင်ချက်အတိုင်း မြို့နန်းဘန်ဆင်းတည်ထောင်မည့်အရာနှိုက်အောင်မြေအောင်ရပ်ဖြစ်၍ ဗလစကြာမင်း စသောမင်းကောင်းမင်းမြတ်တို့စံနေရာဘုမိဘာဂစတုဿမ္ဘဏ္ဍီအရပ်ဖြစ်ကြောင်း ဥက္ကဋ္ဌမြို့တည်ထောင်

ဘန်ဆင်း သောအခါကောင်း မြတ်သောနက္ခတ်မင်္ဂလာ နေ့ကိုမလွန်စေရ၊ ညည့်
အခါမီး ရှူး ထွန်း လင်း လျက်ဘန်ဆင်း တည် ထောင် ကြောင်း မြေကြန်လက္ခဏာ
သစ်ပင်အ ပေါက်အရောက်စသည်ဖြင့် ရွေး ချယ်၍မြို့နန်း တည် ထောင်ဘန်ဆင်း
ခြင်း သည်သာသနာ တော်ကျမ်း လောကီကျမ်း နှစ်ရပ်ညီညွတ်နှီး နှောကြသည်
ဖြစ်၍တည်ထား ပြုစု တော်မူ သော ရွှေပြည်ကြီး သည်အမျိုး လေး ပါး တို့ဖြင့်ပွင့်
လင်း စည်ပင်လျက်မိဓိလာပြည်ကပ္ပိလဝတ်ပြည်ကြီး တို့ကဲ့သို့အခွန့်ရှည်စွာတည်ထွန်း
23 May 1859
မည့်အကြောင်း နှင့်စာဆက်သွင်း ချက်အတိုင်း သက္ကရာဇ် ၁၂၂၁ ခုကဆုန်လပြည့်
ကျော်၇ရက် နေ့အတွင်း မြို့တော်ပြင်မြို့တော်ကြီး မှစ၍ကျုံး တော်စေတီတော်ပိ
ဋကတ်တိုက် တော်သုဓမ္မာ စရပ် တော် ကျောင်း တော်သိမ် တော်များ ကိုအခါတော်
နှင့်တပြိုင်နက်စ၍တည်ထား လုပ် ဆောင် စေ၊ ရွှေမြို့ တော်တံခါး ပြအလုပ်အဆောင်
များ မှာခါတ်တံခါး ၄၊ ထောင့်ပြကြီး ၄များ ကိုဘုံခုနစ်ဆင့်ပြဿဒ်၊ မိတ်တခါး ၈၊
ပြငယ်၃၂များ ကိုဘုံငါး ဆင့်ပြဿဒ်လုပ် ဆောင် စေ၊ ရှေး ဘုရား အလောင်း
မင်း ကောင်း မင်း မြတ်တို့မြို့နန်း တည် ထောင်ဘန်ဆင်း သောအခါတာဝတီသာ
နတ်ပြည်တိုင် အောင် ကြော် စောထင်ရှား လျက်သကြား နတ်မင်း ဝိသုကံနတ်သား
တို့ကိုအစပြု၍ နတ်ပြည်အလုံး ကျော် စောထင်ရှား သဖြင့်နတ်တို့နှင့်တိုင်ပင်ပြီး လျှင်
မြို့နန်း တည် ထောင်ဘန်ဆင်း သည် မည် ကြောင်း မြို့နန်း ဘန်ဆင်း တည် ထောင်
ရာရဟန်း သံဃာတို့အား ပေး လှူပူ ဇော်၍အလှူ၏အဘို့ကိုနတ်တို့အား အမျှ ပေး
ဝေခြင်း အပရိဟာနိယတရား နှင့်အညီပါလိနတ်စာတို့ဖြင့်ပူ ဇော်ပသခြင်း တို့
ကိုပြုသင့် ကြောင်း များ နှင့်သာသနာပြုဆရာ တော်သွင်း ချက်တွင်ပါသည့်အတိုင်း
မြို့တော်တည်လုပ်သည့်အခမ်း အနား တွင်ရဟန်း သံဃာ တော်တို့အား လှူဒါန်း ပူ
ဇော်၍သကြား စတုလောကပါလသာသနာ တော် စောင့်သမာဒေဝနတ်စသော
တင်ကြား ပသမြဲနတ်တို့ကိုလည်း ရှေး အစဉ်ထုံး စံရှိသည်နှင့်အညီတင်ကြား ပသပူ
ဇော်စေ။

27 April 1859
သက္ကရာဇ် ၁၂၂၁ ခုတန်ခူး လပြည့်ကျော် ၁၀ရက် နေ့နား ခပြော့ကြီး မှူး
မင်း လှမင်း ကျော်ထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၂၁)

မင်း ခင်း မြို့စီရင်စုတရားမြို့သူကြီး မြို့အစီရင်မြို့စာရေး တို့၊ မင်း ခင်း လေး 1859
မြို့က (သက္ကရာဇ်) ၁၂၂၁ ခုနှစ်ဆက်သွင်း ဂန်မင်း ခင်း မြို့သူကြီး ငယ်ခုနစ်
တို့ခံဝန်ချက်စပါး တော်၃၂၀၀ဝ်အနက်တရား မြို့ကခွဲစုကျစပါး တော်၃၉၁ဉ်
၃်တွင်ဝန်စာရေး စား စပါး ၂၂ဝ်နှုတ်သည့်ပြင်ကျန်စပါး ၃၆၉ဉ်၃်ကို ရွှေပြည်
မှန်ကင်း အစုအမှုထမ်း တို့ကကရား မြို့မှာတင် ဆောင်ယူ စေဘုန်း တော်အလွန်
ကြီး မြတ် တော်မူလှ သောဘုရား ညီ တော်အိမ် ရှေ့မင်း အမိန့် တော်ကိုဦး ထိပ်ရွက်
ရသည်ဖြစ်သည်၊ တရား မြို့က (သက္ကရာဇ်) ၁၂၂၁ ခုနှစ်ခွဲစုကျဆက်သင့်စပါး 1859 တော်
၃၉၁ဉ်၃်အနက်ဝန်စာ ရေး စား စပါး ၂၂ဝ်ကိုနှုတ်၍ကျန်စပါး ၃၆၉ဉ်၃်ကို
ရွှေပြည်မှန်ကင်း အစုအမှုထမ်း သွေး သောက်ကြီး တို့ကတရား မြို့ဆိပ်ကမ်း တွင်
တင်ဆောင်ယူလာ စေသည်၊ စာရင်း မှတ်သား ၍ ပေး အပ်ရမည်။

(သက္ကရာဇ် ၁၂၂၁ ခု ဝါခေါင်လပြည့်ကျော် ၁ ရက် နေ့) (14 August 1859)

(မောင်လိုက်သန့်စင်)

(တရုတ်ပြည် မြို့)အစီရင်သူကြီး ခေါင်းအကြီးတို့၊ ခန်းပတ်မြို့အဝင်ဟဲ လှော်ရွာ (10 June 1859) နေငသာညို၊ င အောင်ပန်း ၊ ငခန်းဆိုင်တို့က (သက္ကရာဇ်) ၁၂၂၁ခုနယုန်လဆန်း ၁၀ရက် နေ့ဟဲ လှော်ရွာစီရင်စုကျွန်းကြီး တောအရပ်တွင်ရတနာဆင်ဖြူတော် ပေါ်ရှိ ကြောင်း ပြောဆို၍သနား တော်မြတ်ခံရသည့်ဆင်တော်များနှင့်စည်းကြပ် ထောက်လှမ်း စေရာသလ္လာဝတီမြစ်အရှေ့ဘက်ကျိုဝန်ဝန်စုပြစ်စည်ခုနစ်ရွာနယ် မြေကောအင် တောအရပ်တွင်ရ သောဆင်ဖြူတော်အရပ်ငှာ ကျော်အစွယ်ပြင် ပေါ် ဒိခန့် တွေ့မြင်သည်ကိုဆင်ဝန်ဆင် တော်များ နှင့်စည်းကြပ် ထောက်လှမ်း၍ (ကြော့ဘမ်း ကြရာ)ဆင်ဖြူတော်အစွယ်နှင့်ဆင်ဝန်ဆင် တော်စာ ကောက်တွင်ထိခိုက်စူး ရှသော ကြောင့်ဘဲကူအဝန်လှဲပြား ထွက်သွား ရှိသည်ဖြစ်၍ မထွက်မလွတ် စေရဆင်ဖြူတော်ဝင် ရောက်ရာမည်သည့်မြို့ ကျေး ရွာမဆိုအတား အဆီး မရှိပါစေရလူလက်နက်အများ ဆင့်ဆိုစည်းကြပ် ကြော့ဘမ်း ဆက်သပါရမည့်အကြောင်း နှင့် သောင်းသွပ် စော်ဘွား တင်ချက်ပါရတနာဆင်ဖြူတော်ကိုမည်သည့်မြို့ ကျေး ရွာမဆိုအတား အဆီး အပြစ်အခတ်မရှိ စေနှင့် သောင်းသွပ် စော်ဘွား ကရမိ အောင် ကြော့ဘမ်း ဆက်သွင်း စေအမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း အတား အဆီး မရှိ သောင်းသွပ် စော်ဘွား ကရမိ အောင် ကြော့ဘမ်း ဆက်သ စေဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောဘုရားညီ တော်အိမ် ရှေ့မင်း အမိန့် တော်ကိုဦး ထိပ်ရွက်ရသည်ဖြစ်သည်၊ သောင်းသွပ် စော်ဘွား တင်ချက်ပါရတနာဆင်ဖြူတော်ကိုကရားမြို့စီရင်စုနယ် မြေ ကျေး ရွာများ သို့ဝင် ရောက် တွေ့ရှိလျှင်အတား အဆီး အပြစ်အခတ်မရှိရာဇဝတ် တော် ရေးကင်း လွတ်လုံခြုံ အောင် စောင့်ထိန်း စေပြီး လျှင် သောင်းသွပ် စော်ဘွား က ကြော့ဘမ်း ဆက်သ စေရမည်။

(သက္ကရာဇ်) ၁၂၂၁ခု ဝါခေါင်လပြည့် ကျော် ၁ရက် နေ့ဝန်မင်း များ (14 August 1859) စာ။
(မော်လိုက်သန့်စင်)

ဘေား တော်ဘုရား သား တော် ညောင်အုပ်မင်း သား အနာပဆုတ် ပေါက်၍ ကံ တော်ကုန်သည်ကို မင်း သား ကြီး တို့ကံကုန်ရာသဂြိုဟ်သည့်နည်း အခန်း အနား နှင့်သဂြိုဟ် စေ။

14 September 1859

သက္ကရာဇ် ၁၂၂၂ ခု တော်သလင်း လပြည့်ကျော် ၁၅ ရက် နေ့တွင်ပြန်။

( မကွေး     လှစါစု )

တလုတ်မြို့စီရင်စု ကြော့စည်ရွာကသွင်း သင့်အခွဲအခွန်ဘိုး ငွေအနက် ပုဏ္ဏားပညာရှိ သီရိပဏ္ဍိတမဟာဓမ္မရာဇဂုရု၊ မဟာသီရိပဏ္ဍိတရာဇဂုရုတို့ကို တနှစ်လျှင် ငွေ ၃၀ စီသနား တော်ခံစေ။

(သက္ကရာဇ်) ၁၂၂၁ ခုသတင်း ကျွတ်လပြည့်ကျော် ၆ ရက်နေ့နား ခံမင်း 17 October 1859
ထင်ရာဇသီဟသူတွင်ပြန်။

( အောင်ငြိမ်း စာစု )

ဘုန်း တော်အလွန်ကြီး မြတ် တော် မူလှ သော ရေ မြေအရှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အရှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်။ ယောမြို့စား ကိုအတွင်း ဝန်ခန့် တော် မူသည်။ သို့ခန့် တော် မူ ကြောင်း လည်း ယောမြို့စား သည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရို သေစွာအမှုဆောင် ကို ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက် သော ကြောင့်အမည် နေရာ အဆောင်အရွက်အထိုက်အလိုက်သနား ပြုစု တော် မူသည့်အတိုင်း အမှု တော်ကိုမ သွေမဖီ ကြိုး စား အား ထုတ် စိတ် ပါကိုယ် ပါထမ်း ရွက် စီရင်ရသည်။ စီရင်ခင်း စီရင်ဘွယ်အလုံး စုံကိုလည်း ကျွမ်း သိနား လည်သသူအထူး သဖြင့်ယုံမှတ်သနား တော် မူသည့်ကျွန် တော် မျိုး ဖြစ် သော ကြောင့်အတွင်း ဝန်ခန့် တော် မူသည်။ အတွင်း ဝန်ဆိုသည့်အရာသည်ငါအချုပ် ကေရာဇ်မင်း မြတ်တို့တွင်အတွင်း တော်စီရင်ဘွယ်စီရင်ခင်း မှစ၍ပြည် ရေး ရွာ မှု အလုံး စုံကိုကုန်တွင် ပြေလည် အောင် လျှောက်ထား ပြန်ဆိုစီရင်ရသသူဖြစ်သည်။ ဓမ္မဝတ် ရာဇဝတ် လောကဝတ်အကြောင်း သုံး ပါး ကိုကျွမ်း သိနား လည်သည်နှင့်အညီ ရှေးအတွင်း ဝန်တို့စီရင်ခန့်ထား သည့် ရှေ့နန်း ရိုး ထုံး စံကို ထောက်၍ခန့်ထား စီရင်။

18 October 1859

သက္ကရာဇ် ၁၂၂၁ ခုသတင်း ကျွတ်လပြည့် ကျော် ၇ ရက် နေ့တွင်ပြန်။

( မကွေး လှ စါစု )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ကမ္ဘာတည်ဦး ကာလကပါတို့ဘုရား အလောင်း တော်မဟာသ
မတမင်း အား ဇမ္ဗူ( ဒိပ် )ကျွန်း သူလူအပေါင်း တို့ဆက်ဘို့တဘို့ဆယ်နိုင်တနိုင် ပေး
ဆက်ပါမည်အညီအညွတ် လျှောက်ထား ကြ၍ ရူသင်း သုံး လုံး ဖြင့်အဘိသိက်သွန်း လောင်း
ကုန်သဖြင့်မင်း အဖြစ်ယူကြောင်း ကိုကျမ်း ဂန်လာရှိသည့်အတိုင်း တိုင်း နေပြည်သူ
လူအပေါင်း တို့ကဆယ်ဘို့တဘို့ဆယ်နိုင်တနိုင်အခွန် ပေးဆက်သည်ကိုခံယူခြင်းသည်ဘူမိပါလ
ဖြစ်သော ဧကရာဇ် မင်းမြတ်တို့ကျင့် ဆောင်မြဲရာဇဓမ္မသင်္ဂဟတရား မူလအမြစ်ဖြစ်သည်
ကို ထောက် တော်မူ၍ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ရှေး ဘုရား အလောင်း
တော်မင်း ကောင်း မင်း မြတ်တို့ကဲ့သို့တရား နှင့်အညီတိုင်း ပြည်နိုင်ငံအလုံး ကို
သိမ်း မြန်း စိုး အုပ် တော်မူသည့်သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်း မြတ်ဖြစ်
တော်မူသည့်အတိုင်း နိုင်ငံ တော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ များ ကဆက်သွင်း
သည့်အခွန်ဘဏ္ဍာ တော်များ မှာ ရှေး ပေး ဆက်ရိုး ထုံး စံအတိုင်း ဆယ်ဘို့တဘို့ဆယ်
နိုင်တနိုင်သာအဆက်အသခံ တော်မူလိုသည့်သမာဆန္ဒ ရှိ တော်မူသည်၊ နောက်နှစ်
ကာလရှည်ကြာ၍ဆယ်ဘို့တဘို့ဆယ်နိုင်တနိုင် မကျ ပိုမိုတိုး ပွါး ၍ဆက်သကြသည်များ ကို
ရွှေနှလုံး တော်မြတ်နှစ်သက် တော်မမူ၊ ထုံး စံရှိသည့်အရာလည်း တရား နှင့်အ
ညီအစဉ်အဆက်လာသည့်ထုံး စံကိုသာလိုက်နာကျင့် ဆောင်မှယခုပစ္စုပ္ပန်သံသရာအ
ကျိုး နှစ်ပါး ပွါး များ ၍ပြည်သူသတ္တဝါအပေါင်း တို့ချမ်း သာခြင်း အကြောင်း ဖြစ်
သည်ကို ထောက် တော်မူ၍ နိုင်ငံ တော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ များ မှာ မြေ
ရေအဆီအခွန်ဆိပ်တည်ပွဲခင်း ကူး တို့မြို့ရွာအခွန်ကွမ်း ဘိုး မှစ၍ ကောက်ခံမြဲရှိ
သည်များ ကိုဆယ်ဘို့တဘို့ဆယ်နိုင်တနိုင်ကျသာ ကောက်ခံဆက်သွင်း စေ၊ အပိုအမို
ကောက်ရိုး ကောက်စဉ်ရှိသည်ဆို၍ မကောက်မခံမဆက်မသွင်း စေနှင့်၊ ဆယ်ဘို့
တဘို့ဆယ်နိုင်တနိုင်သင့်ပြင် ရွှေလက်ထက် တော်မှာပိုမို ကောက်ခံရှိလျှင်ကုန်စင် အောင်
သိမ်း ၍ နိုင်နင်း အောင်မြစ်၊ ဝန်တို့မှာဆင့်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်ကျေး
ဇူး သစ္စာ တော်မြတ်ရှိသည့်အတိုင်း အခွန်ဘဏ္ဍာ တော် ကောက်ခံဆက်သွင်း ရန်ရှိ
သည်များ ကို ရှေး ကမ္ဘာတည်ဦး မဟာသမတမင်း မှစ၍မင်း ကောင်း မင်း

မြွတ်တို့ခံယူသည့်ထုံး စံနှင့်မှန်ကန်ညီညွတ်၍ဆက်သွင်း ရိုး ဥပဒေကျန အောင်ဆင့်ဆိုစီရင် ကောက်ခံ၊ ဆက်သွင်း ရန်စာရင်း ကိုလည်းဂုံတား ၍ဆင့်၊ မြို့ဝန်စစ်ကဲမြို့ရွာသူကြီး ရာဇဝတ်အအုပ်အထိန်း ခန့်ထား သူတို့သည်မြို့ ကျေး ရွာ နေလူတို့မှာရာဇဝတ်အပြစ်အလျောက် သေပြစ်သေဒဏ်ထိုက်သူတို့ကိုသာအသက်ဆုံး ရှုံး အောင်စီရင်သင့်သည်ကိုရာဇဝတ်အလေး အပေါ့ကိုမထောက်သတ်ဖြတ်လိုလျှင် သေပြစ်သေဒဏ်ရာဇဝတ်မှုဖြစ် အောင်အစစ်ခံချက်ပြုလုပ်၍ စိတ်အလိုရှိရာစီရင်ကြ ကြောင်းများ နှင့်ရွှေနား တော်မြတ်ကြား သိတော်မူရသည်၊ သူခိုး ထား ပြမှစ၍ သေပြစ်သေဒဏ်ထိုက်သူတို့ကိုအလျောက်အသက်ဆုံး ရှုံး အောင်မစီရင်ကြစေနှင့်၊ သေပြစ်သေဒဏ်ရှိသူတို့ကိုဘမ်း ဆီး ရမိလျှင်ဘမ်း ဆီး ရမိသူတို့စာရင်း နှင့်စစ်မေးထွက်ဆိုချက်များ ကို ရွှေလွှတ်တော်ကို လျှောက်ထား စေ၊ လက်ရောက်နှုတ်လွန်အိမ်မှုမှစ၍တရား တဘောင်ဖြစ်ပွါး ကြသည်များ မှာမြို့ဝန်မြို့အုပ်သူကြီး ကလံတို့ ရှေ့ရွှေလက်ထက် တော်ထုတ်ပြန် တော်မူသည့်အမိန့် တော်တမ်း အတိုင်း သာ ကြေး ငွေမတောင်း မခံမစား မယူ၊ ပိုမို တောင်း ခံစား ယူကြ ကြောင်း များ နှင့် ရွှေနား တော်မြတ်ကြား သိတော်မူသည်၊ အပိုအမိုမတောင်း မခံမစား မယူစေနှင့်၊ လက်ရောက်နှုတ်လွန်မှုအိမ်မှုများ မှာ လျော်ကြေး ၁။ လျှင်၁ဝိသာစား ယူကြစေ၊ လင်ကွာမယား ကွာအမှုမှာ လျော်ကြေးမထွက်သည်ကိုခွဲဝေယူသည့်ငွေကိုအစွဲပြု၍ဆယ်ခိုင်စား မယူစေနှင့်၊ အမိန့် တော်တမ်း အတိုင်း ဥာဏ်ပူဇော်ရေး လုပ်ထွက်ကိုသာစား ယူစေ၊ အမွေမှုမှာမြို့ရွာအစိုး ရတို့စီရင်၍ပြီး ပြတ်သည့်အမှုကိုသာခိုင်စား ယူစေ၊ အမွေစား သား ချင်း တို့အလျောက်ခွဲဝေပြီး ပြတ်သည့်အမှုစုံရာတို့စီရင်ပြီး ပြတ်သည့်အမှုများ မှာခိုင်စား ဆို၍မတောင်း မယူစေနှင့်၊ ဆိုင်ရာမြို့ဝန်သူကြီး ကလံတို့ထံစွဲဆိုစီရင်သည့် နောက်သား ချင်း တို့ဖြစ်စေစုံရာလူဖြစ်စေစီရင်ပြီး ပြတ်သည့်အမှုများ မှာခိုင်စား တဝက်ကိုသာစား ယူစေ၊ လယ်ယာမြေရောင်း ဝယ်မှုများ မှာလည်း မြေတိုင်သူကြီး တို့ကအဘိုး ၁။ လျှင်ဒွိကျသာယူစေ၊ ပိုမို၍မတောင်း မယူစေနှင့်၊ ကြွေး မြီ တောင်း ခံမှုများ မှာလည်း မြီစား မပြောင်ကွယ်ကန်၍စီရင်ချက်ဖြတ်စာနှင့်ပြီး ပြတ်ရလျှင်မြီစား ကသာခိုင်စား ပေး ဆောင်စေ၊ မြီရှင်မှာမတောင်း မယူစေနှင့်၊

မြီစား မကွယ်မဖြောင့်အမှန်ထွက်ဆိုလျှင် တောင်း ခံရသည့်အမှုများ မှာ ဒိုင် စား မတောင်း မယူစေနှင့်၊ ရေး လုင်ထွက်ကိုသာအမိန့် တော်တမ်း အတိုင်း တောင်း ခံစား ယူ စေ၊ အမိန့် တော်ကိုမတည်ပို မိုစား ယူလျှင်စား ယူသူတို့ကို ရာဇဒဏ်စီရင်။

10 May 1860

သက္ကရာဇ် ၁၂၂၂ ခုကဆုန်လပြည့် ကျော် ၆ ရက် နေ့နံ နက်ညီလာခံအစဲလွှတ် တွင်နား ခံ ပြေ ၁့ကြီး မှူး မင်း လှမင်း ကျော်တွင်ပြန်။

(<u>အုပ်ချုပ်ပုံ</u>၊ စ၊ ပိုဒ် ၅၁၃ (၇)၊ စာ ၂၆၀ – ၁၊ <u>ရေစကြိုခုံ တော်ဖြတ်ထုံး</u> ၊ ၁၉၇၃၊ စာ ၇၉ – ၈၀၊ မှန်တိုင်ပင်စာစု၊ မျိုး ကြည့်၊ ပု၊ ၃၇၉၊ <u>ကုန်း</u>၊ တ၊ ၁၉၆၆၊ စာ ၂၉၄ - ၂၉၅)

4 February 1861

သက္ကရာဇ် ၁၂၂၂ ခုတပို့တွဲလပြည့်ကျော် ၁ဝ ရက်နေ့ဘထွေး တော်မင်းတုန်းမင်းသား မဟာသီရိသုဓမ္မရာဇာ ကံတော်ကုန်သည့်အခမ်းအနား မှါဘကြီးတော်ဘုရားလက်ထက်ညီတော် တောင်ငူမင်း ကံကုန်ရာသင်္ဂြိုဟ်သည့်နည်း ၎င်း တော်အတွင်းသင်္ဂြိုဟ်တော်မူမည်၊ အခမ်းအနား ခန့်ထား စီရင်ရန်ရှိသည်များကိုပြီး ပြေအောင်စီရင်စေ။

4 February 1861

သက္ကရာဇ် ၁၂၂၂ ခုတပို့တွဲလပြည့်ကျော် ၁ဝ ရက်နေ့တွင်ပြန်။

7 February 1861

သက္ကရာဇ် ၁၂၂၂ ခုတပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့ ရှေ့သုံးတပ် နောက်သုံးတပ်ဝင်း တော်အခင်း အကျင်းနှင့်ပလါဝေါ်တော်စီး တော်မူ၍ဘုန်းတော်ကြီးလှသောဘုရားထွက်တော်မူပြီးလျှင်သင်္ဂြိုဟ်တော်မူသည်၊ အရိုးကိုမင်းတုန်းမင်းသား အထိန်း မြေး ၄ ပေါက်ကို ကောက်စေသည်။

(မကွေး လှစါစု)

ဆင်ဖြူရှင်မင်းတရား ၊ အနောက်အိမ်တော်၊ ပုခန်းမင်း ၊ ပင်းတလဲမင်း ၊ မြဝတီမင်း တို့ကဆက်နွယ်သည့်မင်းလှမင်းတင်၊ ငမှုံ၊ ငပွင့်၊ ငထွန်း ၊ ငစု၊ ငအို၊ ငအုံ၊ ငချို၊ ငဘိုမြတ်၊ ငဘိုတင်၊ ငပု၊ ငရွက်၊ ငပေ၊ ငအောင်သာ၊ ငရွှေသီး ၊ ငအိုး ၊ ငဘိုးမောင်၊ ငဘော၊ ငပြေ၊ ငချိပ်၊ ငချက်၊ ငမှန်၊ ငဖြစ်၊ ငကုလားဖြူ၊ ငကံ၊ ငလူကလေး ၊ ငကြီး ၊ ငကွေး ၊ ငထွန်း ၊ ငကြွယ်၊ ငလပ်၊ ငတေမောင်၊ ငတုတ်၊ ငဘိုးမောင်၊ ငတာ၊ ငစော၊ ငအိ၊ ငဘောပုတို့အရည်တူလူ၃၈ကိုမင်းလှမင်းတင်ကိုသွေးသောက်ကြီး ခန့်၍ ၄၀ တော်မင်းလှမင်းတင်မဟာသွေးသောက်ဘွဲ့၊ အသက်နေ့နံသားမယား ဦးရေစာရင်း ကျယ်ကိုသွင်း ၊ ဘေးတော်ဆဒ္ဒန်ဆင်မင်း သခင်မင်းတရားကြီး ဘုရားနန်းမတော်၊ ညီတော်ဦးရွှေရ၊ ယောက်ဘတော်မင်းရဲကျော်စွာ၊ ခယ်မတော်မယ်နှိုင်းစံ၊ နှမတော်မယ်မင်း တို့ကဆက်နွယ်သည့်မင်းလှငယ်၊ ငလူနီ၊ ငဘဲကြီး ၊ ငရွှေအိုး ၊ ငတုပ်၊ ငဂိုး ၊ ငဘို၊ ငရွှေညို၊ ငပါတူ၊ ငခြို၊ ငခို၊ ငချို၊ ငစို၊ ငအပ်၊ ငရွှေသီး ၊ ငဘိုးမောင်၊ ငလူ၊ ငရွှေဦး ၊ ငတေလေး ၊ ငဘိုအုံ၊ ငကွန်း ၊ ငဘ၊ ငရွှေလူ၊ ငဘိုးအို၊ ငချစ်လူ၊ ငပု၊ ငရွှေကြီး ၊ ငရွှေအိ၊ ငဘိုခင်၊ ငဘူး တို့အရည်တူလူ၃၀ ကိုမင်းလှငယ်ကိုသွေးသောက်ကြီး ခန့်၍ ၄၀ တော်မင်းလှငယ်မဟာသွေးသောက်ဘွဲ့၊ အသက်နေ့နံသားမယား ဦးရေစာရင်း ကျယ်ကိုလည်းသွင်း ၊ သတိုးသခ်သူကဆက်နွယ်သည့်ငကုလား ၊ ငမြိုင်၊ ငညွှာ၊ ငသဲ၊ ငနိုင်၊ ငဇ၊ ငကြီး ၊ ငလှိုင်း ၊ ငသိုင်း ၊ ငဘိုးမောင်၊ ငဝိုင်း ၊ ငရွှေအိုင်၊ ငရော၊ ငရွှေညွှင်း ၊ ငမျှင်၊ ငနှင်း ၊ ငပုံတို့အရည်တူလူ၁၇တို့ငကုလား ကိုသွေးသောက်ကြီး ခန့်၍ ၄၀ တော်ငကုလားမဟာသွေးသောက်ဘွဲ့၊ အသက်နေ့နံသားမယား ဦးရေစာရင်း ကျယ်ကိုလည်းသွင်း ၊ သတိုးသခ်သူကဆက်နွယ်သည့်မင်းရဲကျော်ခေါင်၊ ငကုလား ၊ ငဘဲ၊ ငပုံ၊ ငဘိုးဦး ၊ ငဘိုးမြ၊ ငပို၊ ငကြီးအို၊ ငအို၊ ငပို၊ ငဘော်၊ ငလူကြီး ၊ ငလွှား ၊ ငတာ၊ ငပိန်၊ ငမြင်၊ ငဘောပု၊ ငစံထွန်း ၊ ငဘဲ၊ ငကလေး ၊ ငဘိုးမောင်၊ ငလွှာတို့အရည်တူလူ၂၂ကိုမင်းရဲကျော်ခေါင်ကိုသွေးသောက်ကြီး ခန့်၍ ၄၀ တော်မင်းရဲကျော်ခေါင်မဟာသွေးသောက်ဘွဲ့၊ အသက်နေ့နံသားမယား ဦးရေစာရင်း ကျယ်ကိုလည်းသွင်း ၊ နှမတော်မယ်ဝင်း ၊ ဘထွေးမင်းညိုသူ၊

ခယ်မတော်မယ်စီ၊ သမီး မယ်လွမ်း စတို့ကဆက်နွယ်သည့်မင်း တင်မင်း ကျော်၊
ငကြီး ၊ ငနိုင်၊ ငစ၊ ငညို၊ ငမိတ်၊ ငမောက်၊ ငလူကလေး ၊ ငဘိုကြီး ၊ ငသိမ်း ၊
ငဘိုး မောက်၊ ငကြီး ၊ ငဘိုး ကြီး ၊ ငရို၊ ငဆို၊ ငကလေး ၊ ငကျယ်၊ ငဆန်း ၊ င
ကြီး ၊ ငရွှေညွှင်း ၊ ငစညွှန့်၊ ငကြာဘူး ၊ ငကြာဘွင့်၊ ငစိန်၊ ငလူညို၊ ငလူ၊ င
ဘိုး ထယ်၊ ငဘိုဦး တို့အရည်တူလူ၂၈ ကိုမင်း ထင်မင်း ကျော် သွေး သောက်ကြီး
ခန့်၍ မဟာ ၄၀ တော်မင်း ထင်မင်း ကျော်မဟာ သွေး သောက်ဘွဲ့၊ အသက် နေ့နံ
သား မယား ဦး ရေစာရင်း ကျယ်ကိုလည်း သွင်း ၊ ဘကြီး တော်မင်း ညိုထင်၊
သား မင်း ကျော် ရွှေထီး ကဆက်နွယ်သည့်င ိုမင်း ၊ ငလပ်၊ ငသန့်၊ ငဘိုဦး ၊
ငအေး ၊ ငမြ၊ ငကြီး ၊ ငလပ်၊ ငထွန်း ၊ ငဘိုကြီး ၊ ငတုပ်၊ ငသာစည်၊ ငဘို
မင်း ၊ ငဘိုး သိမ်း ၊ ငသော်တာ၊ ငလွန်း ၊ ငဘိုကာ၊ ငညွှာ၊ ငစ၊ ငဘတို့
အရည်တူလူ၂၀ကိုငဘိုး မင်း သွေး သောက်ကြီး ခန့်၍ ၄၀ တော်ငဘိုး မင်း မဟာ
သွေး သောက်ဘွဲ့၊ အသက် နေ့နံသား မယား ဦး ရေစာရင်း ကျယ်ကိုလည်း သွင်း ၊
ဘေား တော်မင်း တရား မြောက်နန်း တော်ကဆက်နွယ်သည့် နေမျိုး နန္ဒ ကျော်ထင်၊
ငညွှန့်၊ ငဘဲ၊ ငမြစ်၊ ငရွှေဆွဲ၊ ငစာဦး ၊ ငအေး ၊ ငခို၊ ငလပ်၊ ငအို၊ ငချို၊
ငဘို၊ ငမိုး ၊ ငစ၊ ငဘို၊ ငချို၊ ငဘိုး မင်း ၊ ငစ၊ ငနှံ၊ ငပုလေး ၊ ငတင်၊ င
စံလှတို့အရည်တူလူ၂၂ ကိုနေမျိုး နန္ဒ ကျော်ထင်ကို သွေး သောက်ကြီး ခန့်၍ ၄၀ တော်
နေမျိုး နန္ဒ ကျော်ထင်မဟာ သွေး သောက်ဘွဲ့၊ အသက် နေ့နံသား မယား ဦး ရေ
စာရင်း ကျယ်ကိုလည်း သွင်း ။

(သက္ကရာဇ်) ၁၂၂၂ ခုတပေါင်း လပြည့်ကျော် ၁၀ ရက် [5 March 1861] နေ့နား ခံမင်း လှ
သီရိ ကျော်တင်ထွင်ပြန်။

( တောင်ခွင်စါစု )

6 April 1861

သက္ကရာဇ် ၁၂၂၂ ခု နှောင်း တန်ခူး လပြည့်ကျော် ၁၂ ရက် နေ့ လမိုင်း ဝန်ယည်ပုံ လှေအုပ်မင်း လှမင်း ကျော်သီရိကို ( ငစဉ့်ကူး မြို့ဝန်ခန့်ရာတွင် ) လည်း ( အထက်မြို့ဝန်ခန့်ပြန်တမ်း နည်း ) ပြန်သည်။

( မှီး ကြည့်၊ ပု၊ ၆၁၈ )

(I3 April I86I)

# ဝန်ကြီးတို့ပြည့်စုံရန်ဥပဒေဘုရား*

၁။ အဂတိ လေးပါး၊တန်ဆိုးသုံးပါးသို့မလိုက်မူ၍အမှုခပ်သိမ်းကိုစီရင်ဆုံးဖြတ်ခြင်း။

၂။ အမှုခပ်သိမ်းကိုဆုံးဖြတ်နိုင်သောဝိနိစ္ဆယပညာနှင့်ပြည့်စုံခြင်း။

၃။ ကြီးသည် အမှုကို ငယ်အောင် ငယ်သည်အမှုကို ပလပ်ပြေငြိမ်းအောင် မခဲ့မထွင် အလျင်အမြန် ဆုံးဖြတ်စီရင်ခြင်း။

၄။ အသျှင်မင်းကြေရာင်အကျိုးစီးပွါး၊ပြည်သူသတ္တဝါတို့အကျိုးစီးပွါး၊ သာသနာတော်အကျိုးစီးပွါးဖြစ်ထွန်းရာသည်ကိုမပြတ်မလပ်မေးမြန်းတိုင်ပင်ဆင်ခြင်ကြံစည်လေ့ရှိခြင်း။

၅။ နေပြည်တော်မှစ၍နိုင်ငံတော်အတွင်းအနီးအဝေးမြို့ကျေးရွာများကို မပြတ်မလပ်လူစေလွှတ်ထောက်လှမ်း၍မြို့ကျေးရွာမှုကိုကြားသိထင်မြင်အောင်ပြုလေ့ရှိခြင်း။

၆။ မြို့ရေးရွာမှုမတော်မသင့်သည်ကိုကြားသိလျှင်၊ဆောဆောလျင်လျင်နိုင်နင်းအောင်နှိပ်ကွပ်ဆင့်ဆိုခြင်း။

၇။ နိုင်ငံတော်အတွင်းအရံမြို့ရွာနှင့်တကွ အကျည်းအကျယ်နယ်ပယ်စခန်းလမ်းပေါက် လမ်းဝများကို ကျွမ်းသိလိမ္မာခြင်း။

၈။ နိုင်ငံတော်အတွင်းသိမ်းခံမြဲအခွန်အထုတ်အသစ်တိုးပွါးရန် အခွန်အတုတ်များကို မကြွင်းမကျန်မလစ်မလပ်စေရအောင်မပြတ်ကြံစည်လေ့ရှိခြင်း။

၉။ ဘဏ္ဍာတော်အရာတော်နှင့်စပ်သည်များကို မပျောက်မပျက် အတိမ်အမြုပ်မရှိစေရ၊ ကိုယ့်စီးပွါးကိုစောင့်ဆောင်သည်ထက်အဆဆသာလွန်ပိုမို၍ကြည့်ရှုစောင့်ဆောင်ခြင်း။

၁၀။ အစွန်အဖျားဖြစ်သောမြို့ရွာများမှာ၊ ပျပ်ဝပ်ပြီးကျေးရွာကိုသာယာစည်ပင်အောင် မပျပ်ဝပ်သေးသည့်ကျေးရွာကိုလည်းတစတစသိမ်းပိုက်နိုင်အောင်မပြတ်ကြံစည်လေ့ရှိခြင်း။

၁၁။ အစုအမှုထမ်းလူတို့ကိုတနေ့တပါးအင်အားဖြစ်ထွန်းအောင်သဘောထားပြီးလျှင် မျိုးရိက္ခာမပြည့်စုံသည်ကိုပြည့်စုံအောင်တင် လျော့က်မစခြင်း၊ ပြည့်စုံသူ တို့ကိုလည်း တနေ့တပါး အင်အားဖြစ်ထွန်းအောင် မစကြည့်ရှုခြင်း။

၁၂။ အသည်အလာတို့ကို မြို့ရွာအကြီးအအုပ်တို့ကနှိပ်စက်ညှင်းပန်းမရှိစေရ။ စီးပွါး ဖြစ်ထွန်း သာယာငြိမ်ဝပ်အောင်သာစောင်မကြည့်ရှုလေ့ရှိခြင်း။

၁၃။ အမြောက်သေနတ်မှစ၍ လက်နက်ကရိယာမျိုးကိုအလိုရှိတိုင်းပြည့်စုံအောင်ပြင်ဆင်အသင့်ရှိစေခြင်း။

၁၄။ အလိုတော်မြဲ့မရှိသည်ကြေးငွေလပ်ပန္နာစားယူမှုကို မျက်မှောက်မျက်ကွယ်မခြားမစားမယူ ရှောင်ကြည်နိုင်ခြင်း။

၁၅။ ခပ်သိမ်းသောစီရင်ခင်းစီရင်ဘွယ်ဟူသမျှတို့ကို မည်သည့်အရာမှာ အလိုတော်မည်သို့ရှိသည်၊ မည်သည့်အရာမှာအကျိုးတော်ဖြစ်ထွန်းရန်မည်သို့ရှိသည်များကိုသာချင့်ထောက်စဉ်းစား၍အလိုတော်မြတ်နှင့် ညီအောင်အကျိုးတော်ဖြစ်ထွန်းအောင်ကိုသာစီရင်လေ့ရှိခြင်း။

၁၆။ စီရင်ခင်းစီရင်ဘွယ်အမှုကိစ္စတို့နှိုက်သာမွေ့လျော်သောစိတ်ရှိခြင်း။

၁၇။ အမှု အရှုပ် အထွေး မပုပ်မဆွေး မကြန့် မကြာ စေရ ပြီးပြတ် လွယ်အောင် နေ့စည် လွှတ်တက်၍ စီရင်ဆုံးဖြတ်ခြင်း။

၁၈။ ရေတော်သို့ဝင်ထွက်ခစားရန်အမှု၊ လွှတ်တက်ရန်အမှု၊ တိုင်းရေးပြည်ရေးသာသနာတော်ရေးကို ညီနှိုင်းတိုင်ပင်ရန်အမှုများကိုမပျင်းမရိမမေ့လျော့သူမတူတန်အားထုတ်လုံးလပြုခြင်း။

* အမျိုးသားစာကြည့်တိုက်၊ကင်းဝန်စာစုံပုရပိုက် ၂၃၃၊ BBHC I 11 Dec. I960, 257-258

ငါအရှင်ကေရာဇာမင်းမြတ်အမိန့်တော်ရှိသည်၊ ကမ္ဘာတည်ဦးကာလ ငါတို့ဘုရား အလောင်း မဟာသမ္မတမင်း အား ဇမ္ဗူဒိပ်ကျွန်း သူလူအပေါင်း တို့ဆယ်ဘို့တဘို့ဆယ် နိုင်တနိုင်ပေး ဆက်ပါမည်အညီအညွှတ် လျှောက်ထား ကြ၍ ခရုသင်း သုံး လုံး ရေဖြင့် အဘိသိက်သွန်း မြှောက်ကုန်သဖြင့်မင်း အဖြစ်ယူ ကြောင်း ကိုကျမ်း ဂန်လာရှိသည့် အတိုင်း တိုင်း နေပြည်သူလူအပေါင်း တို့ကဆယ်ဘို့တဘို့ဆယ်နိုင်တနိုင်အခွန်တော်ပေး ဆက်သည်ကိုခံယူခြင်း သည်ဘုမိပါလဖြစ်သောကေရာဇာမင်း မြတ်တို့ကျင့်ဆောင်မြဲရာ ဇမ္မသင်္ဂဟတရား မူလအစစ်ဖြစ်သည်ကို ထောက်၍ ငါအရှင်ကေရာဇာမင်း မြတ်သည် လည်း ရှေး ဘုရား အလောင်း မင်း ကောင်း မင်း မြတ်တို့ကဲ့သို့တရား နှင့်အညီ တိုင်း ပြည်နိုင်ငံအလုံး ကိုသိမ်း မြန်း အုပ်ချုပ်စိုး စံတော်မူသည့်သာသနာ့ဒါယကာ မဟာဓမ္မရာဇာတရား မင်း မြတ်ဖြစ်တော်မူသည့်အတိုင်း နိုင်ငံတော်အတွင်း အ ရပ်ရပ်မြို့ကျေး ရွာများ ကဆက်သွင်း သည့်အခွန်ဘဏ္ဍာတော်များ မှာ ပေး ဆက် ရိုး ထုံး စံအတိုင်း ဆယ်ဘို့တဘို့ဆယ်နိုင်တနိုင်သာအဆက်အသခံတော်မူလိုသည့်သမ္မာ ဆန္ဒရှိတော်မူသည်၊ နောက်နှစ်ကာလရှည်ကြာ၍ဆယ်ဘို့တဘို့ဆယ်နိုင်တနိုင်မကျပိုမို တိုး ပွါး ဆက်သကြသည်များ ကိုရွှေနှလုံး တော်မြတ်နှစ်သက်တော်မမူ၊ ထုံး စံဆိုသည့် အရာလည်း တရား နှင့်အညီအစဉ်အဆက်လိုသည့်ထုံး စံကိုသာလိုက်၍ကျင့်ဆောင်မှ ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး ပွါး များ လျက်ပြည်သူသတ္တဝါအပေါင်း တို့ချမ်း သာ ခြင်း အကြောင်း ဖြစ်သည်ကို ထောက်တော်မူ၍ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာများ မှာ မြေရေအဆီအခွန်ဆိပ်တည်ပွဲကင်း ကူး တို့မြို့ရွာအခွန်တွမ်းဘိုး မှစ၍ ကောက်ခံမြဲရှိသည်များ ကိုဆယ်ဘို့တဘို့ဆယ်နိုင်တနိုင်ကျသာ ကောက်ခံဆက်သွင်း စေ၊ အပိုအမို ကောက်ရိုး ကောက်စဉ်ရှိသည်ဆို၍ မကောက်မခံမဆက်မသွင်း စေ နှင့်၊ ဆယ်ဘို့တဘို့ဆယ်နိုင်တနိုင်သင့်ပြင်ရွှေလက်ထက်တော်ပိုမိုကောက်ခံရှိလျှင်ကုန် စင်အောင်သိမ်း၍ နိုင်နင်း အောင်မြစ်၊ ဝန်တို့မှာ ငါအရှင်ကေရာဇာမင်း မြတ် ကျေး ဇူး သစ္စာတော်မြတ်ရှိသည့်အတိုင်း အခွန်ဘဏ္ဍာတော်ကောက်ခံဆက်သွင်း ရန် ရှိသည်များ ကိုရှေး ကမ္ဘာဦး မဟာသမ္မတမင်း မှစ၍ မင်း ကောင်း မင်း မြတ်တို့ ခံယူသည့်ထုံး စံနှင့်အညီမှန်ကန်ညီညွှတ်ဆက်သွင်း ရိုး ဥပဒေကျအောင်ဆင့်ဆိုစီရင်။

(သက္ကရာဇ် ၁၂၂၃ ခုကဆုန်လဆန်း ၇ ရက်နေ့ပြန်) (15 April 1861)

(ကုန်း၊ ဘော၊ ၁၉၆၇၊ စာ၂၉၄-၅)

မင်းသတိုး မင်းကြီး မဟာမင်းလှသီဟသူ၊ မင်းသတိုး မင်းကြီး မဟာမင်းလှ
ကျော်သူ၊ မင်းသတိုး မင်းကြီး မဟာမင်းလှစည်သူ မှာလိုက်သည်၊ အမြင့်မြို့ဝန်
မင်းလှမင်းခေါင်သူရိန်၊ ရဟန်းသံဃာတို့ ဥပုသ်ပဝါရဏာ ဝါဆိုဝါကပ်မှစ၍ သံဃာ
ကိစ္စကံကြီး ကံငယ် ဆောင်ရွက်ရန်ရှိသည်များမှာ ရေမြေကိုအစိုးရတော်မူသော
မင်းဧကရာဇ်ကိုအမှီပြု၍ ရွက်ဆောင်ကြရသည်၊ ငါအရှင်ဧကရာဇ်မင်းမြတ်သည်
ရှေးဘေား လောင်းတော်ဘိုး လောင်းတော်ဘုရား အလောင်းမင်းကောင်း
မင်းမြတ်တို့ကဲ့သို့ ရာဇဓမ္မစသောမင်းတို့ကျင့်ရာသောတရားအပေါင်းကိုဖြည့်
ကျင့်ရွက်ဆောင်တော်မူလျက် ရာဇာဘိသေက မုဒ္ဓဘိသိက်ကိုသွန်းခံတော်မူပြီးလျှင်
သာသနာတော်ရေး သာသနာတော်မှုကိုမြတ်သော သမာဆန္ဒဥဿဟတော်ဖြင့်
ချီးမြှင့်ပြုစုတော်မူ၍ ရဟန်းရှင်လူပြည်သူသတ္တဝါအပေါင်းတို့အား တရားနှင့်အညီ
ထိန်းသိမ်းစောင့်ရှောက်စိုးအုပ်တော်မူသည်၊ သက္ကရာဇ်နေလအခါအဝေါ
အမှတ်အသားများမှာလည်း ဝိဝဋ္ဋဒွါရိကမှာ ပေါစ နေလနက္ခတ်ကိုစွဲမှတ်၍ ဥ
တုသမယ ဒိဝမာသသံဝစ္ဆရဖြစ်သည်၊ နေ့ရက်အခါအဝေါမှန်မှ ရဟန်းသံဃာ
တော်တို့ ဥပုသ်ပဝါရဏာ ဝါဆိုဝါကပ်ဆုံးဖြတ်ခြင်း ဘာသံဋ္ဌိစ သောလစောင့်နက္ခတ်
ညီညွတ်သဖြင့် ဥတုရတု ဖြောင့်မှန်လျှက်သန့်ရှင်း စင်ကြယ်ရသည်၊ ပညာရှိတို့က သက္က
7 June 1861 - 6 July 1861
ရာဇ် ၁၂၂၃ ခု ပထမဝါဆိုလ ရက် ၃၀၊ ဒုတိယဝါဆိုလ ရက် ၃၀၊ နှစ်လ ရက်စုံသတ်၍
7 July 1861 - 5 August 1861
ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ရဟန်းသံဃာတော်တို့ ပုရိမဝါကပ်သင့်ကြောင်း
နှင့် သံတော်ဦးတင်ချက်အတိုင်း ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်း
22 July 1861
သုံးနေသည့် ရဟန်းသံဃာတို့ သက္ကရာဇ် ၁၂၂၃ ခု ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့
တညီတညွတ် ပုရိမဝါကပ်ဆိုမည့်အကြောင်း နှင့်ဝန်တို့က သာသနာပြုဆရာတော်ဘုရား
မှာ လျှောက်ထားစေ၊ အဲ ဝေး မြို့ဝန်၊ စစ်ကဲ စော်ဘွား၊ မြို့စား၊ မြို့သူကြီးတို့
18 April 1861
ကိုစေနှံ့အောင်မှာ၊ သက္ကရာဇ် ၁၂၂၃ ခု ကဆုန်လဆန်း ၁၀ ရက်နေ့ ဘုရားအမိန့်
တော်မြတ်ကိုဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ပြန်ဆိုမှာထားစေ၊ ဘုန်းတော်
အလွန်ကြီးမြတ်တော်မူလှသော ဘုရားညီတော်အိမ်ရှေ့မင်း အမိန့်တော်ကိုဦးထိပ်
ရွက်ရသည်ဖြစ်၍ အမိန့်တော်မှာစာပေးအပ်လိုက်သည် ရောက်လျှင်ဝန်စုမြို့ရွာနယ်
တွင်သီတင်းသုံးနေသည့် ရဟန်းသံဃာတော်တို့ တညီတညွတ်တည်း သက္ကရာဇ် ၁၂၂၃ ခု

18 April 1861

ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ပူရိမဝါကပ်ဆိုမည့်အကြောင်း နှင့် လျှောက်ထား စေမြို့ဝန်သူကြီး ခေါင်း အကြီး တို့ကိုလည်း စေနှံ့ အောင်ဆင့်ဆို၍အမိန့်တော်မြတ် ရင်း နှင့်အညီ ခေါ်ကျင့်ဆောင်မှတ်သား စေရမည်။

( မင်း ရဲအမြင့်စာစု )

သပြေငါး ရွာစား မဟာမင်း ကျော်စည်သူကိုအလုံမြို့ဝန်ခန့်။

12 October 1861

သက္ကရာဇ် ၁၂၂၃ ခုသတင်း ကျွတ်လဆန်း ၉ရက် နေ့နား ခံ ပြော့ကြီး မှူး မင်း လှမင်း ကျော်ထွင်ပြန်။

( မှူး ကြည့်၊ ပု၊ ၆၃၃ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဋ္ဌန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အရှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်သား တော်အစဉ် မြေး တော်
အဆက်မြစ် တော်အဆွန့်အဖွန့်ရှည်စွာသာသနာ တော်အကျိုး စီး ပွါး ပြည်သူသတ္တဝါ
အ ပေါင်း တို့၏အကျိုး စီး ပွါး ဖြစ်ထွန်း စေခြင်း ငှါသိုက်ခါတ်နိမိတ်နှင့်အညီသာသ
နာ တော် ၂၄၀၀သက္ကရာဇ်၁၂၁၈ခုနှစ်ထီး နန်း မြို့ပြမြို့၏အင်္ဂါရဌာင်ရပါး နှင့် 1856
တကွရဒ္ဒါနကိုတပြိုင်နက်တည်း ထောင်စံ နေ တော်မူသည်၊ မန္တလေး ရတနာပုံ
ရွှေမြို့ တော်ကြီး သည်ကပ္ပိလဝတ်ပြည်ကြီး ကဲ့သို့သာသနာ တော်စည်ပင်ထွန်း လင်း
ရာသုနာပရန်တမ္ဗဒီပစ သောတိုင်း ကြီး ပြည်ကြီး တို့၏အချက်အချာမ ရေမတွက်
နိုင် သော ဗိုလ်ပါရဲမက်နိုင်ဖြိုး များ ပြား လျက်ရန်အ ပေါင်း ကိုအလွယ်တကူနှိမ်နင်း
သုတ်သင် အောင်မြင်နိုင်သဖြင့်အစဉ်ဒွါဝရသာသနာ တော်စည်ပင်ဖြစ်ထွန်း မည်
ကိုရွယ်ရည် တော်မူ၍မန္တလေး ရတနာပုံ ရွှေမြို့ တော်ကြီး သမုတ်ပြဌာန်း တော်မူ
သည့်နယ် မြေသည်အ ရှေ့ တောင် ထောင့်အလါး ရွှေစာရံဘုရား အ ရှေ့သမ္ဗရာ
ချောင်း မြစ်ငယ်အဆုံ မြစ်ငယ် မြောက်ဘက်ကမ်း ထိတဘက်မဏ္ဍရာမြို့နယ် မြေနှင့်
အခြား ၊ ၎င်း ကအ နောက်မြစ်ငယ် ကောက် ကောက်စင်း စင်း မြောက်ဘက်ကမ်း
ရေစကို လျှောက်၍ ရွှေမြို့ တော်ကအ နောက် တောင် ထောင့်မြစ်ငယ်ဧရာဝတီအဆုံ
မြစ်ငယ် မြောက်ဘက်ကမ်း ထိ ၎င်း က မြောက်ကို ရွှေကြက်ကျဘုရား ရောက်ဧရာဝ
တီ ကောက် ကောက်စင်း စင်း အ ရှေ့ဘက်ကမ်း ကို လျှောက်ပြီး လျှင်ပြည်လုံး အံ့ လှော်
ကား တော်စား ကျွန်း ၊ ယည် တော်ကျွန်း ၊ ရှမ်း ကလေး ကျွန်း ၊ ကုန်း သာကျွန်း ၊
အ နောက်ဘက် ရေစကို လျှောက်၍ဧရာဝတီအ ရှေ့ဘက်ကမ်း သရက် မော်ထိ ၎င်း က
မြောက်ကိုဧရာဝတီအ ရှေ့မြစ်ကိုကူး ၍ မလ္လကာကျွန်း ၊ အာ လောင်ကျွန်း ၊ အ နောက်
ဘက် ရေစကို လျှောက်ပြီး လျှင်ဧရာဝတီအ ရှေ့ဘက်ကမ်း လိုင်ကျွန်း ထိ ၎င်း က မြောက်
ကိုဧရာဝတီအ ရှေ့ဘက်ကမ်း ကောက် ကောက်စင်း စင်း ကို လျှောက်၍ ရွှေမြို့ တော်
ကအ နောက် မြောက် ထောင့်ဧရာဝတီမြစ်မတ္တရာမြစ်နတ် ပေါက်အဆုံ ပိုဝ မြောက်
ဌာတဘက်ငစည့်ကူး မြို့နယ် မြေအခြား ၎င်း ကအ ရှေ့ကိုမတ္တရာမြစ်နတ် ပေါက် တောင်
ဘက်ကမ်း ကောက် ကောက်စင်း စင်း မတ္တရာ ကျော်စည်တိုက်နယ် မြေနှင့်ငစည့်ကူး

နယ်မြေအခြားကို လျှောက်၍ ရွှေမြို့တော်ကအာ ရှေ့မြောက်ထောင့်မတ္တရာမြို့နယ်
ကန့်သောင်ချောင်း ရွာထိမတ္တရာ ကျော်စည်တိုက်ငစည့်ကူး မြို့မိုင်း လုံမြို့**သုံးဆယ်**မြို့
လေးမြို့နယ်ဆုံ အခြား ငှင်း က တောင်ကို တောင်ရိုး ထန်း ကောက်ကောက်စင်း
အနောက်ဘက် တောင်ခြေကို လျှောက်၍ ပဌမနိမိတ် ရောက်နယ် လေး ရပ်ရှစ်ရပ်
သတ်မှတ်သည့်အတွင်း မန္တလေး ရတနာပုံ ရွှေမြို့တော်ကြီး ဆင်ခြေဘုံး နယ်မြေဖြစ်
စေ၊ နယ်နိမိတ်ကိုလည်း ဌာဝရတည် စေခြင်း ငှါသမုတ်ပြဌာန်း တော်မူသည့်အ
တိုင်း ကျောက်တိုင်စိုက်မှတ် စေ၊ မန္တလေး ရတနာပုံ ရွှေမြို့တော်ကြီး ဆင်ခြေဘုံး
နယ် လေး ရပ်ရှစ်ရပ် ကျောက်တိုင်စိုက်မှတ်သည်အတွင်း ဘုံသုံး ပါး ဋ္ဌကြင်လည်ကုန်
သောသတ္တဝါအပေါင်း တို့သည် လောဘ ဒေါသ မောဟတည်း ဟူသောရမ္မက်ဖုံး လွှမ်း
သဖြင့်သံသရာ ဘေး ကိုမမြင်နိုင်၊ တဦး ကိုတဦး နိုင်ထက်စီး ကဲပြုခြင်း လက်နက်
စသည်ဖြင့်နှိပ်စက်၍ သေကြေပျက်စီး ခြင်း သို့ရောက်ကြရလေသည်၊ သေအံ့သော
ဘေး အန္တရာယ်ကိုလည်း ရေမြေကိုအစိုး ရသောမင်း ၏ဘုန်း တန်ခိုး အာဏာ
တော်ဖြင့်သာတား မြစ်လွှတ်ကင်း နိုင်ရာသည်၊ ရှေး ဘေး လောင်း တော်ဘိုး
လောင်း တော်စကြာမန္တတ်အလောင်း အရာမင်း ကောင်း မင်း မြတ်တို့ကျင့်
ထုံး ဖြစ်သောရာဇဓမ္မရာဇပြက တော့တရား အပေါင်း တို့ကိုဖြည့်ကျင့် တော်မူလျက်
ရက္ခာဝရဏဝုတ္တိမည် သောအပရိဟာနိယတရား နှင့်အညီထိန်း သိမ်း စောင့်
ရှောက် တော်မူသည်၊ တိုင်း နေပြည်သူရှင်လူသတ္တဝါအပေါင်း တို့အား မဂ်ဖိုလ်၏
အကြောင်း ဖြစ်သောပြဟ္မစိုရတရား ကိုမပြတ်ပွါး များ တော်မူခြင်း မင်္ဂလာ
အိမ်တော်စံနေ တော်မူစဉ်ကပင်ဂွယ်ရည် တော်မူသည့်အတိုင်း ဆယ်ပါး သောပါ
ရမီတို့တွင်အဦး အစဒါနပါရမီသီလပါရမီတို့ကိုအရင်း ပြု တော်မူသဖြင့်ပြည်သူသတ္တ
ဝါအပေါင်း တို့အား သီလပါရမီကိုပွါး များ သဖြင့်သား ငှက်တရိစ္ဆာန်တို့ကြက်စား
လေ့လာခိုမှီရာ ဘေး ရန်လွှတ်ကင်း ၍ ချမ်း သာအထူး ဖြစ်စေလျက်ဇီဝိတအဘယ
ဒါနပရမတ္ထဓမ္မဒါနကုသိုလ် တော်အထူး ဖြစ်စေခြင်း ငှါဘေး မဲ့ပေး ရာမိဂဒါ
ဝုံအရပ်ကဲ့သို့သား ငှက်တရိစ္ဆာန်အပေါင်း တို့ကို ဘေး မဲ့ပေး တော်မူသည်၊ အသတ်
အညှစ်အပစ်အခတ်အဘမ်း အဆီး မရှိစေနှင့်ချမ်း သာစေ၊ မန္တလေး ရတနာပုံ
ရွှေမြို့တော်ကြီး ဆင်ခြေဘုံး နယ် လေး ရပ်ရှစ်ရပ် ကျောက်တိုင်စိုက်မှတ်၍ ဘေး မဲ့

ပေး တော်မူသည်၊ နယ်နိမိတ်ပုံစံကိုလည်း သွင်း ။

21 March 1862

သက္ကရာဇ် ၁၂၂၃ ခုတ ပေါင်း လပြည့် ကျော် ၇ ရက် နေ့ နံ ၁း ခံ ပြေ ၁ ကြီး မှူး မင်း လှမင်း ကျော်ထွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၈ )

မင်းခင်းမြို့သူကြီး မြို့စာရေး တို့၊ တရားမြို့သူကြီး နေမျိုး သီရိရာဇဗိုလ်၊ သား
ငဘိုး ကအဘသက်ရှယ်ကြီး ရင့်ရှိ၍ မြို့သူကြီး အရာလွှဲအပ် ဆောင်ရွက်ပါရသည်၊ တရား
1783
မြို့မှာလည်း (သက္ကရာဇ်၁၁) ၄၅ခု ၆၄ခု စစ်တမ်း စာရင်း သီး ခြား ကွဲပြား
1802
အခြား ဆက်သွင်း ရသည့်မြို့ဖြစ်ပါ၍ မင်းခင်း မြို့သူကြီး မြို့စာရေး တို့ကအဆင့်အ
ဆိုမရှိမင်း မှုတော် ပေါ် ပေါက်ကျ ရောက်သည်များ ကိုထမ်း ခြေအကျမြို့စား ဆိုင်
ရာဆင့်ဆိုရာနာခံ၍ မင်းခင်း မြို့နှင့် လေး မြို့ငါး ရွာများ မှာဝှိ ကြေး ငွေ
တော်လွတ်ငြိမ်း ပြီး လျှင်စပါး တော်၄၄ဝဝ်ကျ ရောက်သည်ကိုကရား မြို့ဆိပ်ကမ်း
တွင်စပါး တော် ၆ဝဝဝ်စုပုံဆက်သထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်
ဦး တင်ချက်အတိုင်း တရား မြို့ကိုမင်း ခင်း မြို့ရုံး ကအဆင့်အဆိုမရှိ စေနှင့်၊ သီး
ခြား ကွဲပြား ထမ်း ရွက် စေ၊ တရား မြို့ကတနှစ်လျှင်စပါး တော် ၆ဝဝဝ်ကိုတရား
မြို့သူကြီး နေမျိုး သီရိရာဇဗိုလ်ကလွှဲအပ်သူသား ငဘိုး ကတရား မြို့ဆိပ်ကမ်း ရောက်
27 October 1862
ဆက်သွင်း ထမ်း ရွက် စေ၊ သက္ကရာဇ်၁၂၂၄ခုတန် ဆောင်မုန်း လဆန်း ၆ရက် နေ့
ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း တရား မြို့ကိုမင်း ခင်း
မြို့ရုံး ကအဆင့်အဆိုမရှိ စေနှင့်၊ သီး ခြား ကွဲပြား ထမ်း ရွက် စေ၊ တရား မြို့ကတ
နှစ်လျှင်စပါး တော် ၆ဝဝဝ်ကိုတရား မြို့သူကြီး နေမျိုး သီရိရာဇပိုလ်ကလွှဲအပ်သူ
သား ငဘိုး ကတရား မြို့ဆိပ်ကမ်း ရောက်ဆက်သွင်း ထမ်း ရွက် စေ၊ ဘုန်း တော်
အလွန်ကြီး မြတ် တော်မူလှ သောဘုရား ညီ တော်အိမ်ရှေ့မင်း အမိန့် တော်ကိုဦးထိပ်
ရွက်ရသည်ဖြစ်သည်၊ တရား မြို့ကိုမင်း ခင်း မြို့ရုံး ကအဆင့်အဆိုမရှိ စေနှင့်၊ သီး
ခြား ကွဲပြား ထမ်း ရွက် စေ၊ တရား မြို့ကတနှစ်လျှင်စပါး တော် ၆ဝဝဝ်ကိုတရား
မြို့သူကြီး နေမျိုး သီရိရာဇပိုလ်ကလွှဲအပ်သူသား ငဘိုး ကအမိန့် တော်မြတ်ရင်း နှင့်
အညီတရား မြို့ဆိပ်ကမ်း ရောက်ဆက်သထမ်း ရွက် စေရမည်။

ငန်မင်း များ စာ။

( မော်လိုက်သန့်စင်စါစု )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူမျှော ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရားသက္က ရာဇ် ၁၂၂၄ ခုတန်ဆောင်မုန်း လဆန်း ၆ ရက် ၂ နေ့ကရား မြို့ကိုမင်း ကင်း မြို့ရုံး ကအဆင့်အဆိုမရှိ စေနှင့်သီး ခြား ကွဲပြား ထမ်း ရွက်စေ၊ တရား မြို့က 27 October 1862 တနှစ်လျှင်စပါး တော်၆၀၀၀ ကိုတရား မြို့သူကြီး နေမျိုး သီရိရာဇာပိုလ်ကလွဲအပ် သူသား ငဘိုး ကတရား မြို့ဆိပ်ကမ်း ရောက်ဆက်သွင်း ထမ်း ရွက်စေ။

( မော်လိုက်သန့်စင်စာစု )

(27 October 1862)

တရား မြို့ကတနှစ်လျှင်စပါး တော်၆၀၀ဝ်ကိုအဘမြို့သူကြီး လွှဲချက်အတိုင်း တရား မြို့ဆိပ်ကမ်း ရောက်ဆက်သွင်း ထမ်း ရွက် စေ အမိန့်တော်လွှတ်တော်စာချွန်တော်ပေး အပ်ရှိသည်ဖြစ်သည်၊ တရား မြို့သူကြီး ကလွှဲသူသား ငဘိုး က တရား မြို့ဆိပ်ကမ်း ရောက်ဆက်သွင်း ထမ်း ရွက် စေရမည် တရား မြို့သူကြီး နေမျိုး ရာဇဗိုလ်ကလွှဲသူသား ငဘိုး လည်း အမိန့်တော်မြတ်နှင့်အညီအမှုတော်ကို ပြေကုန် အောင်တရား မြို့ဆိပ်ကမ်း ရောက်စုပုံဆက်သွင်း ရမည်။

(သက္ကရာဇ် ၁၂၂၄ ခုတန်ဆောင်မုန်း လဆန်း ၆ ရက်နေ့)
(27 October 1862)

ရွှေတိုက်အတွင်း ဝန်ကောလင်း မြို့စား မင်း မင်း ကြီး မဟာသက်တော်ရှည်စာ။
( မော်လိုက် သန့်စင် စါစု )

22 June 1863

သက္ကရာဇ် ၁၂၂၅ ခု ဂါဆိုလဆန်း ၈ ရက် နေ့ ၂ ချက်တီး ကျော်အချိန် ဗိုလ်မှူး မင်းသား သီရိသုမဟာဓမ္မရာဇာကံကုန်ရာ သင်္ဂြိုဟ်ရန်အခမ်း အနား မှာ မက္ခရာမင်းသား မဟာသီရိသုဓမ္မရာဇာကံကုန်ရာ သင်္ဂြိုဟ်သည့်နည်း ရွှေမြို့တော်အရှေ့မြောက် ထောင့်ဝင်း အတွင်း သင်္ဂြိုဟ် ( စေ )။

(22 June 1863)

(သက္ကရာဇ် ၁၂၂၅ ခု ဝါဆိုလဆန်း ၈ ရက် နေ့တွင်ပြန်)

( မကွေး လှစါစု )

1863
တရားမြို့ကျေးရွာနေလူတို့မှာ (သက္ကရာဇ) ၁၂၂၅ ခုဦကြေး ငွေတော်
1862
ကောက်ခံရန်ရှိသည်ကို (သက္ကရာဇ်) ၁၂၂၄ ခုဦကြေး ကောက်ခံရသင့်ငွေ
၁၀၅ ဝိနှင့်စပါး တော်ဖ၀၀ဝ်ခံဝန်ဆက်သွင်း သည်အကျတရား မြို့သူကြီး ကမြို့
ရွာအင်အား အလျောက်တိုင်း တာပြတ်ညှိခွဲ တောင်း ကောက်ခံ၍စပါး တော်
ဖ၀၀ဝ်ကိုမြို့ရွာဆိပ်ကမ်း တွင်စုပုံဆက်သွင်း စေဘုရား အမိန့်တော်မြတ်ကိုဦး
ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ကောက်ခံဆက်သွင်း စေဘုန်း တော်အလွန်ကြီး မြတ်
တော်မူလှ သောညီ တော်အိမ် ရှေ့မင်း အမိန့်တော်ကိုဦး ထိပ်ရွက်ရသည်ဖြစ်သည်၊
1863
တရားမြို့ကျေး ရွာလူနေတို့မှာ (သက္ကရာဇ်) ၁၂၂၅ ခုဦကြေး ငွေတော်ကောက်
1862
ခံရန်ရှိသည်ကို (သက္ကရာဇ်) ၁၂၂၄ ခုနှစ်ဦကြေး ကောက်ခံရသင့်ငွေ ၁၀၅ ဝိနှင့်
စပါး တော်ဖ၀၀ဝ်ခံဝန်ဆက်သွင်း သည်အကျတရား မြို့သူကြီး ကမြို့ရွာအင်အား အ
9 December 1863 - 7 January 1864
လျောက်တိုင်း တာပြတ်ညှိ ကောက်ခံ၍စပါး တော်ဖ၀၀ဝ်ကိုပြာသိုတပို့တွဲတပေါင်း
8 January 1864 - 5 February 1864
သုံးလအတွင်း တရားမြို့ဆိပ်ကမ်း တွင်စုပုံ ဆောင်ယူလာစေသည်၊ စာရင်းမှတ်
6 February 1864 - 6 March 1864
သား၍ပေး အပ်ရမည်မှာအိမ်ရှင်း စုပွါး မည်မျှကြီး ရေးဆော်အတိဒုက္ခနှိမ်အိမ်
မည်မျှကျန်အိမ်ဦသင့်ငွေမည်မျှက ၃ ၅ှ နှုန်း သင့်စပါး မည်မျှခံဝန်တို့ဆက်စပါး မည်
မျှနှစ်စုပေါင်း ဖ၀၀ဝ်စာရင်း ကျယ်ချုပ်လပ်ထပ်ချုပ်များ ကိုလွှတ်တော်မှာ လျှောက်
ထား ဆက်သွင်း ရမည်။

4 July 1863
သက္ကရာဇ် ၁၂၂၅ ခု ဝါဆိုလပြည့်ကျော် ၅ ရက်နေ့

င တေဆင့်စါ

ဝန်မင်း များ စါ

( မော်လိုက်သန့်စင်စါစု )

စား တော်ကွမ်း ရေကိုင်မြို့ပန်း လှေအုပ်မင်း လှသီဟသူ၊ နှမမိ ဆွေတို့ကအဘ မိုး နဲတပ်စစ်ကဲမင်း ကြီး မဟာမင်း ထင်မင်း ကျော်ရှိစဉ်လက်ရှိချထား လုပ်စား သည့်ဘိုး ဘပိုင် ငွေငယ်လယ်ယာဥယျာဉ်ခြံ မြေများ ကိုအတား အဆီး အနှောက် အယှက်မရှိပါစေရလက်ရှိချထား လုပ်စား မြဲလုပ်စား ပါရမည့်အကြောင်း နှင့်ရှိ ခိုး သံတော်ဦး တင်ချက်အတိုင်း မိုး နဲတပ်စစ်ကဲမင်း ကြီး မဟာမင်း ထင်မင်း ကျော်ရှိစဉ်လက်ရှိချထား လုပ်စား သည့်ဘိုး ဘပိုင် ငွေဝယ်လယ်ယာဥယျာဉ်ခြံ မြေ များ ကိုအတား အဆီး အနှောက်အယှက်မရှိ စေနှင့်သား စား တော်ကွမ်း ရေကိုင်မြို့ပန်း လှေအုပ်မင်း လှသီဟသူနှမမိ ဆွေတို့က ချထား လုပ်စား စေ။

6 February 1864

သက္ကရာဇ် ၁၂၂၅ ခုတပေါင်း လဆန်း ၁ ရက် နေ့နား ခံ ပြေ ၁ကြီး မှူး မင်း လှမင်း ကျော်တွင်ပြန်။

( တောင်ခွင်စါစု )

15 August 1864

သက္ကရာဇ် ၁၂၂၆ ခု ဝါခေါင်လဆန်း ၁၃ ရက် နေ့ နံနက်ညီလာခံလက်ဘက် ရေဆောင် စံနန်းတော်တွင်အတွင်းဝန် ဝက်မစွတ်မြို့စားမင်း ၊ ရွှေတိုက်အတွင်းဝန် ကောလင်းမြို့စားမင်း ၊ အတွင်းဝန် ရေနံချောင်းမြို့စားမင်း ၊ အတွင်းဝန် ယောမြို့စားမင်း ၊ ဝန်ထောက်အသည်ဝန် ၊ ဝန်ထောက်ပုပ္ပါးမြို့စား ၊ ဝန်ထောက် ကျောက်ရဲမြို့စား တို့အစုံအညီ ကျောက်တော်ကြီး ဘုရား ပင့်အခမ်းအနားတွင် ရွှေမြို့တော်ရပ်စုကွက်စုများက ယောကျ်ား မိန်းမ ကခုန်ရန် မှုနှင့် ကြေးငွေ တောင်းခံကြောင်းကို ရွှေနားတော်မြတ်ကြားသိတော်မူရသည် အကမှုနှင့်အခန့်အတား မရှိစေနှင့် ၊ ကြေးငွေလည်း အတောင်းအခံမရှိစေနှင့် ၊ ဝတ်ဘိုး စားဘိုး တောင်းခံမိသည့် ငွေများကိုပြန်ပေးစေ ၊ ကခုန်လိုသူတို့ရှိလျှင် မည်သည့်အရပ်က မည်မျှက ခုန်လိုသည် ဝတ်ဘိုး စားဘိုး မည်မျှကုန်သည်များကိုသာမြို့ဝန်တို့က စာရင်းဆက်သွင်းစေ ၊ ငွေတော်ထုတ်ပေးသနားတော်မူမည် ဘုရားအမိန့်တော်မြတ်ကိုဦးထိပ်ထက်ဆင်ရွက်ရသည့်ကိုလယ်ဝန်သံတော်ဆင့် ဆောမြို့စား မဟာမင်းလှစည်သူ မှတ်သားချက်။

( ငမ်း ပြေ့စါစု )

14 September 1864

သက္ကရာဇ် ၁၂၂၆ ခု တော်သလင်း လဆန်း ၁၄ ရက် နေ့ တောင်ဒဝယ် ဝေပုံပါ
ရွာပုလဲသူကြီး ငချင်း ခံဝန်ချက်၊ ကျွန်တော်အုပ်ထိန်း စီရင်သည့်နယ် မြေအတွင်း
ရာဇဝတ်တော် ရေး မှာမ ပေါ်မထွက် စေရ၊ ကင်း လွတ်လုံခြုံ အောင် ကျေးရွာ
ပတ်လည်ဆူးစီးတံခါးကါ လုပ် ဆောင်ရန်ကင်း စောင့်နေဆင့်ဆိုပြီး လျှင် ခေါင်း
အုပ်စုဝအိမ် နေလူတို့တဦး ကိုတဦး အလှည့်အလည်ခံဝန် စေ၍သူခိုး လူဆိုး တို့ဝင်
ထွက်တည်း ခိုအရှင်အလို တော်မရှိသည်ကိုမပြုမကျင့် စေရ၊ နိုင်နင်း အောင်ဆင့်
ဆို စောင့်နေထိမ်း သိမ်း ပါမည် ကျေး ရွာအတွင်း လည်း လက်မှတ်စာမပါ သေနတ်
ဓါး လှံနွား ဆွဲကျွဲငင်ဝင် ရောက် ရောင်း ဝယ်ရှိလျှင်မြို့ရုံး သို့ပို့အပ်လှာပါမည်ကျွန်
တော်ခံဝန်သည်ကိုမတည်ဥပဒေအတိုင်း မညီရာဇဝတ်တော် ကြောင်း နှင့်စပ်
ဆိုင်သည့်အမှုရပ်ထွက် ပေါ်သည်ကိုမပို့မအပ် ပေါ့လျော့လစ်လပ်ရှိလျှင်ကျွန် တော်သူ
ကြီး ရာဇဝတ်အပြစ်ထင်ရှား အောင်ခံပါမည်၊ အသီး အသီး နယ်ရှင်သူကြီး တို့ခံ
ဝန်ချက်နှင့် ကျေး ရွာအင်အား အလျှောက် ကောက်ခံရ ငွေတွင်ဆယ်ခိုင်တခိုင်
နှုတ်၍အသနား တော်မြတ်ခံ စေပြီး လျှင်သူခိုး ဓါး ပြကင်း လွတ်လုံခြုံ အောင် စောင့်
ထိမ်း စေရမည်၊ ကျေး ရွာသူကြီး တို့မှာနယ်တွင်နှုတ်လွန်လက် ရောက်တရား စ
ကား မှုမှား ရှိလျှင်အမိန့်တော်ဥပဒေရင်း အတိုင်း သူကြီး တို့ကစစ် ကြောစီရင်
၍မပြီး မပြေမှအယူခံ စေမည်ခိုင်စား ကွမ်း ဘိုး မှား မှမြို့ဝန်မြို့သူကြီး တို့မစား
မယူ စေရ၊ စာရင်း ချမှတ်မြို့ရုံး တွင်သိမ်း ထား ၍စာရင်း ကို လေး လတကြိမ်
ရွှေဘဝါး တော် အောက် လျှောက်ထား စေပြီး လျှင်သင့်ရာသုံး မည်၊ ကြည်း လမ်း
ရေလမ်းကူးသန်း ရောင်းဝယ်ကြသည့်ကုန်သည်တို့မှါနယ်ရှင်သူကြီး တို့ကိုတိုင်တန်း ၍မြို့
ရွာစခမ်း လမ်း စဉ်အတိုင်း သွား လာ ရောင်း ဝယ် စေရမည်၊ နယ်ရှင်တို့ကို
မတိုင်မပြောအလျှောက်သွား လာတည်း ခို၍တိုက်ခိုက်ခိုး ယူ ပြောက်ဆုံး လျှင်အ
ပေး အလျှော်မရှိ ကျေး ရွာသူကြီး တို့ကိုဥပဒေအတိုင်း စီရင်ရန်ကိုလွတ်ငြိမ်း စေ
မည်၊ တာသည့်စခမ်း လမ်း အတိုင်း တိုင်တန်း ပြောဆိုသွား လာရာခိုး ယူတိုက်
ခိုက်၍ဓါး ပြသူခိုး တို့ကိုဘမ်း ဆီး ရမိ အောင်ပါပစ္စည်း မှား ကိုသူခိုး ဓါး ပြတို့မှာ
တောင်း ၍ဥစ္စာရှင်တို့သို့ပြန် ပေး စေမည်၊ သူခိုး ဓါး ပြခိုး ယူတိုက်ခိုက်၍ မရမ
မိရှိလျှင်နယ်ရှင်အကြီး အအုပ်တို့ကိုဥပဒေနှင့်ရာဇဝတ်စီရင်မည်၊ ပါပစ္စည်း ကို

ကျေးရွာအင်အားကို ထောက်၍ ငွေတော်ဝငနိုင်အသနားတော်မြတ်ခံရသူတို့
က ပေးလျော်သင့်သည်ကို ပေးလျော်စေမည်၊ ဥစ္စာရှင်တို့သို့ ငွေတော်ထုတ်ပေး
သင့်လျှင်ထုတ်ပေးသနားတော်မူမည်၊ စေခိုင်းစီးနင်းထွန်ယက်ရန်မြင်းကျွဲ
နွားဝယ်ယူလိုသူတို့မှာ ငယ်ရင်းနယ်ရှင်အကြီးအအုပ်တို့ထံ ရောင်းသူဝယ်သူကိုအ
မည်နာမဆောင်ယူရန်မြင်းကျွဲနွား ကောင်ရေကောင်မှတ်များကိုစာရင်း
ချစေပြီးလျှင်အကြီးအအုပ်တို့ထံတံဆိပ်လက်မှတ်ခံယူနေရင်း ကျေးရွာသို့ဆောင်
ယူသွားစေရမည်၊ တနယ်နှင့်တနယ်နွားကျွဲကောင်အခိုးအယူ ခြေရာကျစကား
မှာအစဉ်မပြတ် ခြေရာကိုလိုက်လံပြီးလျှင် ကျေးရွာထုံးစံရှိသည့်အတိုင်း ခြေကြောင်း
ခြေရာကိုပြသအပ်စေ၍ နယ်ရှင်ကထုတ်နိုင်လျှင်ထုတ်စေ၊ မထုတ်နိုင်လျှင်စီရင်စု
ကျေးရွာနယ်တွင်သူခိုးမရှိမနေ နယ်တွင်းလူတို့လည်း မခိုးမယူကြောင်းကိုမြို့
ရွာသူကြီး ကျေးထိန်းရွာအုပ်ကိုကျမ်းဆိုဝံ့လျှင်လပ်စေ၊ မဆိုဝံ့လျှင်အကြီးအအုပ်
တို့က ပေးလျော်စေ၊ ခိုးသည့်နွားကျွဲနှင့်တကွ တွေ့ရှိလျှင် ခြေရာကျသည်မကျသည်မဆိုသါရါ
ဇဝတ်ကြောင်းရှိရာ ပြောဆိုလျှောက်ထားစေမည်၊ ကျေးရွာတွင်အခြေလေး
ချောင်း ရောင်းဝယ်သူတို့မှာ ရွာနေလူတို့က ရောင်းဝယ်ကြလျှင်သူကြီးသို့ပွဲခ
ပေးစေမည်၊ အရပ်ရပ် ကျေးရွာနေလူတို့မှာရှိသည့် သေနတ်ဓါးလှံများကိုမြို့
အကြီးအထိန်းအအုပ်မြို့ရုံးများတွင်စာရင်းချမှတ်၍ထားစေမည်၊ ၎င်းသေ
နတ်ဓါးလှံများကို နေရင်းမြို့ကျေးရွာကအခြားမြို့ကျေးရွာများသို့ဆောင်
ယူသွားလိုလျှင်အလျှောက်အဆောင်အယူအသွားအလာမရှိစေရ၊ နယ်ရှင်အကြီးအ
အုပ်တို့ထံတံဆိပ်လက်မှတ်စာခံယူသွားစေမည်၊ ခံဝန်ချက်စာရင်း မချတံဆိပ်လက်
မှတ်စာမခံမယူသွားလျှင် သေနတ်ဓါးလှံများကိုသိမ်းယူ၍လူကိုရာဇဝတ်စီရင်မည်၊
မြို့ကျေးရွာအကြီးအအုပ်တို့ထံလက်မှတ်စာခံယူသူတို့ကိုပေး ရန်တံဆိပ်မှာဇီဝစုံးတံ
ဆိပ်ကိုမြို့ရုံးတွင်ထားစေ၍ ဝန်စုမြို့ကျေးရွာအကြီးအအုပ်တို့ထံအသီးအသီးတံဆိပ်
ခပ်ပြီးထန်းရွက်ကိုဝေငှပေးအပ်ထားစေမည်၊ မြို့ရုံးကဝေငှပေးအပ်ထား
သည့်တံဆိပ်ခပ်ထန်းရွက်လိုလျှင်ဝန်စုကျေးရွာအကြီးအအုပ်တို့ကစာရင်းနှင့်မြို့
ရုံးတွင်အစီရင်ခံ၍ထပ်မံတောင်းယူအသင့်ထားရမည်။

(ယင်းမာပင်အုတ်ကျောင်းစာစု)

ငရန်ဝေး က လောင်ဘုံကြီး ရွာသည်ဘိဘော: ဘိုး ဘတို့ကြီး စိုး ဆက်ခံအရိုး သား
မြေး မှန်ပါသည်၊ ဘိုးဘတို့အရာကိုဆက်ခံကြီး စိုး ပါရမည့်အကြောင်း နှင့်အစီရင်
30 January 1865
ခံချက်အတိုင်း လောင်ဘုံကြီး ရွာမှာငရန်ဝေး ကို (သက္ကရာဇ်) ၁၂၂၆ခုတပို့
တွဲလဆန်း ၄ရက် နေ့သူကြီး အရာစာ ပေး အပ်ကြီး စိုး ဆောင်ရွက် စေသည်၊
လောင်ပုံကြီး ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တစုတို့လည်း သူ
ကြီး ငရန်ဝေး ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ သူကြီး ငရန်ဝေး လည်း
စီရင်စု လောင်ပုံကြီး ရွာနယ် မြေအတွင်း ရာဇဝတ် တော် ရေး မပေါ် မထွက်
စေရ၊ ကြိုး ပြီး လျှင် ကျေး ရွာကိုတိုး ပွါး အောင်သိမ်း သွင်း ပြုစုပြီး လျှင် ပေါ်
ပေါက်ကျ ရောက်သည့်မင်း မှု တော်ရပ်များ ကိုမြို့ဝုံး ကဆင့်ဆိုရာနာခံ ဆောင်
ရွက်ရမည်။ မြို့သူကြီး မင်း စါ။
(အုန်း တောဘချစ်စါစု)

ဝန်ထောက်အသည်ဝန်တိုင်တား မြို့စား မင်းကြီး မဟာသီဟသူရ၊ ဝန်ထောက်
ခန်း ပတ်မြို့စား မင်းကြီး သီရိမဟာဥဇနာ၊ ဝန်ထောက်မိုး နဲဗိုလ်မှူး မြို့
သစ်မြို့စား မင်းကြီး မဟာမင်းထင်စည်သူ၊ ဝန်ထောက်ပုပ္ပါး မြို့စား မဟာ
မင်းလှမင်း ကျော်မင်းထင်၊ ဝန်ထောက် ကျောက်ရဲမြို့စား မဟာမင်းထင်
စည်သူတို့ကို မောက်တို ရွှေပိန်း ရွှေကုံး စိန်ထောင် ၉၊ ရွှေထိပ်ရွှေဖွတ်ငှက်မ
နား စိန်ပွင့် ၁၂၊ ပါး ကာနား ကာ ရွှေကာ နောက်ကာ မောက်ရှုပါလည် ကွေး
ကတ္တီပါနီ ရွှေယက်ပျား သတ်၊ မျည်း တိုကတ္တီပါစိမ်း ရွှေယက်ပြား သတ်၊ မျည်း ရှည်
ကတ္တီပါနီ ရွှေယက်ပြား သတ်အသနား တော်ခံစေ။

14 June 1865

သက္ကရာဇ် ၁၂၂၇ ခုနယုန်လဆန်း ၆ရက်နေ့နား ခံပြောကြီး မှူး မင်း
လှမင်း ကျော်ထွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၆၂၅)

7 July 1865
သက္ကရာဇ် ၁၂၂၇ ခု ဝါဆိုလပြည့်ကျော် ၆ နေ့ ရွာသစ် မြေ ရွှေဘုံသာ တောရတိုက်တာ
ကိုဦး ဥဂ္ဂံသ၊ ဦး ဝဏ္ဏ၊ ဦး ဒီပ၊ ဦး နန္ဒိမာ၊ ဦး သုဏန္ဒ၊ သာမဏေတကျိပ်ငါး
တို့နှင့်ဦး သီရိမာကြီး အကြီး ပြု၍တည်ထား ပြုစုကြသည့်ကာလတာလပန္နဝိဟာရ
ထန်း ရွက်တဲကြီး ကိုတကာငထယ်ကကြွပ်မ၍ ဝိုင်း ဝန်း ညီညာ ဆွေတကာတို့နှင့်
15 July 1865
ဆောက်လုပ်ကြသည်၊ သက္ကရာဇ် ၁၂၂၃ ခု ဝါဆိုလပြည့်ကျော် ၈ ရက် ၇ နေ့ဆရာပြူး ၊
ငသက်စု၊ ငသုတ်တို့ကကမ္မဋ္ဌာန်း ကျောင်း ဆောက်၍လှူကြသည်၊ သက္ကရာဇ် ၁၂၂၇
29 August 1865
ခု တော်သလင်း လဆန်း ၉ ရက် ၃ ဂါ နေ့ဆရာပြူး ၊ ဆရာ ပေ၊ ဆရာ သော်၊ င
26 August 1865
အစ်တို့ဝါး ကျောင်း ဆောက်၍လှူကြသည်၊ သက္ကရာဇ် ၁၂၂၇ ခု တော်သလင်း လဆန်း
၆ ရက် ၇ နေ့ဆရာပွဲ၊ ဦး ထောင်တို့ရေကန်ကိုကပ္ပိကြသည်၊ သက္ကရာဇ် ၁၂၂၇ ခု
1 September 1865
တော်သလင်း လဆန်း ၁၂ ရက် ၆ နေ့တကာငပြောင်က ရေတွင်း ကပ္ပိ၍လှူသည်၊
9 October 1865
သက္ကရာဇ် ၁၂၂၇ ခုသတင်း ကျွတ်လပြည့်ကျော် ၅ ရက် ၂ နေ့ ၃ ချက်တီး အချိန်တွင် တော
ရ ကျောင်း တကာဆရာ သော် ဝိသုံမဂါမသိမ်အမိန့် တော်ကို ရွှေဘုံသာ တောရ
ကျောင်း သို့ ဆောင်ပို့လာသည်၊ ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ
မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝ
ရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ သက္ကရာဇ် ၁၂၂၇ ခု တော်သ
14 September 1865
လင်း လပြည့်ကျော် ၁၀ ရက် ၅ နေ့ရဟန်း သင်္ဃာ တော်တို့ဥပုသ်ပဝါရဏာကကြီး က
ငယ် ဆောင်ရွက်ရန် မြေဒူး မြို့စီရင်စုကျွဲဆွဲရွာ မြောက်ပိ တောက် တောလယ်ကြီး
တောင်ကွင်း ပြင် တောရ ကျောင်း တိုက်အတွင်း စတုရန်း ဂါစီ မြေကိုမိ ကေး က
ဝိသုံဂါမ မြေစား သနား တော်မြတ်ခံ၍ကုသိုလ် တော်ပွါး ခဏ္ဍသိမ်သမုတ်လှူဒါန်း
စေ။

14 September 1865
သက္ကရာဇ် ၁၂၂၇ ခု တော်သလင်း လပြည့်ကျော် ၁၀ ရက် နေ့တွင်ပြန်။
( ဆောင်း စါစု )

(II November I865)

# အလုပ်တော်အဆောင်တော်ဥပဒေဘုရား*

**ရွှေနန်းတော်၊ လွှတ်တော်၊ ရှေ့ရုံး၊ တရားရုံး၊ နောက်ရုံး၊ ရွှေမြို့တော်မြို့ရိုးတံခါး ၁၂ ရပ်၊ တောင့်ပြ ကြီးငယ်၊ ပြဿဒ်မှစ၍ အရပ်ရပ်တိုက်တန်း တင်းကုတ်တန်ဆောင်း လမ်းမ၊ လမ်းသေး လုပ်ဆောင်ပြီး ပြေသည်အလုပ်တော်များကိုထပ်မံကြည့်ရှုပြင်ဆင်ရန် ဥပဒေဘုရား။**

၁။ တံခါးနီတော်ပြင် ရွှေးတော်ယူ တံခါးအတွင်း၊ လွှတ်တော်စုယ်တော်စင်၊ ပဟိုရ်စင်၊ လက်နက်တိုက်၊ ဒင်္ဂါး တိုက်မှစ၍၊တိုက်တန်းတင်းကုင်းများမှာ ပျက်စီးယိုယွင်းပြင်ဆင်လုပ်ဆောင်ရန်ရှိမရှိများကို သင့်ရာအသုံးစာရေး၁၊၁၀ရက်တကြိမ်လှည့်ပတ်ကြည့်ရှုစေ၍ ပျက်စီးယိုယွင်းရှိသည်ကို ကုန်ဝင်ရန်စာရင်းနှင့် လျှောက်ထားစေမည်။

၂။ နန်းမြို့တော်အုပ်ရိုးသစ်တပ်တံခါးဝင်းလေးမျက်နှာရုံး၊အိပ်ဘန်တဲ၊ဂျမ်းတဲ၊ မြင်းတန်း၊ လွှတ်စေလေးတန်း၊ လက်ရသုံးတန်းများကိုလည်း သင့်ရာ အသုံးစာရေး၁။ ၁၀ရက်တကြိမ် ကြည့်ရှုစေ၍၊ ပျက်စီးယိုယွင်းရှိသည်များကိုကုန်ဝင်ရန်စာရင်းနှင့်လျှောက်ထားစေမည်။

၃။ အသုံးစာရေးတင်စာရင်းကိုအတွင်းတော်သို့သွင်း၍ငွေတော်ထုတ်ယူပြီးလျှင်၊သင့်ရာစာရေးကြီးကိုလုပ်ငန်းအလျှောက်ပြီးတောက်တန်အောင်ခံဝန်လုပ်ဆောင်စေမည်။

၄။ တံခါးနီတော်အတွင်း၊ ရွှေနန်းတော်ကြီး ဥယဉ်တော်စံနန်းတော်၊ ရွှေတိုက်၊ စာရင်းတိုက်၊ အချုပ်တိုက်၊ ဝေါတိုက်မှစ၍၊ အရပ်ရပ်တိုက်တန်းတင်းကုပ်များမှာ၊ ပျက်စီး ယိုယွင်း ပြင်ဆင် လုပ်ဆောင်ရန် ရှိမရှိများကို၊သင့်ရာဖြတ်တိုက်သံဆင့်၁။ ၁၀ရက်တကြိမ် လှည့်ပတ်ကြည့်ရှုစေ၍ ပျက်စီးယိုယွင်း ရှိသည်များကိုအတွင်းတော်ကမှာတမ်းထုတ်စေမည်။

၅။ မှာတမ်းအရသင့်ရာစာရေးကြီး၊ အသုံးစာရေးတို့ကို ကုန်ဝင်ရန် စာရင်းတွက်ချက် လျှောက်ထားငွေတော်ထုတ်ယူပြီးလျှင်လုပ်ငန်းအလျှောက်ပြီးတောက်တန်အောင်ခံဝန်လုပ်ဆောင်စေမည်။

၆။ ရှေ့ရုံး၊နောက်ရုံး၊တရားရုံး၊ထောင်လက်မထောက်၊ အာဏာစိုးတန်းများကို ဆိုင်ရာအသီးသီး ကြည့်ရှုစေပြီးလျှင်ပျက်စီးယိုယွင်းပြင်ဆင်လုပ်ဆောင်ရန်ရှိသည်များကိုလွှတ်တော်မှာလျှောက်ထားစေမည်။

၇။ ပြင်ဆင်လုပ်ဆောင်ရန် ရှိကြောင်း လျှောက်ချက်အရ၊ စာရေးကြီး အသုံးစာရေးတို့ကို ကြည့်ရှု တိုင်းတာတွက်ချက်စေ၍၊ စာရင်းဆက်သွင်းပြီးလျှင်၊ ငွေတော်ထုတ်ယူဆိုင်ရာသို့ ပေးအပ်ခံဝန်ချက်နှင့် လုပ်ဆောင်စေမည်။

၈။ ရွှေမြို့တော်ကြီးတံခါး ၁၂ရပ်၊ ပြ ၃၂ ရပ်၊ တောင့်ပြကြီး ၄ရပ် များမှာ၊ ပြင်ဆင် လုပ်ဆောင်ရန် ရှိသည်များကို၊ စာရင်းရန်ထားရာပါခံဝန်လုပ်ဆောင်သူတို့သို့ ငွေတော်ပေးအပ်ရှိသည့် အတိုင်း၊ ပြီးပြေအောင်မပြတ် နှိုးဆော်သုပ်ဆောင်စေပြီးလျှင်၊ စာရင်းကျလူတို့က မပြတ်ကြည့်ရှုစေ၍ ပျက်စီး ယိုယွင်းရှိမရှိများကို၊ ၁၀ရက်တကြိမ်လျှောက်ထားစေမည်။

၉။ ရွှေမြို့တော်မြို့တွင်း မြို့ပြင်လမ်းများမှာ တံခါးလမ်း ၇၊ ပြလမ်း ၅၊ သတ်မှတ် ပိုင်းခြားသည့် အတိုင်း လမ်းပြင်စာရင်းပါအရာရှိတို့ကပုံစံတော်ကျအောင်တိုင်းတာစေမည်။

၁၀။ စာရင်းပါ အရာရှိတို့ တိုင်းတာရာ၊ လမ်းစည် မဖြောင့်၍ ဖြစ်စေ၊ ပိုမိုကာရံ၍ ဖြစ်စေ၊ ပုံစံတော်နှင့် မညီရှိသည်များကိုပုံစံရေးသားလျှောက်ထားစေ၍ပုံစံတော်နှင့်ညီအောင် ဖျက်သိမ်းစေမည်။

၁၁။ ရွှေမြို့တော် မြို့တွင်း မြို့ပြင်လမ်းမ လမ်းသေး ရေမြောင်း နင်းကြမ်းများမှာ၊ စာရင်းပါ အရာရှိ တို့က၊ ကောက်ခံရငွေတော်များနှင့်ပြင်ဆင်လုပ်ဆောင်စေမည်။

၁၂။ ရတနာပုံရွှေမြို့တော်ကြီး၊ မြေမြို့ အတွင်းဘုရားကျောင်း စရပ်ဘန်ဆောင် ရေတွင်း ရေကန် တံတားများကို တည်ထားလုပ်ဆောင်ကိုးကွယ်လိုလျှင် လွှတ်တော်မှာ လျှောက်ထား၍ လွှတ်တော်က ချထားရာ၊ အရပ်အကွက်များမှာသာဆောက်လုပ်တည်ထားကိုးကွယ်စေမည်။

၁၃။ တရုတ်ကုလား၊ ပဏ္ဏား၊ ကသည်း လူမျိုးတို့ အမျိုးဘာသာ ကျောင်းဘုရား၊ ပလီတိုက် ဆောက်လုပ်လိုလျှင်လည်း အလိုအလျောက် အဆောက်အလုပ်မရှိစေရ။ လွှတ်တော်မှာ လျှောက်ထား၍ ချထားရာ အရပ်အကွက်မှာသာဆောက်လုပ်စေမည်။

၁၄။ ရွှေမြို့တော်ကြီးအတွင်း ရပ်စုကွက်စုများမှာ အမျိုးဘာသာ ဆောက်လုပ် ကိုးကွယ်ကြသည့် ရှိဟောင်း ကျောင်းဘုရား၊ စရပ်တန်ဆောင်း၊ ပလီတိုက်၊ ရေတွင်းရေကန် တံတားများကိုလည်း ရှေးရိုးအရာရှိ တို့က ကြည့်ရှုမှတ်သား၍ဦးရေနေရပ်ပုံစံစာရင်းနှင့်လျှောက်ထားစေမည်။

၁၅။ ကျောင်းဘုရား၊ ပလီတိုက်ရာမြေ၊ တိုက်အိမ်ဝင်းအိမ်၊ တန်းအိမ်များနှင့်တိုက်ရာ၊ ဝင်းရာ၊ အိမ်ရာမြေ၊ ခြံဥယျာဉ်လယ်ယာမြေများကိုလည်း အလို အလျောက် အရောင်း အဝယ် မရှိစေရ၊ ရောင်းဝယ်လိုလျှင် လွှတ်တော်မှာလျှောက်ထားရောင်းဝယ်စေမည်။

**ဥပဒေပေးအပ်ဆင့်ဆိုပြီးနောက်ကျူးလွန်သူတို့ကိုစီရင်ရန်ဥပဒေဘုရား**

၁။ အရပ်ရပ် အလုပ် အဆောင်တော်များကိုကြီးကြပ် လုပ်ဆောင်စေသူတို့၊ ပေးအပ်သည့် ဝေပုံပါ လုပ်ငန်း လုပ်တာများကို ငွေတော် ထုတ်ပေးပြေကုန်လျက် ပြီးထောက်တန်သည့် နေ့လရက်အတွင်း ပြီးပြေအောင် မလုပ်မဆောင် နေလျှင် လုပ်ဆောင်ခေသည့် လုပ်ရပ်တွင်၊ ခြေချင်းနှင့် ထား၍ ပြီးပြေအောင် လုပ်ဆောင်စေပြီးမှလွှတ်မည်။

၂။ အရပ်ရပ် အလုပ်အဆောင်တော်များကို ကြီးကြပ် အကြည့်အရှုစေသူတို့ ပေးအပ်သည့် ဝေပုံပါ လုပ်ငန်းလုပ်တာ ပြင်ဆင်လုပ်ဆောင်ရန် ရှိသည်ကို မကြည့်မရှု မလျှောက် မထားမေ့လျော့ လစ်လပ်ရှိလျှင်၊ အကြည့်အရှုလစ်လပ်သူကိုထောင်မှာ ၁၅ရက်ထားမည်။

၃။ ရွှေမြို့တော်ကြီး မြို့တွင်းမြို့ပြင် လမ်းများမှာ မည်သည့် အမျိုးသားမဆို ပေးချသနားတော်မူသည့် ပုံစံတော်ပါ၊ အိမ်ရာတန်းလမ်း၊ အပိုင်းအခြားကို၊ ကျူးလွန်ပိုမို၍ တိုက်အိမ်ခြံ ဥယျာဉ်ကျောင်းဘုရား၊ စရပ်တံတား ရေတွင်း ရေကန်ပြုလုပ်လျှင် ပိုလွန် ပြုလုပ်သည် များကို ဖျက်သိမ်းစေ၍ ကျူးလွန် ပြုလုပ်သည့်အပြစ်ထောင်မှာ တလ ထားမည်။

၄။ ရွှေမြို့တော် မြေမြို့ကြီးအတွင်း၊ အမျိုးဘာသာ ဆောက်လုပ်ကြသည် ဝင်အိမ်၊ တိုက်အိမ်၊ လမ်းအိမ်၊ဝင်းရာ၊ တိုက်ရာ၊ အိမ်ရာဥယျာဉ်လယ်ယာခြံမြေ၊ မြေလွတ်၊မြေလပ်၊ ကျောင်းဘုရားစရပ်တံတား ရာမြေများကိုလည်း လွှတ်တော်မှာ၊ မလျှောက်မထား အလိုအလျောက် ရောင်းဝယ်ကြလျှင်၊ ဝယ်ရင်းအဘိုးငွေကိုတောင်း၍ ရောင်းသူကို ထောင်မှာတလထားမည်။

* အမျိုးသားစာကြည့်တိုက်၊ကင်းဝန်စာစု၊ ပုရပိုက် ၂၃၀၊ BBHC I ii Dec. I960, 259-26I

ငခွန်ထွန်း ကကလေးမြို့ကို (သက္ကရာဇ် ၁၁) ၄၅ ခု ၆၄ ခု စစ်တမ်း စာရင်း 1783
ဆက်သွင်း သူအရိုး သား မြေး မှန်သည်အတိုင်း ကလေးမြို့ကိုကြီး စိုး၍ ဘိုး ဘတို့ 1802
စားရိုး အမွေလယ်များ ကိုလုပ်ကိုင်စား သောက်ပြီး လျှင်အမှုတော်ကိုထမ်း ရွက်
ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း အရိုး သား မြေး င
ခွန်ထွန်း ကိုကလေး မြို့သူကြီး ခန့်၊ ကလေး မြို့ရှိစား ရိုး အမွေလယ်များ ကိုက
လေး မြို့သူကြီး ငခွန်ထွန်း ကသနား တော်မြတ်ခံ၍ ချတင်လုပ်စား စေ။

သက္ကရာဇ် ၁၂၂၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၁၄ ရက် နေ့နား ခ 16 November 1865
မင်း လှသီရိ ကျော်ထင်တွင်ပြန်။

(လုံး တော်စါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား သက္က
16 November 1865
ရာဇ်၁၂၂၇ခုတန် ဆောင်မုန်း လပြည့် ကျော်၁၄ရက်၄ နေ့က လေး မြို့ရှိဂါး ရိုး
အမွေလယ် မြေ များ ကိုက လေး မြို့သူကြီး ငခွန်ထွန်း ကသနား တော်မြတ်ခံ၍ ချတင်
လုပ်စား စေသနား တော်မူသည်။ က လေး မြို့ ကျေး ရွာအစီရင် ခေါင်း အကြီး အ
သည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့။ ငခွန်ထွန်း ကက လေး မြို့ကို (သက္က
1783
ရာဇ်၁၁)၄၅ခု၆၄ခုစစ်တမ်း စာရင်း ဆက်သွင်း သူအရိုး သား မြေး မှန်
1802
သည့်အတိုင်း က လေး မြို့ကိုကြီး စိုး ၍ဘိုး ဘတို့အမွေလယ်များ ကိုလုပ်ကိုင်စား သောက်
ပြီး လျှင်အမှုတော်ကိုထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်
အတိုင်း အရိုး သား မြေး ငခွန်ထွန်း ကိုက လေး မြို့သူကြီး ခန့်။ သက္ကရာဇ်၁၂၂၇
16 November 1865
ခုတန် ဆောင်မုန်း လပြည့် ကျော်၁၄ရက် နေ့ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်
ထက်ဆင်ရွက်ရသည့်အတိုင်း က လေး မြို့မှာငခွန်ထွန်း ကိုမြို့သူကြီး ခန့်ထား ကြီး စိုး
ဆောင်ရွက် စေသည်။ က လေး မြို့ ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး အသည်အ
လာဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့မြို့သူကြီး ဆင့်ဆိုရာနာခံ ဆောင်ရွက်
ကြရမည်။ မြို့သူကြီး ငခွန်ထွန်း လည်း မြို့ ကျေး ရွာကိုစည်ပင်သာယာငြိမ်ဝပ် အောင်
သိမ်း သွင်း ပြုစု၍က လေး မြို့ရှိအ မွေလယ်ယာများ ကိုက လေး မြို့သူကြီး ငခွန်ထွန်း
ကသနား တော်မြတ်ခံ၍ ချတင်လုပ်စား ပြီး လျှင် ပေါ် ပေါက်ကျ ရောက်သည့်မင်း
မှုတော်ရပ်များ ကိုမြို့ ကျေး ရွာ နေအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်
တို့မှာသာနာညီမျှခွဲခန့် ကောက်ခံ၍အမိန့် တော်မြတ်ရင်း နှင့်အညီ ပြေကုန် အောင်
ကြီး စိုး စီရင် ဆောင်ရွက်ရမည်။
ဝန်မင်း များ စါ
(လုံး တော်စာစု)

သက္ကရာဇ် ၁၂၂၇ ခု ( နတ်တော်လပြည့်ကျော် ၅ ရက်နေ့ ) မကွေး မြို့စား မြင်း ဝန်မင်းကြီး၊ သတိုးမင်းကြီး မဟာမင်းလှသီဟသူ၊ မြတောင်မြို့စား သေနတ် ဝန်ကြီး သတိုး မင်းကြီး မဟာမင်းလှကျော်သူ၊ ပုခန်းကြီး မြို့စား ဝန်ကြီး သတိုး မင်းကြီး မဟာမင်းလှစည်သူ၊ လောင်းရှည်မြို့စား လှေသင်း ဝန်ကြီး သတိုး မင်းကြီး မဟာစည်သူတို့ကိုတိုး၍ သနား တော်မြတ်ခံရသည်၊ မျည်း မောက်တို ပေး အတိုကောက်ဘုရား

မောက်တို ရွှေပိန်း ရွှေကုံး စိန်တောင် ၁၂၊ မှန်ကင်း စိုက်၊ ရွှေထိပ် ရွှေထွတ်ငှက်မနား စိန်ပွင့် ၁၂၊ ပါး ကာနား ကာ ရှေ့ကာ နောက်ကာ မောက်ရုပါလည် ကွေး ၊ ကတ္တီပါနီ ရွှေယက်ပြား သတ်၊ အတွင်း ရွှေကြက်သွန် မြိတ်သတ်၊ အနား ရွှေချည်ပန်း နွယ်ကြယ်ပွင့်တပ်၊ မျည်း တိုကတ္တီပါစိမ်း ရွှေပြား သတ်၊ အတွင်း ရွှေကြက်သွန်မြိတ်သတ်၊ အနား ဝံခနဲ့ ရွှေချည်ပန်း နွယ်ကြယ်ပွင့်တပ်၊ မျည်း ရှည်ကတ္တီပါနီ ရွှေယက်ပြား သတ်၊ အတွင်း ရွှေကြက် သွန်မြိတ်သတ်၊ အနား ဝံခနဲ့ ရွှေချည်ပန်း နွယ်ကြယ်ပွင့်တပ် ၁

ပေါင်း ၁

( မျိုးကြည့်၊ ပု၊ ၆၃၅၊ ကုန်း ၊ တတိယ၊ ၁၉၆၇၊ စာ၃၂၉ )

ပညာရှိပုဏ္ဏား အုပ်မဟာသီရိပဏ္ဍိတရာဇဂုရု ဆွေမျိုး ဟရိနာရာမ်၊ သား နိမာယိ၊ ညီဒူလါလ၊ ရာမနန္ဒ၊ သား နိလမဏိ၊ ညီသုဘခနတို့ကိုပုဏ္ဏား အုပ်ပုဏ္ဏား ခေါင်း တို့ကအဆင့်အဆိုမရှိပါစေရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ပညာရှိပုဏ္ဏား မဟာသီရိပဏ္ဍိတရာဇဂုရု ဆွေမျိုး ရှစ်ပါး ပုဏ္ဏား ဟရိနာရာမ်၊ သား နိမာယိ၊ ညီဒူလါလ၊ ရာမနန္ဒ၊ သား နိလမဏိ၊ ညီသုဘ●နတို့ကို ပုဏ္ဏား အုပ်ပုဏ္ဏား ခေါင်း တို့ကအဆင့်အဆိုမရှိစေနှင့်၊ ပညာရှိပုဏ္ဏား မဟာသီရိပဏ္ဍိတရာဇဂုရုကသာအုပ်ထိန်း ဆင့်ဆိုထမ်း ရွက်စေ။

15 March 1866

(သက္ကရာဇ်) ၁၂၂၇ ခုတပေါင်း လပြည့်ကျော် ၁၅ ရက် နေ့နား ခံ ပြော့ ကြီး မှူး မဟာမင်း လှမင်း ကျော်ထွင်ပြန်။

( အောင်ငြိမ်း စါစု )

ထီးလင်း မြို့သူကြီး မြို့အစီရင်မြို့စာ ရေး တို့၊ လောင်ဘုံရွာသူကြီး ငသာရဲက
(သက္ကရာဇ် ၁၁) ၄၅ ခု ၆၄ ခု ဘေး ဘိုး ဘတို့ ရွှေတိုက်စာရင်း ဆက်သွင်း ရာ 1783
ပါဝင်လက်ရှိလက်မထွာကြီး စိုး ဆောင်ရွက်ရှိသည့်အတိုင်း လောင်ဘုံရွာကိုလက်ရှိ 1802
အရှင်ဝန်စာမစ တော်မူပါမည့်အကြောင်း နှင့် လျှောက်ထား ရှိသည်ဖြစ်၍ လျှောက်
ထား အစီရင်ခံချက်အတိုင်း (သက္ကရာဇ်) ၁၂၂၈ ခုကဆုန်လဆန်း ၂ ရက် နေ့ လောင် (15 April 1866)
ဘုံရွာကိုလက်ရှိသူကြီးစာ ပေး အပ်ခန့်ထား လိုက်သည်၊ လောင်ဘုံရွာ နေအသည်အလါ
ဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တစုတို့၊ သူကြီး ငသာရဲဆင့်ဆိုရာနာခံကြရ
မည်၊ လောင်ဘုံရွာသူကြီး ငသာရဲလည်း ကျေးရွာသါယါစည်ပင်ရာဇဝတ် တော် ရေး
ကင်း လွတ်လုံခြုံ အောင်ထိမ်းသိမ်း၍ ဆိုင်ရာဆင့်ဆိုရာနာခံထမ်း ရွက်ရမည်။
လောင်ရှည်၊ ဆော၊ ထီး လင်း တိုက်ခုနစ်ရွာဝန်မင်း လှကျော်သူ စါ။
(ထီး လင်း ဦး မောက်စါစု)

နိုင်ငံတော်အတွင်း နယ်ပယ်ကျဉ်း ကျယ်အိမ် ခြေနည်း များ ခရီး နီး ဝေး ပျမ်း မျှပြီး အလိုက်တရား ရာဇဝတ်မျက်နှာညီမျှမှုများ ကိုခွဲ ဝေစီရင် စေမည်စီရင် စုနယ်စီရင် စေမည့်ခုံမည်ဦး ရေ၃၆ခုံ တော်ခန့်ထား ထမ်း ရွက် စေရန်မှန် ပြစာရင်း ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

သက္ကရာဇ် ၁၂၂၈ ခုကဆုန်လဆန်း ၁၃ ရက် နေ့နား ခစမြောင်မှူး 26 April 1866
မင်း ထင်စည်သူတွင်ပြန်။

( ရေစကြိုဖြတ်ထုံး ၊ ၁၉၆၅၊ စါ ၇၈ )

ပညာရှိရှစ်ပါး ပုဏ္ဏား အုပ်မဟာသီရိပဏ္ဍိတရာဇဂုရုကိုပုဏ္ဏား ဝန်ခန့်။
17 October 1866

သက္ကရာဇ် ၁၂၂၈ ခုသီတင်း ကျွတ်လဆန်း ၉ရက် နေ့နား ခံ နေမျိုး မင်း လှသင်္ခယာတွင်ပြန်။

( အောင်ငြိမ်း စာစု )

မြင်ကွန်း စား ငယ်ပန်း တိမ်း စား ငယ်တို့ပုန်စား ပုန်ကန်ပြု၍ဖြစ်ပွါး သည့် အရာမှာမြင်ကွန်း စား ငယ်မြင်း ခုံတိုင်စား ငယ်တို့နှင့်အကြီး အအုပ်ပြုလုပ်သူ တို့ အောက်မြို့ကျေး ရွာသို့ထွက် ပြေး ရှိသည်၊ ပန်း တိမ်း စား ငယ်ညီတိုင်တား စား ငယ်၊ တောင်ဆင်း စား ငယ်၊ တောင်ပုံစား ငယ်၊ ငဖြူငယ်၊ ငစံ အောင်ငယ်၊ ငအုန်း ငယ်၊ ငလှောက်ငယ်တို့နှင့်အပေါင်း အသင်း ပါအကြီး အအုပ်ပြုလုပ်သူတို့ ကို လည်း ဘမ်း ဆီး ရမိအရေး တော် ပြေကုန်၍ ရှိသည်၊ နိုင်ငံ တော်အတွင်း အရပ် ရပ်မြို့ရွာမှာမြို့အုပ်ရွာအုပ်မြို့ရွာသူကြီး မြင်း ခေါင်း မြင်း စီး ဒိုင်း ခေါင်း အဝန်း စုထိန်း စုအုပ်တို့နှင့်မြို့ရွာ နေဆင်း ရဲသား ကျွန် တော်မျိုး တို့ကိုသူပုန်ဘက် ပါဆို၍အဘမ်း အဆီး အစစ်အမေး မရှိ စေနှင့်၊ ငြိမ်ဝပ်ပွား နေထိုင် စေ၊ မရမ မိသည့် ကြေး မြင့်စား ငယ်နှင့်ငမှန်း၊ငရန်၊ ငရွှေမောင်၊ ငကျောက်ခဲ၊ င မိတ်တို့စီရင်စုမြို့ရွာများ သို့ခိုဝင်လာ ရောက်လျှင်သာ မထွက်မလွတ် စေရ၊ ရမိ အောင်ဘမ်း ဆီး ဆက်သ စေ၊ စော်ဘွား မြို့စား မြို့ဝန်စစ်ကဲမြို့ရွာအကြီး အအုပ် တို့ကို စေ့နှံ့ အောင်ပြန်ဆိုမှာထား စေ။

18 November 1866

သက္ကရာဇ် ၁၂၂၈ ခုတန်ဆောင်မုန်း လဆန်း ၁၂ ရက် နေ့နား ခံမင်း လှသီရိ ကျော်တင်တွင်ပြန်။

(ဆင်တဲစါစု)

ကရားမြို့သူကြီး မြို့စာရေး တို့၊ မြင်ကွန်း စား ငယ်၊ ပန်း တိမ်း စား ငယ်တို့ ပုန်စား ပုန်ကန်ပြု၍ဖြစ်ပွါး သည့်အရေး မှာမြင်ကွန်း စား ငယ်မြင်း ခုံတိုင် စား ငယ်တို့နှင့်အကြီး အအုပ်ပြုလုပ်သူတို့ တောမြို့ ကျေး ရွာသို့ထွက် ပြေး ရှိသည်၊ ပန်း တိမ်း စား ငယ်ညီတိုင်တား စား ငယ် တောင်ဆင်း စား ငယ် တောင်ပုံစား ငယ်၊ ငဖြူငယ်၊ ငစံ အောင်ငယ်၊ ငအုံး ငယ်၊ ငလှောက်ငယ်တို့နှင့်အ ပေါင်း အသင်း ပါအကြီး အအုပ်ပြုလုပ်သူတို့ကိုလည်း ဘမ်း ဆီး ရမိအရေး တော် ပြေကုန်ရှိသည်၊ နိုင်ငံ တော်အတွင်း အရပ်ရပ်မြို့ရွာ များ မှမြို့အုပ်ရွာအုပ်မြို့ရွာသူကြီးမြင်း ခေါင်း မြင်း စီး ဒိုင်း ခေါင်း အဝန်း ၊ စုထိန်း စုအုပ်တို့နှင့်မြို့ရွာ နေဆင်း ရဲသား ကျွန် တော်မျိုး တို့ကိုသူပုန် ဖက်ပါဆို၍အဘမ်း အဆီး အစစ်အမေး မရှိ စေနှင့်၊ ငြိမ်ဝပ်စွာ နေထိုင် စေ၊ မရမမိသည့် ကြေး မြင်စား ငယ်နှင့်ငမှန်း ၊ ငရန်၊ ငရွှေမောင်၊ ငကျောက်ခဲ၊ ငမိတ်တို့စီရင်စုမြို့ရွာ များ သို့ခိုဝင်လာ ရောက်လျှင်သာ မထွက်မလွှတ် စေရရမိ အောင်ဘမ်း ဆီး ဆက်သ စေ၊ စော်ဘွား မြို့စား မြို့ဝန်စစ်ကဲမြို့ရွာအကြီး အအုပ်တို့ကို စေ့နှံ့ အောင်ပြန်ဆိုမှာထား စေ၊ (သက္ကရာဇ် ၁၂၂၈ခုတန် ဆောင်မုန်း လဆန်း ၁၂ရက် နေ့) (18 November 1866) ဘုရား အမိန့် တော်မြွတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည်ဖြစ်သည်၊ စီရင်စုမြို့ရွာ များ မှာမြို့အုပ်ရွာအုပ်မြို့ရွာသူကြီး မြင်း ခေါင်း မြင်း စီး ဒိုင်း ခေါင်း အဝန်း စုထိန်း စုအုပ်တို့နှင့်မြို့ရွာ နေဆင်း ရဲသား ကျွန် တော်မျိုး တို့ကိုသူပုန်ဘက်ပါဆို၍အဘမ်း အဆီး အစစ်အမေး မရှိ ငြိမ်ဝပ်စွာ နေထိုင် စေပြီး လျှင်မရမမိသည့် ကြေး မြင်စား ငယ်နှင့်ငမှန်၊ ငရန်၊ ငရွှေမောင်၊ ငကျောက်ခဲ၊ ငမိတ်တို့စီရင်စုမြို့ရွာ များ သို့ခိုဝင်လာ ရောက်လျှင်သာ မထွက်မလွှတ် စေရအမိန့် တော်မြွတ်ရင်း နှင့်အညီရမိ အောင်ဘမ်း ဆီး ဆက်သရမည်။

ဝန်မင်း များ စာ

( မော်လိုက်သန့်စင်စါစု )

လမိုင်း ဝန် ထောက်မဟာမင်း လှရာဇာကို ဗောင်း ကတ္တီပါနီ ရွှေသီး ပန်း ၉၊
တမာရွက် ထောင် ၉၊ ရွှေနား တောင်း ကြက်ရင်အနား ဆူး နှစ်ထပ်၊ ကတ္တီပါ
ဝတ်လုံဘဲရုံ ရွှေဖျင်ဗိတဆင့်တပ်၊ ဘွဲ့ဖြူ ရွှေမြိတ်ဂံ၊ ရွှေစလွယ် ၉သွယ်၊ မောက်တို ရွှေ
ပိန်း ရွှေကုံး စိန် တောင် ၉၊ ရွှေထိပ် ရွှေထွတ်ငှက်မနား စိန်ပွင့် ၁၂၊ ပါး ကာ
နား ကာ ရွှေကာ နောက်ကာ မောက်ရူပါလည် ကွေး ကတ္တီပါနီယက်ပြား သတ်၊ မျည်း
တိုကတ္တီပါစိန်း ယက်ပြား သတ်၊ မျည်း ရှည်ကတ္တီပါနက်ယက်ပြား သတ်၊ ကွမ်း ခွက်လ
ဘက်အိုး တကောင်း ပိတ်ရှစ် ထောင့်၊ ငွေ ထွေး အင်၊ ဓါး အဆောက်ကတ္တီပါနက်
မွှန်း ရင်း ဖျား ခွေး မခွေး ငယ်သံပတ်ရတန့်၊ ရွှေသား ကျောက်အိမ်ပါ၊ အိမ်
ကတ္တီပါနက်မွှမ်း ရင်း ဖျား ခွေး မသံပတ်ရတန့်၊ ရွှေသား ကျောက်အိမ်ပါ၊ ထီး
နီ ရွှေ ညောင်ရွက် ၂ဆင့်၊ ညောင်ရွက် ရေ ၂၄၊ အချက်အထွတ် ရွှေ၊ ကျိုင်း ရွှေထွတ်
၁ထမ်းစင်တလဲ ၉ ဝန်း၊ဘိနပ်ကုလား ပန်း ၊ အိမ် ညောင်ရွက်အတွင်း ကုလားပန်း၊
ဘောင်ထိပ်ဘ ယောင်း ပွင့်၊ ခါး ပန်း ကမ္ပတ်ကြာနုတမြူခြူး ၊ ကမ္ပတ်နား အတွင်း
ပြင်ပွတ်ခြမ်း ၊ စက်ဘီလူး ခေါင်း၊အတွင်း ကြယ်နား ကုလား ပန်း ၊ ညောင်ရွက်
တမြူခြူး၊ကြက်ရင်ကုလား ပန်း ၊ အိမ် ညောင်ရွက်အတွင်း ကုလား ပန်း ၊ ထောင့်
ကျေး စည်တိုင်အ ဖြေမြင်း နား၊ လျှောက် ၅ ဝန်း ထုပ် ၃ ဝန်း၊ထု ပြောက်အနီသုတ်၊
ခါး ပန်း စက်မှာလက်ဝဲလက်ယာ ၃ ဝန်း စီ၊ နောက် ၂ ဝန်း၊ ရှေ့တဝန်း ၊ စက်အ
တွင်း ဆင်စွယ်ကြယ်၊စက်နား ညောင်ရွက်ဆင်စွယ်၊ကြက်ရင်ကုလား ပန်း ၊ အိမ်ဆင်
စွယ် ၂တန့်၊လည်သီး ဆင်စွယ် မှော် သေး၊ ကျေး စည်တိုင်ဆင်စွယ်တပ်၊ ဘောင်ထိပ်ဘ
ယောင်း ပွင့်ချက်ဆင်စွယ်၊ မြင်း ကကိုင်း ညောင်ရွက်ရ၊ သံပရာခွံရက် ဘောက်
ကတောင်ဆွဲ၊ ဆက်ပါး ကာ ရွှေဇာဝါပိန်း ၊ နင်း နှင်း သိပ်၊အိမ် မြှောင်ရင်ပတ်
ကွင်း ငွေဇာဝါက တောင် ရွှေ ရေး စာမရီရုပ်ပန်း ခက်ကိုက်အနား သံငှ် ရွှေ
ပိန်း၊ဦး ခက်ထိပ် ဆောင်း မြီး ဖျမ်း ရင်ပတ် သက္ကလတ်ကြိုး ရွှေကြက်တပ်၊ စီး နှီး
သက္က ဒါန်၊ သက္ကလတ်တင်ရမ်း စက်ရွှန်း ၃ဆင့်၊ ဆင် ပေါင်း ငန်း အထွတ် ရွှေ၊ အမိုး
အနက်၊ ကတောင် ရွှေတစုအနီတစု၊ ကခွက် ရွှေတစုအနီ ၂ စု၊ ကတောင် ရွှေတစုအ
နီတစု၊ အလံကျည်လှံကျည်အဖျား ရွှေ ၁၀၊ ဆင်သက္ကလတ်ကြိုး လုံး နီ၊ စည်နီရ၊ စည်ပုတ်
၁၊ ပုံသာ ၁၊ ငွေနှဲကြီး ၁၊ ငွေနှဲငယ် ၂၊ ခရာ ၁၊ လင်း ကွင်း ၁၊ လှော်ကား

ဦး ငှက်ပျံရုပ် ၄၊ ပဲ့ငှက်ပျံရုပ် ၆၊ ဆံထုံး တဘက်ဘရုံတုံး ပရိတ်ချည် ၃ ဆင့်၊ ခင်တုရင်အမိုး အုံနီ၊ ပဲ့ဘီတုရင်၊ လုလင်တိုင် ထောင့်ဖြေပန်း ဆုပ်၊ ကြေးကြိုး ငွေကံတော့ အောင်း နီဦး တပွင့် ပဲ့ ၂ ပွင့်၊ တက်မအနီ၊ လှော်တက်ဖြူ သနား တော်မူသည်၊ စာချွန် ရေး မြဲ ရေး ရှိသွင်း ။

[27 November 1866] သက္ကရာဇ် ၁၂၂၈ ခုတန်ဆောင်မုန်း လပြည့်ကျော် ၆ ရက် နေ့နား ခံ ပြော့ကြီး မှူး မဟာမင်း လှမင်း ကျော်ထွင်ပြန်။

[7 October 1867] သက္ကရာဇ် ၁၂၂၉ ခုသတင်း ကျွတ်လဆန်း ၁၀ ရက် နေ့ ဝန်ထောက် တော်ကင်း ဝန်မင်း ဦး ဒေါင်း လှေအုပ်မင်း တို့ကို ပုပ္ပါး ဝန်ထောက်နည်း အစီး အနင်း အဆောင်အရွက်အသနား တော်ခံစေအမိန့်တော်အရအကျယ်မရှိ သောကြောင့်လမိုင်း ဝန်ထောက်မင်း ကိုသနား တော်မူရင်း အဆောင်တွင်စလွယ်ကိုချန်၍ကျန်အဆောင်များ ကိုအမိန့်တော်အကြောင်း စာရေး သား ပါမည်၊ ဝန်ထောက်တော်ကင်း ဝန်မင်း ဦး ဒေါင်း လှေအုပ်မင်း နှစ်ပါး မှာအမိန့်တော်လက်ခံကိုပြသ၍ စာရေးကြီး ဦး ကြယ်နှင့်အစီရင်ခံရာလမိုင်း ဝန်ထောက်မင်း ကိုသနား တော်မူသည့်အဆောင်အတိုင်း ရေး သား ပါတော့အမိန့်ရှိကြသည့်အတိုင်း အမိန့်တော်အဆောင်ကျယ်ကို ရေး ဆက်ရသည်။

( မျိုး ကြည့်၊ ပု၊ ၆၁၃၊ ၆၂၅ )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်၊ အဆက်ဆက်သောကိုယ်၏အဖြစ်၌ဆည်းဘူး တော်မူအပ်သောပါရမီသမ္ဘာရအပေါင်းတို့သည်ထက်သန်ကဲလွန်စွာစုံညီလပ်သဖြင့်မြတ်သောမင်းအဖြစ်သို့ရောက်တော်မူလျှင်သဒ္ဓါသတိဝိရိယပညာသမ္မာဆန္ဒဗြဟ္မဝိဟာရစသောတရားအပေါင်းတို့ဖြင့်သာသနာတော်အကျိုး စီးပွါး ပြည်သူသတ္တဝါတို့အကျိုး စီးပွါး ပွါးများဖြစ်လတ္တံ့သည်ကိုသာကြံရည်တော်မူ ပျက်သုဓမ္မာဆရာတော်တို့နှင့်မှူးတော်မတ်တော်တို့ကိုညှိနှိုင်း တိုင်ပင်စေပြီး လျှင်ပြည်သူတို့က ပေးသည့်တံစိုး ပန္နာရာထူး ဆောင်ရွက်သူတို့နှင့်မြို့ရွာအကြီး အအုပ်စုရှင်ငန်း ရှင်တို့က ပေးသည့်ကြေးငွေလက်ဆောင်များကိုမင်း မိဘုရား သား တော်သမီး တော်မှူး တော်မတ်တော်တို့ကအတောင်း အခံအစား အယူမရှိစေရ၊ အသီး သီး ဥပဒေပေး အပ်ဆင့်ဆို၍ရှိသည်၊ အရာခံအရာ ဆောင်မှုနှင့်စပ်၍ဆက်သသည့်လက်ဆောင်တော် မြို့ရွာအစုအငန်း ယိမ်း သိမ်း ရသည်မှူး တော်မတ်တော်တို့ကဆက်သရသည့်လက်ဆောင်တော်များကိုလည်း အဆက်အသမခံမြစ်တော်မူ၍ရှိသည်၊ မြို့ရွာအစုအငန်း များမှာဆက်သရန်လက်ဆောင်တော်ဆို၍မြို့ရွာအကြီး အအုပ်စုရှင်ငန်း ရှင်တို့ကကြေးငွေအခွဲအတောင်း မရှိစေနှင့်၊ ဝန်တို့ကနိုင်နင်း အောင်ဆင့်။

24 February 1867

(သက္ကရာဇ်) ၁၂၂၈ ခုတပို့တွဲလပြည့်ကျော် ၆ ရက်နေ့ နားခံပြောကြီး မှူး မဟာမင်းလှမင်းကျော်ထွင်ပြန်။

(မုံတိုင်စါစု)

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ ရှိ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့၊ သာသ
နာ့ဒါယကာ မဟာဓမ္မရာဇာ်တရား မင်း မြတ်သည် ဘေး တော်သီရိဓမ္မာ သော
ကဒေဝါနံပီယတိဿမင်း တို့၏သဒ္ဓါကြည်ညိုခြင်း ကဲ့သို့မြတ်စွာဘုရား သခင်သာသနာ
တော်၌မတုံမလှုပ်သက်ဝင်ယုံကြည် တော်မူသည်နှင့်အညီသာသနာ တော်မြတ်ကိုအစွန့်
ရှည်စွာတည်ထွန်း စေခြင်း ၄ါမူလဘူတဖြစ် သော ဝိနည်း တရား တော်ကိုရဟန်း
သံဃာ တော်တို့ထင်ရှား တည်သည်ရှိ သော်မြတ်စွာဘုရား သခင်သာသနာ တော်
တည်ထွန်း သည်မည်သည်ဖြစ်၍မြတ်စွာဘုရား စက်ဆုတ် တော်မူအပ် သော ဝဇ္ဇိတိုင်း
သား ရဟန်း များ တို့၏အဓ လေ့သိက္ခာပုဒ် တော်ကိုပျက် ရွေ့စေတတ် သောအကျင့်
အမူကုလဒုသက ရှစ်ပါး၊အနေသနနှစ်ဆယ့်တပါး တို့တွင်အကြိုး ဝင် သောသစ်သီး
ပေးခြင်း၊ပန်း ပေးခြင်း၊မြေဖြူမနော် ပေးခြင်း၊ဇေဒင် ဟောခြင်းစသည့်အမှုလှေ
ယဉ် လှော် လောင်း မြိုး ထူး ပျော်ပါး လှည်း နွား မွေး မြူစီး သွား ခြင်း ၊သ
ဝိတ်ပရိက္ခရာစသည်ကို ရောင်း ချ၍ စီး ပွါး ပြုလုပ်ခြင်း ၊ ဥယဉ်လယ်ယာ ပေါင်
နှံပြုစုစိုက်ပျိုး ခြင်း ၊ ဂတိသံသဠ လူတို့နှင့် ရော နှော၍ ရောင်း ဝယ် ဘောက်
ကား စီး ပွါး မြတ်လုပ်ခြင်း ၊ ရွှေလုပ် ငွေလုပ်ထိုး ကွင်း လက်ဖွဲ့ခါး လှည့်အင်း အိုင်
မီး တိုင်ယတြာ ဂါထာမန္တန်စီရင်ခြင်း ၊အကြောင်း မဲ့နေလွဲကွမ်း စား ဆေး
ဝါး ဆေး ငုံ ဆေး သောက်ခြင်း ၊ မြို့တွင်း ရွာတွင်း အကြောင်း မဲ့ဘိနပ်စီး သွား
ခြင်း ၊လူတို့ကဲ့သို့ထီး ဂိုး ရှည် ဆောင်း သွား ခြင်း ၊ ခက်တင် မောင်း နှင်ဆဲ ရေး
ပြောဆိုခြင်း ၊ မီး ပွဲ ဒိုး ပွဲဇာတ်ပွဲရုပ် သေး ပွဲအရပ်ပွဲ လှေပွဲလှည်း ပွဲမြင်း ပွဲစ
သည်တို့ကိုခံခြင်း ကြည့်ရှုခြင်း ကိုပ ယော ဂမကင်း အား ထုတ်ရွက် ဆောင်ခြင်း ၊ မင်း
အမတ်တို့နှင့်စပ်ရင်း သောသူခိုး ဓါး ပြတို့ကိုလက်ခံသိမ်း ထား ၍ရဟန်း သာမဏေ
ပြုလုပ်ခြင်း ၊ ရဟန်း တို့နှင့်မအပ်မစပ်လူတို့၏အသုံး အဆောင်ဖြစ် သော ဓါး လှံ သေ
နတ်တို့ကိုသိုမှီး သိမ်း ထား အနီး အပါး သို့ဆောင်ယူသွား ခြင်း စသည်တို့ကို ရှေး ရှေး
ကာလမဆွကပင်နှစ်စဉ်မပြတ်အရပ်ရပ်မြို့ ကျေး ရွာ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကဆင့်
ဆိုမြစ်တား ဆုံး မစေခြင်း ၄ါစာ ပေး အပ်သည်ကိုတင်း တင်း ကြပ်ကြပ်ဆုံး မဩဝါ
ဒ ပေး ကြအပျော်ပါသုက္ခ မောဃခဏဖြင့်သာ နေ့ရက်ကုန်ခမ်း လျက်ရဟန်း တရား မ
တိုး မပွါး ကလဟဝိဝါ;ဗဏ္ဏနဝိဝါဒ၊ ဣဿာ မေစ္ဆေ လောဘ ဒေါသမာနတရား တို့

သာပွါး များ စီပင်လျှက်သာသနာ တော်မြတ်ပျက်ပြား ဆုတ်ယုတ်ရန်အား ကြီး ကြ 1866
သည်နှင့်သက္ကရာဇ် ၁၂၂၈ ခုနှစ်သို့ ရောက်လစ်ကာလသတ္တဝါအများတို့၏အကုသိုလ်တရား
ပွါး များ ဘိစီး လပ်သဖြင့်ဓါတ်ဆန်း ကိန်း ခန်း အလိုက်လူမိုက်လူဆိုး တို့အား မကိုးသင့်
သည်ကိုအား ကိုး မာနတက်လျှက်မီး ရောင်မီး ခွက်သို့အသက် ဘေး ကိုမကြောက်မရွံ့
ရွတ်ရွတ်ချွန်ချွန် ပြေး ဝင်တိုး ရှိုး သောပိုး ဖလံတို့ကဲ့သို့မိမိတို့၏အသက် သေဘေး ကို
မကြောက် လောဘ နောက်သို့လိုက်မှား ၍ပြည် လေး ပြည်မွှား တို့ဖြစ်ပွါး မြွန်း တီး
တတ်သဖြင့် နေပြည် တော်မှစ၍အရပ်ရပ်မြို့ ကျေး ရွာ များ တွင်လူရှင်ရဟန်း တို့
မငြိမ်မသက်ရှိကြ သော ကြောင့်ရဟန်း သံဃာတို့လည်း ဝိနည်း သိက္ခာပုဒ်ဆုတ်ယုတ်
ပျက်ပြား ကြသည်ဖြစ်၍ ဂိုဏ်း အုပ် ဂိုဏ်း ထောက်ပြုလုပ်သူအကြီး အအုပ်တို့က မိမိတို့ဂိုဏ်း
တွင်း သံဃာ များ ကိုမြင်ကွန်း စား ပတိမ်း စား ကို့ ဘေး အရေး ဖြစ်ပွါး ရာစံ
နန်း တော်တွင်း မင်း ၏ဘဏ္ဍာ တော်အများ ပျက်ပြား ချွတ်ယွင်း သည်အခိုက်ကြိမ်
ကြိုက်သည်အတွင်း တွေ့မိ ပေါ်ထွက်လျှက်ရှိသည်ဖြစ်၍ ၄င်း အရေး တော်အတွင်း ရွှေ
မြို့ တော်က တောမြို့ ကျေး ရွာသို့အ ဆောတလျှင် ရှောင်တခင်ပြန်လာကြသည့်ရဟန်း
သာမဏေတို့ကိုလည်း မင်း ၏ဘဏ္ဍာ တော်များ နှင့်လွတ်ကင်း သန့်ရှင်း သည်မသန့်
ရှင်း သည်များ ကို မေး မြန်း ထောက်လှန်း စစ် ဆေး ကြပြီး လျှင်မြတ်စွာဘုရား
သခင်စက်ဆုတ်ရွံ့ရှာ တော်မူအပ်သည့်ဝဇ္ဇတိုင်း သား ရဟန်း များ တို့၏အမူအကျင့်
ဖြစ် သောအမှုတို့ကို ပေါ်ထွက်မရှိ စေရ၊ ဝိနည်း သိက္ခာပုဒ် တော်နှင့်အညီပဋိယတ်
ပဋိပတ်တရား တို့ကိုပွါး များ အား ထုတ်ကျင့်ကြ နေထိုင်ကြ အောင်တင်း တင်း ကြတ်
ကြပ်ဆင့်ဆိုမြစ်တား ဆုံး မကြရမည်၊ အရပ်ရပ်ဆင့်ဆိုသည်ကို မတည် ဂိုဏ်း အုပ် ဂိုဏ်း
ထောက်ပြုလုပ်သည့်ပုဂ္ဂိုလ်တို့လည်း သိက္ခာပုဒ် တော်နှင့်ညီ အောင်အား မထုတ်၊ အ
ပျော့သုတ္တ ကြောင့်ကျမဲ့တိုင်ခြင်း ၊ ဂိုဏ်း သံဃာတို့ကိုလည်း မဆင့်မဆိုမမြစ်မတား
ပေါ့ လျော့ကျင့်ကြ နေထိုင်သည်များ ကိုမြို့ဝန်စစ်ကဲအရာရှိတို့က မည်သည့်ပုဂ္ဂိုလ် ဝိနည်း
တရား နှင့်မ လျော်သည်ကိုကျင့်ကြ နေထိုင်သည်ဆို၍လွှတ် တော်ရုံး တော်များ သို့တိုင်
တန်း လျှောက်ထား ကြား သိရလျှင် ဂိုဏ်း အုပ် ဂိုဏ်း ထောက်ပြုလုပ်သည့်ပုဂ္ဂိုလ်နှင့်ဝိ
နည်း သိက္ခာပုဒ် တော်နှင့်အညီကျင့်ကြ နေထိုင်သည့်ပုဂ္ဂိုလ်တို့ကိုအပြစ်စီရင်ရမည်၊ သု
ဓမ္မာဆရာ တော်တို့စာ ပေး ဆင့်ဆိုလိုက်သည်၊ အရပ်ရပ်မြို့ ကျေး ရွာရှိ ဂိုဏ်း အုပ်

ဂိုဏ်း ထောက်တို့၊ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ နေဆင်း ရဲသား
ကျွန်တော်မျိုး တို့ကိုအကြီး အအုပ်ပြုလုပ်သူတို့ညှင်း ပမ်း နှိပ်စက်၍ဆင်း ရဲပင်ပန်း
မြို့ရွာမငြိမ်မသက်ရှိမည်များ ကို ရှေး မဆွကပင်ထင်မြင် ကြောင့်ကျ တော်မူ၍သူ
ပုန်သူကန်တို့လက်နိုင်သိမ်း ယူရပါသည့်မြို့ ကျေး ရွာနှင့်စည်း ကြပ် စောင့် နေကြ
ရသည့်မြို့ရွာများ လည်း ရှိသည်ဖြစ်၍ ကြောက်လန့် တော တောင်ပုန်း အောင်း
၍ နေသူတို့ကိုအဖမ်း အဆီး အစစ်အမေး မရှိ စေနှင့်၊ ရာဇဝတ်ကိုချမ်း သာ
ပေး တော်မူသည်၊ ငြိမ်ဝပ်စွာ နေထိုင် စေအမိန့် တော်ထုတ်ပြန် တော်မူရင်း
အတိုင်း မြို့ဝန်စစ်ကဲအရာရှိတို့ကမြို့ရွာသူပုန်တို့နှင့်တိုက်ခိုက်ရာအရေး မသာ၍
ဆုတ်ခွါရသည့်မြို့ရွာ ရွှေမြို့ တော်သို့မ ပေါက်မ ရောက်နိုင်ရှိသည်ကိုမြို့ရွာနှင့်ဆင်း
ရဲသား ကျွန် တော်မျိုး တို့ကိုပတိမ်း စား မြင်ကွန်း စား တို့သူပုန်ဆို၍နှိပ်စက်
ညှင်း ပန်း မရှိရ အောင်အရပ်ရပ်မြို့ ကျေး ရွာဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကို
သုဓမ္မာဆရာ တော်တို့ကဆင့်ဆိုပါမည့်အကြောင်း နှင့်အတွင်း ဝန်က လျှောက်ထား
ရှိသည်အတိုင်း ပန်း တိမ်း စား မြင်ကွန်း စား တို့သူပုန်ဆို၍မြို့ဝန်စစ်ကဲအရာရှိ
တို့ကနှိပ်စက်ညှင်း ပမ်း မရှိ စေရ အောင်တင်း တင်း ကြပ်ကြပ်မြစ်တား ဆုံး မ
ဆင့်ဆိုကြရမည်ဆင့်ဆိုသည်ကိုမဘည်၊ ပန်း တိမ်း စား မြင်း ကွန်း စား တို့သူပုန်
ဆို၍မြို့ဝန်စစ်ကဲအရာရှိတို့ကနှိပ်စက်ညှင်း ပမ်း သည်ကိုမမြစ်မတား နေ၍ထပ်
မံကြား သိရလျှင်ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကိုသုဓမ္မာသို့ခေါ်၍စီရင်မည်၊ ဂိုဏ်း
အုပ်ဂိုဏ်း ထောက်တို့ဆင့်ဆိုလိုက်သည်၊ ဂိုဏ်း သင်္ဃာကိုယ် တော်အရှင်မြတ်တို့ယခုဝက်
ခေါင်း ဂိုဏ်း ထောက်တို့ကိုဆရာတို့ကပင့်ခေါ်၍သုဓမ္မာဆရာ တော်တို့ကဆင့်ဆို
မြစ်တား တော်မူ သောအမိန့် တော်အမှာ တော်အာဏာ တော်တို့ကို ပေး အပ်လိုက်
သည်၊ ၄င်း အမိန့် တော်အမှာ တော်အာဏာ တော်အကူအရကိုဝက် ခေါင်း ဂိုဏ်း
ထောက်တို့ဆင့်ဆိုရာနာခံလျှက်ကျင့်သုံး နေထိုင်ကြရမည်၊ ၄င်း ဝက် ခေါင်း ဂိုဏ်း
ထောက်တို့ကလည်း အမိန့် တော်အရာကိုဖတ်ရွတ်၍ရှင်ရေး လူရေး မသင့်မတင့်
သည်များ ကိုနိုင်နင်း အောင်မြစ်တား ကြရမည်၊ သုဓမ္မာဆရာ တော်တို့စာ ပေး
ဆင့်ဆိုလိုက်သည်၊ ပင်း ၊ နတ်မောက်၊ ကျောက်ပန်း တောင်း သုံး မြို့ဂိုဏ်း အုပ် 1867
ဂိုဏ်း ထောက်တို့၊(ဩဂုတ်) ၁၂၂၉ ခုနှစ်သဿ မေမအေခွန် တော်ကိုခွဲခန့်ကောက်

ခံသည့်အရာမှာတအိမ်လျှင်ငွက်နီ ၅ကျ တောင်း ခံခွဲခန့်သည်ဖြစ်၍မြို့နေရွာသား
လူအများ တို့မသက်မသာရှိကြပါသည်၊ တအိမ်လျှင်နီ တင်ဂိကျမဖြစ်ပါစေနှင့်၊ ယ
ခုခွဲခန့် ကောက်ခံပြီး နီတင်၅ကျအရကျပ်သုံး ဒင်္ဂါး ၆ပြား ၂ပဲကျများ ကို ဆောင်
ပေး ငြိမ်း ပြီး နောက်တအိမ်လျှင်နီတင်၃ကျ ကြေး ကိုအခွဲအခန့်မရှိပါစေမည့်
အကြောင်း နှင့်သုံး မြို့ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ လျှောက်ထား ချက်ရှိသည့်အတိုင်း
လွှတ်တော်မှူး တော်မတ် တော်အခွန်ဝန်တို့ကိုကြား သိ ပြောဆိုရာသုံး မြို့ ကျေးရွာ
များ မှာ နီတင်ဂိကျမခွဲမခန့်စေမူ၍ယခု တောင်း ခံပြီး သည့်ကျပ်သုံး ဒင်္ဂါး ၆
ပြား ၂ပဲကျ ကြေး နှင့်နောင်ခွဲခန့်မည့် ကြေး ကိုနှစ်ဦး စပ်ကျပ်သုံး ဒင်္ဂါး ဂိကျ
ခွဲခန့် ကောက်ခံ စေ အောင်စာ ပေး ဆင့်ဆို တော်မူပါမည့်အကြောင်း ကိုလွှတ်
တော်မှူး တော်မတ် တော်အခွန်ဝန်တို့အ လျှောက်အထား ရှိသည်ဖြစ်သည်၊ ၎င်း၃မြို့
ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့၊ ယခု ဆောင် ပေး ပြီး ကျပ်သုံး ဒင်္ဂါး ၆ပြား ၂ပဲ
ပေါ်မှာကျပ်သုံး ဒင်္ဂါး ၄စ်ပြား ပြည့်မှီ အောင်၁ပြား ၇ပဲ ကြေး ကိုသာထပ်ခွဲ
ခန့် ကောက်ခံကြရမည့်အကြောင်း နှင့်သဿမေမအခွန် တော် ကောက်အရာရှိတို့
ကိုဆင့်ဆိုကြရမည်၊ ဝန်မင်း များ စာ။
ပင်း မြို့၊ နတ်မောက်မြို့၊ ကျောက်ပန်း တောင်း မြို့သဿမေမဆယ်ဘို့တဘို့အခွန်
တော် ကောက်အရာရှိတို့ပင်း ၊ နတ်မောက်၊ ကျောက်ပန်း တောင်း မြို့ ကျေး
ရွာ များ မှာ (သက္ကရာဇ်) ၁၂၂၉ခုနှစ်သဿမေမဆယ်ဘို့တဘို့အခွန် တော် ကောက် 1867
ခံရန်ရှိသည်ကိုမြို့ရွာ နေလူတို့မှာအင်အား ထောက်၍တအိမ်လျှင်ငွက်နီ ၅ကျဒင်္ဂါးသင့်
၆ပြား ၂ပဲညှိနှိုင်း ရုံထား ပြီး နောက်ထပ်မံ၍ ငွက်နီ ၃ကျဒင်္ဂါး ၃ ၇ပဲညှိနှိုင်းရန်
ခန့်ထား ခွဲ တောင်း မည်ရှိ ကြောင်း များ နှင့်ကြား သိရသည်ဖြစ်၍ စာ ပေးအပ်
လိုက်သည်၊ ပင်း ၊ နတ်မောက်၊ ကျောက်ပန်း တောင်း မြို့ ကျေး ရွာ နေလူတို့မှာ
(သက္ကရာဇ်) ၁၂၂၉ခုနှစ်သဿမေမဆယ်ဘို့တဘို့အခွန် တော် ကောက်ခံဆက်သွင်း 1867
ရှိသည်ကိုလယ်ယာလုပ်ငင်ကူသန်း ရောင်း ဝယ်သည်၊ စီး ပွါး အင်အား အရောက်
ညှိနှိုင်း ၍တအိမ်ကို ဒိသုံး ဒင်္ဂါး ၄စ်ပြား ကျရုံထား ပြီး လျှင်အထက် ကောက်ပြီး ဒင်္ဂါး
၆ပြား ၂ပဲကျ ငွေကိုနှိမ်၍ကျန်ဒင်္ဂါး ၁ ၇ပဲကျ ငွေကိုသာ ဒင်္ဂါး ပေး ဆောင်နိုင်သူ
ပေး ဆောင် စေရမည်၊ ဒင်္ဂါး မရှိသူတို့မှာ ရိုး သား ဖြောင့်မတ်သည့် ငွေကိုမြို့

ရွာနေလူတို့မနာမကြင်စေရ၊ ဒင်္ဂါး အကျ၂ ဒိပြား ကိုက်ခံယူရမည့်အခွန်တော်ခွဲတောင်း ကောက်ခံရန်ရှိသည်ကိုလည်း အပူအပြင်း အတောင်း အခံမရှိစေရ၊ သာယာညို ဖြောင့်ပြောဆို၍ နေ့ရက်မရှည်မကြာစေရ၊ ပြီး ပြေအောင်ဆက်သွင်းရမည်။ ဝန်မင်း မျှား စာ။

(သက္ကရာဇ် ၁၂၂၉ ခုကဆုန်လဆန်း ၁၃ ရက်နေ့) (15 May 1867)

(ဆင်တဲစါစု)

(15 May 1867)

(သက္ကရာဇ် ၁၂၂၉ ခုကဆုန်လဆန်း ၁၃ ရက်နေ့တွင်ပန်းတိမ်းစာဟောင်းကိုကူပ်သည်၊ ကုန်း ၊ တ ၊ ၁၉၆ ရ ၊ စါ၃၅၅)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှ သော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ သီရိမာ မေတ္တာရပ်ခံ ချက်အတိုင်း မြေတူး မြို့စီပုင်စုကွဲဆွဲရွာ မြောက်ရွာသစ်တောရကျောင်း တိုက်အနီး မိကေး ကသမုတ်လှူဒါန်း သည့်သိမ်အ ရှေ့အနောက် တောင်မြောက်တာ ၁၅၀ ဝါအတွင်း ခိုမှီရှိနေသည့် ရေပိုး ရေမွှား သား ငှက်တိရိစ္ဆာန်တို့ကိုအဘယဒါနဇီဝိတဒါနကုသိုလ်တော်အထူး ဖြစ်ပွါး စေခြင်း ငှါ ဘေး မဲ့ ပေး တော်မူသည်၊ အဖမ်း အဆီး အနှောင်အဖွဲ့အပစ်အခတ်အသတ်အညှစ်မရှိ စေနှင့်လွှတ်ကင်း ချမ်းသာစေ၊ မြေတူး မြို့သူကြီး မြို့စာရေး တို့နှင့်ကွဲဆွဲရွာအစီရင်သူကြီး ခေါင်း အကြီး တို့၊ ရဟန်း တော်ရှင်သီရိမာ မေတ္တာရပ်ခံ ချက်အတိုင်း မြေတူး မြို့စီပုင်စုကွဲဆွဲရွာ မြောက်ရွာသစ်တောရကျောင်း တိုက်အနီး မိကေး ကသမုတ်လှူဒါန်း သည့်သိမ်အ ရှေ့အနောက် တောင်မြောက်တာ ၁၅၀ ဝါအတွင်း ခိုမှီး ရှိနေသည့် ရေပိုး ရေမွှား သား ငှက်တိရိစ္ဆာန်တို့အဘယဒါနဇီဝိတဒါနကုသိုလ်တော်အထူး ဖြစ်ပွါး စေခြင်း ပှါ ဘေး မဲ့ ပေး တော်မူသည်၊ အဖမ်း အဆီး အနှောင်အဖွဲ့အပစ်အခတ်အသတ်အညှစ်မရှိ စေနှင့်လွှတ်ကင်း ချမ်းသာစေ ဘေး မဲ့ ပေး တော်မူသည်၊ နယ်မြေနိမိတ်ပုံစံကိုလည်း ဌာဝရကုသိုလ်တော်ဖြစ်ထွန်း အောင် ကျောက်တိုင်စိုက်မှတ်၍ ပုံစံကိုသွင်း ၊ သက္ကရာဇ် ၁၂၂၉ ခုကဆုန်လပြည့် (20 May 1867) ကျော် ၃ ရက် နေ့ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည်ဖြစ်၍ မြေတူး မြို့စီရင်စုကွဲဆွဲရွာ မြောက်ရွာသစ် တောရကျောင်း တိုက်အနီး မိကေး ကသမုတ်လှူဒါန်း သည့်သိမ်အ ရှေ့အနောက် တောင်မြောက် ၅၀ ဝါအတွင်း ခိုမှီး ရှိနေသည့် ရေပိုး ရေမွှား သား ငှက်ငိုတိစ္ဆာန်တို့ကို ဘေး မဲ့ ပေး တော်မူသည့်အမိန့်တော်မြတ်ရင်း နှင့်အညီအဘမ်း အဆီး အနှောင်အဖွဲ့အပြစ်အခတ်အသတ်အညှစ်မရှိလွှတ်ကင်း ချမ်းသာစေရမည်၊ နယ်နိမိတ်ပုံစံကိုလည်း ဌာဝရကုသိုလ်တော်ဖြစ်ထွန်း အောင် ကျောက်တိုင်စိုက်မှတ်၍ ဘေး မဲ့ပိုင်း ခြား သည့်ပုံစံကိုလွှတ်တော်မှာ တင်ပေး လျှောက်ထား ဆက်သွင်း ရမည်။

ဝန်မင်း များ စာ

( ဃောင်း စါစု )

(30 June 1867)

# မိုးနဲ့တပ်ရုံးဥပဒေသရေး*

**ရှမ်းပြည်မြေလတ်မြို့ကျေးရွာများမှာ၊၁၂၂၉ခုနှစ် ဆင့်ဆိုခန့်ထားရန်ဥပဒေသရေး**

၁။ မိုးနဲ့တပ်ရုံးမှာသင့်ရာလူပေးအပ်၍၊ဝန်ထောက်စောင့်နေထမ်းရွက်စေမည်။

၂။ မိုးနဲ့တပ်ရုံးမှာတချက်၊ ညောင်ရွှေမြို့မှာတချက်၊ သီပေါမြို့မှာတချက်၊ လက်နက်ကရိယာ၊ ခဲ၊ ယမ်းမီးကျောက်အပြည့်အစုံတင်ထားအဆင်သင့်ရှိစေရမည်။

၃။ ရှမ်းပြည်မြေလတ်မြို့ကျေးရွာများမှာ၊ ဆိုင်ရာ အကွဲ အပြား အဆင့်အဆိုမရှိစေရ၊ လွှတ်တော်ဆင့်ဆိုရာနာခံ၍မိုးနဲ့တပ်ရုံးကတာဝတည်းဆင့်ဆိုစေရမည်။

၄။ သံလွင်အနောက်ဖက်၊ ရှမ်းမြို့ကျေးရွာများမှာ၊ စော်ဘွားမြို့စားတို့က အလိုအလျောက်ကြေးငွေ၊ အခွဲအတောင်းမရှိစေရ၊တပ်ရုံးဆင့်ဆိုရာနာခံခွဲတောင်းစေမည်။

၅။ မိုးနဲမြို့ရှိ၊မြန်မာကျွန်တော်မျိုးစာရင်းပါသားမြေးလူဘို့ကိုသိမ်းရုံးစည်းကြပ်အသင့်ရှိစေမည်။

၆။ မြို့ရွာအင်အားအလျောက်၊ ချင့်ထောက်တိုင်းတာပြီးလျှင်၊ မည်သည့်မြို့ကလူလက်နက်မည်မျှ၊ အသီးသီးမြို့စားစော်ဘွားတို့ဝန်ခံစေ၍၊စည်းကြပ်အသင့်ရှိစေရမည်။

၇။ တပ်ရပ်တပ်ခံသင့်သည့်မြို့များမှာ၊ရဲမက်တို့ကို ထောက်ပံ့ပေးကမ်းရန် ကျီနှင့် လှောင်ထားစပါးမျိုး ရိက္ခာများကို၊ဆင့်ဆိုအသင့်ရှိစေမည်။

၈။ မိုးလေစဲငြိမ်ကာလ၊မပြတ်မဝပ်သည့်မြို့များကို၊ပြတ်ဝပ်အောင် အင်အားအလျောက် ချီတက်ရမည်ဖြစ်၍၊ တောင်တပြင်ထားကင်းအစောင့်အနေ၊ လမ်းပေါက်၊ လမ်းဝများမှာ၊ ကြပ်ကြပ် တည်းတည်း ဆင့်ဆိုခန့်ထားစောင့်နေစေ၍မိုးနဲ့တပ်ရုံးမှာသင့်ရာစစ်ကဲနှင့်၊ အုပ်ကွပ်စောင့်နေစေပြီးလျှင်၊ ဝန်ထောက်နှင့် သင့်ရာစစ်ကဲတို့ကိုသိန္နီမြို့သို့ချီတက်စေမည်။

၉။ ဝန်ထောက်သိန္နီမြို့သို့ မချီမတက်မီ၊ သိန္နီမြို့အရှေ့လက် မြောက်လက် အလယ်လက်၊ကျေးသီးတပ်ပေါင်းငါးဌာနများမှာ၊နီရပ်သည့်မြို့ရွာရှိအမှုထမ်းလူတို့နှင့် အကြီးအအုပ်ငါးဦးခန့်ထားအသင့်ရှိစေမည်။

၁၀။ ဝန်ထောက်သိန္နီမြို့သို့ ချီတက်သည့်ကာလ၊ မြန်မာအမှုထမ်းပါလူတို့ပြင်၊ရှမ်းပြည်မြို့ ကျေးရွာ အင်အားအလျောက်၊ သင့်ရာစော်ဘွားမြို့စားတို့ ကိုယ်နှင့်ဖြစ်စေ၊ ညီသားအမတ်တို့နှင့်ဖြစ်စေ၊ လူလက်နက်ခန့်ထား၍လိုက်ပါထမ်းရွက်စေမည်။

## မိုးနဲ့တပ်ရုံးမှာထားရန်ဥပဒေသရေး

**မိုးနဲ့တပ်စစ်ကဲအရာရှိတို့ဆင့်ဆို၍၊တပ်ရုံးမှာထားရန်ဥပဒေသရေး**

၁။ တပ်ရုံးအရာရှိတို့မှာ၊ စရိတ်ငွေတော်သနား တော်မြတ်ခံစေ၍ရှိသည်၊ တပ်ရုံးဆင့်စုမြို့ ကျေးရွာများမှာဝင်းနေအိမ်မှစ၍၊ပန္နာကြေးအတောင်းအခံ၊လူအခန့်အတားမရှိလွှတ်ငြိမ်းစေမည်။

၂။ တပ်ရုံးဆင့်စုမြို့ ကျေးရွာများမှာ၊ ၂ဝိကြေး၊ ၃ဝိ၅ျကြေးများကို၊ ခွဲချိန်ကာလရောက်လျှင်၊ သင့်ရာလူစေလွှတ်ကောက်ခံစေမည်ဖြစ်သည်၊တပ်ရုံးကအလျောက်အခွဲအတောင်းမရှိ၊ ဆင့်ဆိုမည်။

၃။ တပ်ရုံးဆင့်စုမြို့ကျေးရွာများမှာ၊ တမြို့တရွာတည်းနေထိုင်သူချင်းဖြစ်ပွါးကြသည့် တရားရာဇဝတ်မှုများကိုတပ်ရုံးကလက်ခံ၍အစစ်အမေးမရှိစော်ဘွားမြို့စားမြို့အုပ်စစ်ကဲတို့ကစီရင်စေ။

၄။ စော်ဘွား မြို့စား မြို့အုပ် စစ်ကဲတို့စီရင်၍ မပြီးလျှင်၊ တပ်ရုံးမှာ ပြောဆိုစေမည်၊ မပြီးလျှင် ဗိုလ်မှူးရှိရာလာရောက်ပြောဆိုစေမည်။

၅။ တမြို့နှင့်တမြို့၊တနယ်နှင့်တနယ်၊နေရပ်ကွဲပြားသည့်တရားမှုများကို၊တပ်ရုံးကလက်ခံစီရင်စေမည်။

၆။ တပ်ရုံးကစီရင်၍မပြီးလျှင်၊ဗိုလ်မှူးရှိရာလာရောက်ပြောဆိုစေမည်။

၇။ တပ်ရုံးမှာစွဲဆိုသည့်တရားစကားမှုများမှာလည်းမှတ်ချက်ရေးမှတ်ပုံတင်၊ ဖတ်စာ၊ မှတ်စာဆို၍၊ အတောင်း အခံမရှိ၊ထုတ်ပြန်တော်မူသည့်အမိန့်တော်အတိုင်းသာတောင်းခံစေမည်။

၈။ တပ်ရုံးဆင့်စုမြို့ကျေးရွာအတွင်း၊ စော်ဘွားမြို့စား မြို့အုပ် စစ်ကဲတို့ကို၊ အမိန့်နှင့် ခန့်ထား၍၊ ဆိုင်ရာတပ်ရုံး စာ၊ခံယူကြသည်မှာလည်း၊ မှတ်ချက်ရေး၊ မှတ်ပုံတင်၊ ရေးစာ၊ မှတ်စာ၊ ပန္နာလက်ဆောင် အတောင်း အခံ အကုန်အကျမရှိစေရ၊ပေးအပ်ရန်စာကိုနေ့ရက်မကြန့်မကြာပေးစေမည်။

၉။ တမြို့နှင့်တမြို့၊ တနယ်နှင့်တနယ်၊ နေရပ်ကွဲပြားသည့်၊ ရာဇဝတ်မှုများမှာ၊ ကြေးငွေပန္နာ အတောင်း အခံ အစားအယူအကုန်အကျမရှိ၊ တပ်ရုံးကမှန်ရာစစ်မေး၍၊ ထောင်အကျည်းတားသင့်သူ၊ ခံဝန်သူနှင့်ထား သင့်သူ၊ ကြေးငွေပေးလျော်သင့် သူများကို၊ အပြစ်အလျောက် စီရင်ပြီးလျှင်၊ စီရင်သည့် အမှုဦးရေ၊ ထောင်တန်း အကျည်းရှိသည့် လူစာရင်းများကို ၄လတကြိမ်၊ ဗိုလ်မှူးရှိရာ လာရောက်အစီရင်ခံစေ၍ ဗိုလ်မှူးကလွှတ်တော်မှာလျှောက်ထားစေရမည်။

၁၀။ စစ်လက်နက်ကိုင်မှုရှိလျှင်၊တပ်ရုံးဆင့်စုမြို့ကျေးရွာများမှာ၊ အရေးကိုချင့်ထောက်၍၊ အင်အား အလျောက် လက်နက်ကိုင်လူခန့်ထားရမည်။

၁၁။ စစ်လက်နက်ကိုင်မှုနှင့်၊ စော်ဘွား မြို့စား မြို့အုပ် စစ်ကဲတို့ကို၊ ဆင့်ဆို ချခေါ်ရသည့် အမှုများ မှာလည်း၊ ရောက်လက်ဆောင်ထမင်းဘိုးဆို၍ ပန္နာလက်ဆောင်ကြေးငွေ အပိုအမိုအတောင်းအခံမရှိ၊ အမိန့်တော် ထမ်းအတိုင်း၊ဘဘိုင် လျှင် ၂၂၅ကျကိုသာတောင်းခံစေမည်။

၁၂။ ကလောင်၊ ယွန်း ယိုးဒယားတို့ ပေါက်ရောက်သာသည့် ထားကင်းအစောင့်အနေများမှာ၊ထောက်လှမ်းမြဲ ထောက်လှမ်း၍ ကြားသိထင်မြင်သမျှ အကြောင်းအရာ၊ သံလွင်အရှေ့ဘက် မြို့ကျေးရွာများက၊ တပ်ရုံး သို့အစီရင်ခံလာရောက်သည့်အကြောင်းအရာများကို၊ အလျင်အမြန်စေလွှတ်လျှောက်ထားစေမည်။

၁၃။ ရေးကြောင်းအလျောက် ရွှေဘဝါးတော် အောက်တင်လျှောက်ရသည့် စရိတ်၊ အစေ အလွှတ်ထောက် လှမ်းသူတို့စရိတ်မှစ၍၊ ရုံးသုံးစရိတ်ငွေများမှာ၊ လစဉ်သုံးမြဲ အတိုင်း။ တပ်ရုံးဆင့်စုမြို့ရွာ ခွဲငွေက၊ စစ်ကဲ အရာရှိတို့စားစရိတ်နှင့်တကွ၊နှုတ်ပေးမည်ဖြစ်၍၊ လေးလတကြိမ်အသုံးစာရင်းနှင့် ဗိုလ်မှူးထံတင်ပေးရမည်။

၁၄။ တပ်ရုံးဆင့်စုမြို့ကျေးရွာများမှာ၊တပ်ရုံးကဆင့်ဆို၍ ကုန်ကျသည့်စရိတ် ကြေးငွေစာရင်းကို လေးလတကြိမ် ဗိုလ်မှူးထံတင်ပေးစေမည်။

၁၅။ တပ်ရုံးဆင့်စုမြို့ကျေးရွာများမှာ၊ စော်ဘွား မြို့စား မြို့အုပ် စစ်ကဲတို့၊ စီရင်စုမြို့ကျေးရွာ အတွင်း တရား ရာဇဝတ်မှုများမှာ၊ အမိန့်တော်ထမ်းထက်အလွန် ငွေကြေးပိုမိုစားယူသည့်မှု၊ လက်ဆောင်ပန္နာခံယူ၍ ဟိန်၊ ထမုံ၊ မြေတိုင်ကြော့ခေါင်းတို့ကို။ အလိုရှိရာလွှဲပြောင်းခန့်တားသည့်အမှု။ ကျေးရွာနေ ဆင်းရဲသား တို့မှာ၊ ကြေးငွေခွဲတောင်းသည့်အမှုများကို တပ်ရုံးကထောက်လှမ်းမှတ်သား၍၊လေးလ တကြိမ် ဗိုလ်မှူး ရှိရာ အစီရင်ခံစေပြီးလျှင်၊ဗိုလ်မှူးကလွှတ်တော်မှာလျှောက်ထားစေရမည်။

၁၆။ စော်ဘွား မြို့စားတို့ ဘွားစားစီရင်စု မြို့ကျေးရွာ များမှာ လက်ရှိ ဟိန်၊ ထမုံ၊ မြေတိုင်ကြော့ခေါင်းတို့ ကျေးရွာလူဆင်းရဲသားတို့ကို ကြေးငွေ ပိုမိုတောင်းခံ စားယူ ညှင်းပန်း နှိပ်စက်ပြုကျင့်သောကြောင့် နုတ် ယူ လဲပြောင်းရန်ရှိလျှင် တပ်ရုံးမှာအစီရင်ခံစေ၍ တပ်ရုံးက ဗိုလ်မှူးရှိရာ အစီရင်ခံစေပြီးလျှင် ဆင့်ဆိုရနာခံပြီးမှလဲပြောင်းခန့်ထားစေမည်။

၁၇။ တပ်ရုံးအရာရှိစာရေးလုင်တို့၊ မြို့ကျေးရွာများမှာ၊ မှုခင်ရှာကြံကြေးငွေတောင်းခံစားယူသည် အမှု အမိန့် တော်ထမ်းထက် ပိုမိုတောင်းခံသည့် အမှုများကို ထောက်လှမ်း၍တွေ့မိလျှင်၊ တပ်ရုံးသို့ပေးအပ်သည့်ငွေ စားဥပဒေအတိုင်းစီရင်မည်။

**တပ်ရုံးအရာရှိတို့ငွေစားယူသည့်အမှု။ရင်းတို့သားမယားကြေးငွေစားယူသည့်အမှုများကိုစီရင်ရန်ဥပဒေဘုရား**

၁။ ၁ဝိက၅ဝိစားယူကြောင်းနှင့် လျှောက်ထား ကြားသိရလျှင် ရွှေဘဝါးတော်အောက်ခေါ် ယူ၍ရှင်းလင်း စစ်မေးပြီးမှစားယူသည့်ငွေကို၊နှစ်ဆပြန်ပေးစေ၍၊တန်းမှာတလထားမည်။

၂။ ၅ဝိက၁ဝဝိထိစားယူကြောင်းနှင့်လျှောက်ထားကြားသိရလျှင် ရင်းနည်းပြန်ပေးစေ၍ ထောင်မှာ တလ ထားမည်။

၃။ ၁ဝဝိကအထက်ကိုပို၍ စားယူကြောင်းနှင့် လျှောက်ထားကြားသိရလျှင်၊ ရင်းနည်းပြန်ပေးစေ၍၊ ထောင် မှာသုံးလထားမည်၊အမိန့်တော်ပြတ်ခံ၍အရာကိုလည်းနုတ်မည်။

**ရင်းခုံစာရေးလုင်တို့၊အမိန့်တော်ထမ်းပြင်ပို၍စားယူလျှင်၊တပ်ရုံးအရာရှိတို့ကစီရင်စေရန် ဥပဒေဘုရား**

၁။ ၅ိမပြည့်သည့်ငွေနှင့်၊ ရင်းထိုက်တန်သည့်ပစ္စည်းများကို စားယူလျှင်၊ စားယူသည့်ငွေကို၊ နှစ်ဆတန်ပြန် ပေးစေ၍၊တပ်ရုံးတွင်ငါးချက်ရိုက်ပြီးလျှင်၊၁ဝရက်တန်းမှာထား၍၊မစေမခိုင်းလွှတ်ရမည်။

၂။ ၅ိက ၁ဝိထိငွေနှင့်၊ ရင်းထိုက်တန်သည့် ပစ္စည်းများကိုစားယူလျှင်၊ ရင်းနည်းပြန်ပေးစေ၍၊ တပ်ရုံးတွင် ဆယ်ချက်ရိုက်ပြီးလျှင်၊တန်းမှာတလထား၍၊မစေမခိုင်းလွှတ်ရမည်။

၃။ ၁ဝိကအထက်ကိုပိုငွေနှင့်၊ ရင်းထိုက်တန်သည့်ပစ္စည်းများကိုစားယူလျှင်၊ ရင်းနည်းပြန်ပေးစေ၍ တပ်ရုံး မှာအချက်သုံးဆယ်ရိုက်ပြီးလျှင်၊ထောင်မှတလထား၍မစေမခိုင်းလွှတ်ရမည်။

*အမျိုးသားစာကြည့်တိုက်၊ ကင်းဝန်စာစု၊ ပုရပိုက်၂ဝ၆၊ BBHC I 11 Dec. 1960, 265-270

ဘုရား ပုဏ္ဏား တော်ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား တစုတို့ရှိခိုး အစီရင် တော်ခံပါသည်ဘုရား ၊ ဘေး လောင်း တော်ဘိုး လောင်း တော်ဘကြီး တော်ခမည်း တော်ဘုရား ရွှေလက်ထက် တော်တိုင်ဘိသိက် တော်ဆက်အမျိုး အရိုး ဖြစ်ပါ၍အမျိုး ဘာဝစောင့်ထိမ်း လျှက်ဘိသိက်အမှု တော်ကိုဘုရား ရွှေလက်ထက် တော်တွင်ထမ်း ရွက် နေထိုင်ရပါသည်၊ ဗိုလ်မှူး ဗိုလ်ချုပ်စစ်တက်စစ်ချီရာကိုလိုက်ထမ်း ရဘူး သည် မရှိပါကြိုဟ်ပူ ဇော်နတ်ပူ ဇော်အမှုထမ်း ပုဏ္ဏား တို့သာလိုက်ထမ်း ရသည်စာတမ်း အမှတ်ထင်ရှား ရှိပါသည်ကို နောင် တော်ပုဂံမင်း လက်ထက်တကြိမ်တခါပုဏ္ဏား ဝန်ဟောင်း ငကုလား ကအမမ္ဗခန့်ထား ၊ ကျောက်ပန်း တောင်း ဝန်ကြီး ဟောင်း နှင့်လိုက်ထမ်း ရဘူး သည်ကိုအစွဲပြု၍ယခုတပ် တော်ချီတက်ရာဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား တို့ကိုခန့်ထား လိုက်ထမ်း ရလျှက်ရှိပါသည်၊ ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်ဘုရား ဘကြီး တော်ဘုရား ခမည်း တော်ဘုရား လက်ထက်တိုင်လွတ်ငြိမ်း ချမ်း သာပါသည့်အတိုင်း လွတ်ငြိမ်း ချမ်း သာ ပါရမည့်အကြောင်း ကိုရှိခိုး အစီရင် တော်ခံပါသည်ဘုရား ၊ လျှောက်ချက်အတိုင်း မှန်လျှင်လိုက်ပါမိသည့်လူတို့အပြင် နောက်ကိုအခန့်အထား မရှိလွတ်ငြိမ်း စေ။

(သက္ကရာဇ်) ၁၂၂၉ခု ဝါဆိုလဆန်း ၂ရက် နေ့ (2 July 1867) ဝန်ရှင် တော် ရေနံ ချောင်း မြို့စား မင်း ကြီး မိန့်ချက်ဝန် ထောက် တော်ကင်း ဝန်မင်း မှတ်။

( အောင်ငြိမ်း စာစု )

(10 August 1867)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ရဟန်း သံဃာ တော်တို့ဥပုသ်ပဝါရဏာကံကြီး ကံငယ် ဆောင်ရွက်ရန်အမြင့်မြို့ဘုံပျံ ကျောင်း တိုက်အတွင်း စတုရန်း ဂါစီ မြေကိုအမြင့်ငါး မြို့ဝန်အလုံမြို့ဝန်မင်း ကြီး မဟာသမိန်ဘရမ်း ကဝိသုံဂါမ မြေစား သနား တော်မြတ်ခံ၍ ကုသိုလ် တော်ပွါး ခဏ္ဍသိမ်သမုတ်လျှာဒါန်း စေ။

(10 August 1867)

(သက္ကရာဇ် ၁၂၂၉ ခုဝါခေါင်း လဆန်း ၁၁ရက် ၀ နေ့တွင်ပြန်)

( မုံရွာအမြင့်ဘုံပျံ ကျောင်း စာစု )

9 September 1867

သက္ကရာဇ် ၁၂၂၉ ခု တော်သလင်း လဆန်း ၁၂ ရက် နေ့ ပညာရှိဘိသိက် တော်ဆက် ၅ စ်ပါး ပုဏ္ဏား အုပ်ပုဏ္ဏား ဝန်မဟာသီရိပဏ္ဍိတရာဇဂုရုက ပုဏ္ဏား ရွာအတွင်း ပုဏ္ဏား လူမျိုး နေထိုင်သည့်အိမ်ခြံ မြေများ ကို ရောင်း ဝယ်ရာ ရွှေပြည်စိုး ရွှေပြည်စာရေး တို့ကအခွန် ငွေ ပေး ဆောင်ရမည် တောင်း ခံရှိပါသည်။ အတောင်း အခံမရှိလွတ်ငြိမ်း ပါရမည့်အကြောင်း နှင့် ရှိခိုး သံတော်ဦး တင်ရာအတောင်း အခံမရှိ စေနှင့်လွတ်ငြိမ်း စေ။ လဘက်ရည် ဆောင် တော်တွင်ဘုရား အမိန့် တော် မြွက်ရှိသည်။ ကနီအတွင်း ဝန်မင်း ရွှေသစ်တော ဝန် ငွေခွန်ဝန်ကြီး ဝန်မင်း မြို့ဝန်မြို့သာ မြို့စား မင်း တို့အစုံအညီ သံတော်ဆင့် မင်း ကျော်မင်း ထင်သင်္ချာ မှတ်သား ချက်။

( အောင်ငြိမ်း စာစု )

ဝန်ထောက်မင်း ကင်း ဝန်မင်းကြီး မဟာစည်သူ၊ မင်းကြီး မဟာမင်း ခေါင်ကျော်ထင်၊ မင်းကြီး မဟာမင်း လှမင်း ခေါင်၊ မဟာမင်း လှသင်္ခယာတို့ကို ဝန်ထောက်ပုပ္ပါး မြို့စား မင်းကြီး မဟာမင်း ကျော်မင်း ထင်နည်း အစီးအနင်း အဆောင်အရွက်အသနား တော်ခံစေ။

2 October 1867

သက္ကရာဇ် ၁၂၂၉ ခုသတင်းကျွတ်လဆန်း ၅ ရက်နေ့ နား ခ နေမျိုး ရာဇကျော်သူတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၂၅)

ဝန်ထောက်ပုပ္ပါး မြို့စား မင်းကြီး မဟာမင်း ကျော်မင်းထင်၊ ဝန်ထောက်ကင်း ဝန်မင်းကြီး မဟာစည်သူ၊ ဝန်ထောက်မင်းကြီး မဟာမင်း ခေါင်ကျော်ထင်၊ ဝန်ထောက် အောင်ပင်လယ်လမိုင်း ဝန်မင်းကြီး မဟာမင်း လှမင်း ခေါင်၊ ဝန်ထောက်ဥ ဒေါင်း လှေအုပ်မဟာမင်း လှသင်္ခယာတို့ကိုသနား တော်မူရင်း အဆောင်တွင်တိုး ၍ ရွှေစလွယ် ၁၂ သွယ်အသနား တော်ခံစေ။

6 October 1867

သက္ကရာဇ် ၁၂၂၉ ခုသီတင်း ကျွတ်လဆန်း ၉ ရက် နေ့နား ခပြော့ကြီး မှူး မဟာမင်း လှမင်း ကျော်တွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၂၅)

ဝင်း တော်လေး မျက်နှာစို့ငဝဒိုင်း ကောင်ဟန်မြင်း စုကြီး ရှမ်းမြင်း ဇင်း မယ်ပါဆင် တော်သည်သူရဲလင်း ဇင်း အိမ်ထောင်စုံတပ်မှူး သွေး သောက်ကြီး ဒိုင်းခေါင်း အဝန်း မြင်း ခေါင်း မြင်း စီး ဆင်စီး အမှုထမ်း တို့ကကိုး ခရိုင်နယ်တွင်းရှိ ပေး ချသနား တော်မူသည့်ခမုံနယ် မြေများ မှာလယ်တပယ်လျှင် ရ်ကျအခွန် တော်စပါး ပေး ဆောင်ပြီး လျှင်တိုင်တိုပိုပယ်များ ကိုအသီး အပင်နှင့် ပေး အပ်ရမည် တောင်း ခံရှိပါသည်၊ အထက်အမိန့် တော်မြတ်ရင်း အတိုင်း လယ်ဘဲလျှင် ရ်ကျစပါး အနက်လယ်ရှင်တွက် ၅်ကျခုနှိမ်ဆက်သ၍ ပယ်ရင်း တိုင်တိုတကွဲမပြား သက္ကရာဇ် ၁၂၂၉ (1867) ခု အတွင်း အရောင်း အချရှုပ်ထွေး များ ပြား သည်ဖြစ်သော ကြောင့်သီး နှံရိပ်သိမ်း ပြီး မှဆက်သပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ဝင်း လေး မျက်နှာစို့ငဝဒိုင်း ကောင်း ဟန်မြင်း စုကြီး ရှမ်းမြင်း ဇင်း မယ်ပါဆင် တော်သည်သူရဲလင်း ဇင်း အစုလက်ရှိစပိုများ မှာပယ်ဆို၍သက္ကရာဇ် ၁၂၂၉ (1867) ခု အတွင်း အသိမ်း အယူမရှိ စေနှင့်၊ အစုအမှုထမ်း တို့ကလက်ရှိလုပ်စား မြေလုပ်စား ထမ်း ရွက် စေ၊ သဿမေဓဆယ်ဘို့တဘို့အခွန် တော် ပေး ဆောင်ရန်မှာလည်း အစုအမှုထမ်း တို့ရစုသင့် ၅်ကျကိုခုနှိမ်၍ နှစ်စဉ်လုပ်သား တို့မှာ တောင်း ခံမြဲအစုကျအခွန်ကိုသာ တောင်း ခံဆက်သွင်း စေ။

သက္ကရာဇ် ၁၂၂၉ ခုနတ် တော်လဆန်း ၆ ရက် နေ့နား (1 December 1867) ခံ ပြော့ကြီး မှူး မဟာမင်း လှမင်း ကျော်တွင်ပြန်။

(လုံး တော်စါစု)

မဟာသီရိရာဇသိုဟုံဘွားကိုမိုင်းကိုင်မြို့အုပ်ခန့်၊ မိုင်းကိုင်မြို့အုပ်မဟာသီရိရာဇသိုဟုံဘွားကိုအဘမိုင်းကိုင်မြို့အုပ်နည်းထီး အစီး အနင်း အဆောင်အရွက် သနား တော်ခံစေ။

12 December 1867

သက္ကရာဇ် ၁၂၂၉ ခုနှစ် တော်လပြည့်ကျော် ၂ ရက် နေ့နားခံနေမျိုး မင်းလှသဉ်ယာထွင်ပြန်။

(လုံး တော်စာစု)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအ
မိန့်တော်ရှိသည်၊ နေမျိုးမင်းလှကျော်တင်ကိုတရားသူကြီး ခန့်တော်မူသည်၊
သို့ခန့်တော်မူကြောင်းလည်း နေမျိုးမင်းလှကျော်တင်သည် ကျေးဇူးသစ္စာ
တော်မြတ်နှစ်ပါးကို စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ထမ်း
ရွက်သည်၊ ရှေ့သို့လည်း ခန့်ထားတော်မူသမျှအမှုတော်ကိုကုန်တွင်အောင်ထမ်းရွက်
မည့်သူယုံမှတ်သနားတော်မူသည့်ကျွန်တော်မျိုးဖြစ်သောကြောင့်တရားသူကြီး ခန့်
တော်မူသည်၊ တရားသူကြီးဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်ရာ
ဇဌာနီ ရွှေပြည်တော်ကြီးဖြစ်၍ကျွန်တော်မျိုးအပေါင်းတို့သည်တယောက်ကိုတ
ယောက်မနှိပ်မစက်ရဆုံးမကွပ်ညှပ်စီရင်ရသည်၊ စကားအရှုက်အတင်ရှိလျှင်
လည်းတရားဓမ္မသတ်နှင့်အညီစစ်ကြောစီရင်စိမ့်မည်တရားရုံးတော်တွင်တ
ရားသူကြီးနှစ်ယောက်ခန့်ထား၍စီရင်စေသည်၊ ကျွန်တော်မျိုးဆင်းရဲသား
တို့တရားစကားအရှုက်အတင်ရှိ၍တရားသူကြီးတို့မှာအစီရင်ခံလာလျှင်မနုဓမ္မ
သတ်ကိုကိုင်၍စီရင်၊ မတွေ့လျှင်မနောသာရရွှေမျဉ်းလေးစောင်တွဲကိုကိုင်၍
စီရင်၊ မတွေ့လျှင် ဘေား လောင်း တော်မင်းတရားကြီးလက်ထက်တော်ကိုင်း
စား မနုရာဇာတို့စီရင်ထုံးသို့လိုက်၍စီရင်ထုံး စီရင်နည်းရှိသည့်အတိုင်း စီရင်၊
တရားမဖြစ်တန်မဖြစ်လောက်သည့်အမှုအခင်းကိုအမှုသည်တို့မောဟဂတိသို့လိုက်၍
အစီရင်ခံလာသော်လည်း မစစ်မကြောမစီရင်နှင့်၊ အကျိုးအကြောင်းကိုပြသ
ပြောဆိုရမည်၊ သို့မှားကိုအမြဲနှလုံးသွင်း၍တစိုးသုံးပါး ဂတိလေးပါး သို့မလိုက်
ဓမ္မသတ်စာဟောင်း စီရင်ထုံးရှိသည့်အတိုင်း တရားကိုနားလည်သည်နှင့်အညီ
တော်တည့်ဖြောင့်မတ်စွာစီရင်။

28 December 1867

သက္ကရာဇ် ၁၂၂၉ ခုပြာသိုလဆန်း ၄ ရက်နေ့ ရွှေလွှတ်တော်တွင် ဝန်ရှင်တော်
ရေနံချောင်းမြို့စား မင်းကြီး ဝန်ထောက်တော်အစုံအညီတွင်နား ခံ၍ မြောင်
မှူး မင်းထင်ရာဇာသီဟသူတွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၃၁ )

ရွှေပြည် တော်မှစ၍ နိုင်ငံ တော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ နေဆင်း ရဲသား ကျွန် တော် မျိုး တို့မှာ ဘဏ္ဍာ တော် များ ကို ရယူထိန် ချန်ကဲ့ဝှက်သည်၊ သူပုန်ဘက်ပါ ဖြစ်သည်ဆို၍ စစ် ကြော တောင်း ခံစား ယူကြ သော ကြောင့်ဆင်း ရဲသား ကျွန် တော် မျိုး တို့မငြိမ်မသက်ဆင်း ရဲပင်ပမ်း ရှိ ကြောင်း များ နှင့် ရွှေနား တော် မြတ်ကြား သိ တော် မူရသည်၊ သူပုန်ဘက်ပါသူဘဏ္ဍာ တော် များ ကို ရသူထိန် ချန်သူဆို၍ အမေး အမြန်း အစစ်အ ကြော မရှိ စေနှင့်၊ ငြိမ်ဝပ်ချမ်း သာစွာ နေထိုင်ကြ စေ အမိန့် တော်ကို မတည်ဘဏ္ဍာ တော်ကိုထိန် ချန်ကဲ့ဝှက်သည်သူပုန်ဘက် ပါသူဖြစ်သည်ဆို၍ စစ် ကြော တောင်း ခံလျှင်ရမိ အောင်ဘမ်း ဆီး ၍ ရာဇဝတ်အပြစ်ထင်ရှား အောင် စီရင်။

18 January 1868

သက္ကရာဇ် ၁၂၂၉ ခုပြာသိုလပြည့် ကျော် ၁၀ ရက် နေ့နံး ခံပြော့ကြီး မှူး မဟာမင်း လှမင်း ကျော်ထွင်ပြန်။

( မှုံတိုင်စါစု၊ လုံး တော်စါစု )

1866

သုမေဓာဆရာတော်တို့က သက္ကရာဇ် ၁၂၂၇ ခုနှစ်အတောအတွင်း ပြည်သူသင်္ဃာဝါ
တို့ကံဥပါဒ်အလျောက် နေရင်းမြို့ကျေးရွာတွင်မနေနိုင်၍တခြားမြို့ကျေးရွာ
များသို့ကူး ပြောင်းထွက်သွား မပြန်မလာဝံ့ရှိသည်ကိုအရပ်ရပ်မြို့ကျေးရွာ
ဂိုဏ်းအုပ်ဂိုဏ်း ထောက်ဆရာရပ်ရွာနေ ဆွေမျိုး ရဟန်းသံဃာတို့က နေရင်း
မြို့ကျေးရွာများ သို့ပြန်လည်လာရောက်အောင် ခေါ်ငင်သိမ်းသွင်း သွေးဆောင်
လိုပါသည်၊ ပြန်လည်လာရောက်သူတို့ကိုမြို့ရှင်ရွာရှင်တို့နှင့်ဆိုင်ရာစုရှင်ငန်းရှင်
တို့ကသဿမေဓဆယ်ဘိုးတဘိုးအခွန်တော်မှစ၍ ကြေးမြီမှုခင်းအကြောင်းများနှင့်
အခေါ်အချအနှောက်အရှက်အစစ်အမေးအတောင်းအခံမရှိစေရငြိမ်ဝပ်ချမ်း
သာစွာနေထိုင်ပါစေရမည့်အကြောင်းနှင့်မေတ္တာရပ်ခံချက်အတိုင်း ဂိုဏ်းအုပ်
ဂိုဏ်း ထောက်ဆရာတော်သံဃာတော်တို့ခေါ်ငင်၍နိုင်ငံတော်အတွင်း ဝင်နေ
လာရောက်သူတို့ကိုမြို့ဝန်စစ်ကဲမြို့ထိမ်း မြို့အုပ်မြို့ရွာသူကြီး တို့ကသဿမေဓအခွန်တော်
များနှင့်မင်းမှုမင်းခင်း စရိတ်ကြေး ငွေအသေး အဖွဲ့အခွဲအခန့်လူအစေအခိုင်း
တရားရာဇဝတ်မှုဟောင်း ကြွေးဟောင်း မြီဟောင်း ကုန်ဘိုးဖြတ်စာထွက်
လယ်ပေါင်ယာပေါင်ကျွန်ပေါင်မှုများကိုအအပ်အနှံ့ခံ၍အစစ်အမေးအတောင်း
အခံမရှိစေနှင့်စုရှင်ငန်းရှင်တို့ကလည်း အစုဆိုင်ရာသို့၍အခေါ်အငင်အခွဲအ
တောင်းအခန့်အထား မရှိစေနှင့်၊ ငင်နေပြန်ရောက်သည့်နေ့ကစ၍ငါး နှစ်
လွတ်ငြိမ်း ချမ်းသာစေ၊ လာရောက်သူတို့စာရင်းလည်း ဂိုဏ်းအုပ်ဂိုဏ်း ထောက်
ရဟန်း သံဃာတို့ကသုမေဓာဆရာတော်တို့ထံတင်ပေး ဆက်သွင်း မည့်အကြောင်းနှင့်
ဝန်တို့က လျှောက်ထားစေ။

19 January 1868

သက္ကရာဇ် ၁၂၂၉ ခုပြာသိုလပြည့်ကျော် ၁၁ ရက်နေ့နားခံ စမြောင်မှူး
မင်းထင်ရာဇာသီဟသူတွင်ပြန်။

(မုန်တိုင်စာစု၊ တံတားဦးစာစု)

အရပ်ရပ်မြို့ကျေးရွာရှိ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ ၊ ဘုန်းတော်အလွန်ကြီးမြတ်
တော်မူလှသော မေရိယပစ္စယနာဂရာဇာဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ
ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီးသည်မင်း သာမန်တို့
ခံဝံ့ခဲသော မုဒ္ဒါဘိသိက်ကိုဦး ထွပ်သွန်း လောင်း တော်မူ၍ပြည်သူသတ္တဝါတို့၏အ
ကျိုး စီးပွါး သာသနာတော်မြတ်၏အကျိုး စီးပွါး များပြား ဖြစ်ထွန်း ခြင်း ကို
သာမြော်တင်း ကြည့်ရှု တော်မူလျက်မြတ်သောမင်း အဖြစ်ကိုယူ တော်မူသည်နှင့်အ
ညီ နေပြည်တော် လေး ပြင်ဝန်း ကျင်ပတ်ကုန်း မှစ၍သတင်း သုံး နေကြသည့်ဆရာ
တော်သင်္ဃာ တော်တို့ကိုကိုယ်စိတ်နှစ်ပါး ချမ်း သာ စေခြင်း ငှါဘုန်း ကံသမ္ဘာပဒ္ဓ
နာ တော် ကြောင့် ရှေး ရှေး သောမင်း တို့လက်ထက်မပေါ်စဘူး အလွန်ထူး မြတ်
သောပတ္တမြား တောင်မှ ပေါ်ထွက် သောပဒ္မြား ရတနာအဘို့ အခွန် တော်
ဖြင့်လစဉ်မပြတ်ဆွမ်း သင်္ကန်း စ သောပစ္စည်း လေး ပါး တို့ကိုချီး မြှင့် ထောက်ပံ့
တော်မူခြင်း တည်း ဟူ သောအာမိသာနုဂ္ဂဟ ၊ ရဟန်း သာမဏေတို့မှာမြတ်စွာဘု
ရား သခင် ဟောကြား ပညတ် တော်မူအပ် သော ဝိနည်း သိက္ခာပုဒ် တော်ကိုလည်း
လျှော့ယုတ်မရှိ စေရ ဒဏ္ဍကမ္မဆိုင်ခန့်မြဲမြန် စေခြင်း ကိုတိုက်တွန်း နှိုး ဆော် တော်
မူခြင်း ဘုရား ဟော တော်မူအပ် သော ပါဠိအဋ္ဌကထာ ဋီကာတို့ကိုပို့ချသင်အံ့နှုတ်
တက် ဆောင်ရွက် လေ့လာ အောင်တိုက်တွန်း နှိုး ဆော်ချီး မြှောက် တော်မူခြင်း
တည်း ဟူ သော ဓမ္မာနုဂ္ဂဟတို့ဖြင့်လွန်မင်း စွာ ဥဿဟပြု တော်မူခြင်း ၊ မိမိကိုယ်မှ
စ၍ မင်း မိဘုရား မင်း ညီမင်း သား မှူး တော်မတ် တော်တို့ကိုလည်း သံသရာ ဘေး
ချမ်း ငြိမ်း စေခြင်း ငှါမဟုတ်မလျှား ဖြစ်ပွါး မရှိ စေရ မူလဘူတဖြစ် သော လောကပါ
လဓမ္မ ဒေဝတရား နှစ်ပါး အကျည်း ဥဒ္ဒေသသင်္ခေပဖြစ် သော မူလသီလသုံး ပါး ၊
ပဉ္စသီအဋ္ဌဒသီဒသသီစ သောသီလတို့ကိုထိမ်း သိမ်း စောင့်ရှောက် စေခြင်း ၊ အ
နည်း ငယ်မျှ သော ဒါနတရား တို့ကိုလည်း စွမ်း အား အလျှောက်အား ထုတ် စေခြင်း
တို့ဖြင့်ကရုဏာတရား ကို ရှေ့သွား ပြုပြီး လျှင်သိမ်း ပကား တော်မူသည်အတိုင်းတိုင်း
ခရိုင်နိုင်ငံ တော်အတွင်း အရပ်ရပ်မြို့ ရွာ များ တွင်သတင်း သုံး နေကြသည့်
ဂါမဝါသီအရညဝါသီရဟန်း သင်္ဃာ တော်တို့ကိုလည်း နေပြည် တော်ရှိရဟန်း သင်္ဃာ
တော်တို့နည်း အနုဂ္ဂဟတရား နှစ်ပါး ကိုအရင်း ထား ၍သာသနာ တော်စည်ပင်

ထွန်းကားတိုး တက်ပြန့်ပွါး အောင်ကိုယ်ခွဲနား မျက်စေ့ပြု၍အား ထုတ်ရွက် ဆောင်
စေခြင်း ဌါသတ္တိဗလ၊ ဇ္ဈတ္တိဗလနှစ်ဌာနပြည့်စုံ သောပုဂ္ဂိုလ်တို့ကို ရွေးနှုတ်၍ ရာထူး
ဌာနန္တရနှင့်ဂိုဏ်း အုပ်ဂိုဏ်း ထောက်ခန့်ထား ပြီး လျှင်အား ထုတ်ရွက် ဆောင်
စေသည်၊ သာသနာ တော်ဆိုသည့်အရာလည်း ရေမြေသနင်း ပြည့်ရှင်မင်း ကိုအ
မှီရမှဒဠှိကမ္မတည်တန့်နိုင်ရာသည်၊ ရေမြေသနင်း ပြည့်ရှင်မင်း ၏အာဏာ တော်
ထွန်းလင်း ရာမြို့ရွာ ရွာနေဆင်း ရဲသား ကျွန်တော်မျိုး တို့လည်း သာသနာ
တော်တည်း ဟူ သောအဆုံး အမကိုခံရမှပဋ္ဌုပ္ပန်သံသရာနှစ်ဖြာအကျိုး တိုး ပွါး ဖြစ်
ထွန်း ရာသည်၊ ရဟန်း သင်္ဃာ တော်တို့လည်း မြို့ရွာ နေ ဒါယကာ ဒါယကာ မတို့ဆွမ်း
သင်္ကန်း စ သော ပစ္စည်း အ ထောက်အပံ့ရမှလိုလွန့်စွာ ရဟန်း တရား ပွါး များ
အား ထုတ်နိုင်သည်ဖြစ်၍အချင်း ချင်း မကင်း စကောင်း သောတရား ကိုနှစ်
လုံး ထား ကြပြီး လျှင်အကြီး အအုပ်ပြုလုပ်သူမြို့ဝန်စစ်ကဲသူကြီး ကလန်သံပြင်စမြင် မြေ
တိုင်တို့ကမြို့ရွာ နေဆင်း ရဲသား ကျွန် တော်မျိုး တို့ကိုနှိပ်စက်ဖိစီး အား ကြီး အား
များ ဖြစ်ပွါး မရှိစေရ အောင် လောကဓမ္မရာဇအကြောင်း သုံး ပါး များနှင့်
ကြည့်ရှုစောင်မပြဋ္ဌါဒ ပေး ရင်း ရှိသည်အတိုင်း မိမိတို့သတင်း သုံး ရာ ဒေသရပ်
1866
ကွက်များ တွင်ရှိ နေသည့်ဆင်း ရဲသား ကျွန် တော်မျိုး တို့မှာသက္ကရာဇ် ၁၂၂၈ ခု
နှစ်ပြည် လေး ပြည်မှ ား လှုပ်ရှား ပုန်ကန် မှောက်လှန်ဖျက်ဆီး ခြင်း ဖြစ်လာသ
ဖြင့်သတ္တဝါအများ တို့ကိုး ကား ရာမဲ့ရှိခဲ့ကြသည်နှင့်မိမိတို့ နေရင်း မြို့ ကျေး ရွာ များ
တွင်အချို့အဝက်ထွက် ပြေး တိမ်း ရှောင်ရှိ နေသည်ကို တောမြို့ကျေး ရွာဆိုင်ရာ ဂိုဏ်း
အုပ်ဂိုဏ်း ထောက်ရပ်ရွာဆရာ ဆွေမျိုး ဆရာတို့က နေရင်း မြို့ကျေး ရွာသို့ပြန်
လည် အောင် ခေါ်ငင် သွေး ဆောင်သိမ်း သွင်း လာ ရောက်ရှိလျှင်စုရှင်ငန်း
ရှင်တို့ကအ ခေါ်အချအ နှောက်အရှက်မရှိပါစေရလွတ်ငြိမ်း ချမ်း သာ ပေး တော်
မူပါမည့်အကြောင်း ကြွေး ဟောင်း မြီ ဟောင်း ကုန်ဘိုး ဖြတ်စာထွက်လယ် ပေါင်ယာ
ပေါင်ကျွန် ပေါင်သဿ မေမအခွန် တော်တို့မှစ၍ ကြေး ငွေအ သေး အဘွဲ့ခွဲအခန့်အ
တောင်း အခံလူအ စေအပါး မရှိလွတ်ငြိမ်း ချမ်း သာ ပေး တော်မူပါမည့်အကြောင်း
17 January 1868
နှင့်သက္ကရာဇ် ၁၂၂၉ ခုပြာသိုလပြည့်ကျော် ၉ ရက် နေ့သာသနာဒါယကာမဟာဓမ္မ
ရာဇ်တရား မင်း မြတ်ထံဆရာ တော်တို့စာဆက်သွင်း မေတ္တာရပ်ခံရာသုဓမ္မ

ဆရာတော်တို့ မေတ္တာရပ်ခံချက်အတိုင်း မြို့ကျေး ရွာသို့ပြန်လည်လာ ရောက်လျှင် လာရောက်သည့် နေ့ရက်ကစ၍ ငါး နှစ်လွတ်ငြိမ်း ချမ်း သာစေ (သက္ကရာဇ်
19 January 1868
၁၂၂၉ ခုပြာသို) လပြည့်ကျော် ၁၁ ရက် နေ့ထုတ်ပြန် တော်မူသည့်အမိန့် တော်အတိုင်း တောမြို့ကျေး ရွာ ဂိုဏ်း အုပ်ဂိုဏ်း ထောက်ရပ်ရွာဆရာ ဆွေမျိုး ဆရာတို့ကအဝေး မြို့ကျေး ရွာသို့တိမ်း ရှောင် ပြေး သွား ကြသည့်သူတို့ကို နေရင်း မြို့ကျေး ရွာသို့ပြန်လည်လာ ရောက် အောင်အဆင့်ဆင့် ပြောကြား ခေါ်ငင်ကြရမည်ဖြစ်၍ထုတ်ပြန်ရင်း အမိန့်တော်နှင့် ပေး အပ်လိုက်သည်၊ ၎င်း လူတို့ နေရင်း မြို့ကျေး ရွာသို့ပြန်လည်လာ ရောက်လျှင်ရပ်ရွာဆရာ ဆွေမျိုး ဆရာတို့က နေ့ရက်နှင့်မှတ်သား ၍ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ထံအ သေအချာစာရင်း ပေး သွင်း ကြရမည်၊ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကလည်း တရပ်တကျေး ထွက် ပြေး တိမ်း ရှောင် ဝင်နေလာ ရောက်သူတို့စာရင်း ကိုအ သေအချာသုခမ္မာ တော်သို့အလွှာတင်ပို့ လျှောက်ထား ကြရမည်။

သုခမ္မာဆရာတော်များ စာ
(တံတား ဦး စါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူမျှား ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ င ရွှေကြီး ကိုကျိုဝန်ဝန်စု မော်ခါး ရွာ ရွှေမှူး ခန့်တော်မူသည်။

16 March 1868

သက္ကရာဇ် ၁၂၂၉ ခုတပေါင်း လပြည့်ကျော် ၉ ရက် ၂ နေ့

(ဆင်တဲစာစု)

ကျီဝန်ဝန်စုအရှေ့ကြောင်း အဝင်မော်ခါး ရွာအစီရင်သူကြီး ခေါင်းအကြီးအသည်အလါဝင်နေကပ်ပါး ကြေးထမ်းကြီး ငယ်တို့၊ မာန်လည်မြို့ကျီဝန်ဝန်စုအရှေ့ကြောင်း မြို့ဝန်မဟာမင်းလှရာဇာကကျီဝန်ဝန်စုအရှေ့ကြောင်း အဝင်မော်ခါး ရွာမှာ ငကော်မှူးကြီး ဆောင်ရွက်ပါသည်မရှိလျှင် ငကော်သား ငရွှေဝင်မှူးကြီး ဆောင်ရွက်ပါသည်မရှိလျှင် ငရွှေဝင်သား ငမြတ်စိမ့်မှူးကြီး ဆောင်ရွက်ပါသည်မရှိလျှင်ငမြတ်စိမ့်သား ငရွှေကြီး ဆယ်နှစ်ကျော်မှူးကြီး ဆောင်ရွက်အရေးတော်အတွင်း ကျီဝန်ဝန်စုအရှေ့ကြောင်း အလယ်ကြောင်း သံသုံး တာအင်တောက်သာငါး မြို့ဝန်ဆင့်ဆိုရာအမှုတော်ကိုနာခံထမ်း ရွက်မင်း မှုတော်ပြေကုန်ကျေးရွာသာယာဥမိဝပ်ရှိသည်ဖြစ်ပါ၍လက်ရှိမှူးကြီး မြဲမှူးကြီး ပါစေရမည့်အကြောင်းနှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ငရွှေကြီး ကျီဝန်ဝန်စုမော်ခါး ရွာရွှေမှူးခန့်သက္ကရာဇ် ၁၂၂၉ ခုတပေါင်း လပြည့်ကျော် ၉ ရက် နေ့ဘုရား (16 March 1868) အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ငရွှေကြီး ကိုကျီဝန်ဝန်စုမော်ခါး ရွာရွှေမှူး ခန့်ထား မှူးကြီး ဆောင်ရွက်စေသည်၊ မော်ခါး ရွာအစီရင်သူကြီး ခေါင်းအကြီး အသည်အလါဝင်နေကပ်ပါး ကြေးထမ်းကြီး ငယ်တို့၊ ရွှေမှူး ငရွှေကြီး ဆင့်ဆိုရာနာခံထမ်း ရွက်ရမည်၊ ရွှေမှူး ငရွှေကြီး လည်း ကျေး ရွာသာယာစည်ပင်အောင်သိမ်း သွင်း ပြုစုမှူးကြီး ပြီး လျှင်ခန့်ထား ကျရောက်သည့်မင်း မှုတော်ရပ်များ ကိုပြေကုန်အောင်ဆောင်ရွက်ရမည်။

ဝန်မင်း များ စာ

(ဆင်တဲစါစု)

ကျိုဝန်ဝန်စု ရွှေအရှေ့ကြောင်း အဝင် မော်ခါး ရွာအစီရင်သူကြီး ခေါင်း အကြီး
အသည်အလါဝင် နေကပ်ပါး ကျေးထမ်းကြီး ငယ်တို့၊ မန်လည်မြို့ကျိုဝန်ဝန်စု ရွှေအ
ရှေ့ကြောင်း မြို့ဝန်မဟာမင်းလှရာဇာကကျိုဝန်ဝန်စုအရှေ့ကြောင်း အဝင်
မော်ခါး ရွာမှာ ငကော်မှူးကြီး ဆောင်ရွက်ပါသည်မရှိလျှင် ငကော်သား င
ရွှေဝင်းမှူးကြီး ဆောင်ရွက်ပါသည်မရှိလျှင် ငရွှေဝင်းသား ငမြတ်စိမ့်မှူး
ကြီး ဆောင်ရွက်ပါသည်မရှိလျှင် ငမြတ်စိမ့်သား ငရွှေကြီး ဆယ်နှစ်ကျော်မှူးကြီး
ဆောင်ရွက် (သက္ကရာဇ် ၁၂၂၈ ခု) အရေးတော်အတွင်း ကျိုဝန်ဝန်စုအရှေ့ 1866
ကြောင်း အလယ်ကြောင်း သံသုံး တာအင် ထောက်သာငါး မြို့ဝန်ဆင့်ဆိုရာအမှု
တော်ကိုနာခံထမ်းရွက်မင်းမှု (မင်းခင်းမပေါ်) ကျေးရွာသာယာငြိမ်
ဝပ်ရှိသည်ဖြစ်ပါ၍လက်ရှိမှူးကြီး မြဲမှူးကြီး ပါစေရမည့်အကြောင်း နှင့်ရှိခိုး သံ
တော်ဦး တင်ဆက်သည့်အတိုင်း ငရွှေကြီး ကိုကျိုဝန်ဝန်စု မော်ခါး ရွာ ရွှေမှူးခန့်
16 March 1868
သက္ကရာဇ် ၁၂၂၉ ခုတပေါင်းလပြည့်ကျော် ၉ ရက် နေ့ဘုရား အမိန့်တော်မြတ်ကို
ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ငရွှေကြီး ကိုကျိုဝန်ဝန်စု မော်ခါး ရွာ ရွှေမှူး
ခန့်ထား မှူးကြီး ဆောင်ရွက်စေသည်၊ မော်ခါး ရွာအစီရင်သူကြီး ခေါင်း အ
ကြီး အသည်အလါဝင် နေကပ်ပါး ကျေးထမ်းကြီး ငယ်တို့၊ ရွှေမှူး ငရွှေကြီး ဆင့်ဆို
ရာနာခံထမ်းရွက်ကြရမည်၊ ရွှေမှူး ငရွှေကြီး လည်း ကျေးရွာသာယာစည်ပင်
ဖြစ်ထွန်း အောင်သိမ်းသွင်း ပြုစုမှူးကြီး ပြီး လျှင်ခန့်ထားကြရောက်သည့်မင်း
မှုတော်ရပ်များကို ပြေကုန်အောင် ဆောင်ရွက်ရမည်။

ဝန်မင်းများ စာ

(ဆင်တဲစါစု)

မော်ခါး ရွာအစီရင်သူကြီး ခေါင်းအကြီး တို့နှင့်အသည်အလါဝင် နေကပ်ပါး ကြေး
ထမ်းကြီး ငယ်တစုတို့၊ ရွှေမှုး ငကြီး က မော်ခါး ရွာကို ဘား င ကော် (သက္ကရာဇ် 1783
၁၁၄၅ခု ၆၄ခု စစ်တမ်း စာရင်း ဆက်သွင်း မှုးကြီး ပါသည်၊ မရှိလျှင်ဘိုးငရွှေ 1802
ဝင်ဆက်ခံ မှုးကြီး ပါသည်မရှိလျှင်ဘငမြတ်စိမ့်ဆက်ခံကြီး မှုး ပါသည်မရှိလျှင်ကျွန် 1866
တော်ဆက်ခံကြီး မှုး သည်နောက် (သက္ကရာဇ် ၁၂၂၈ခု) အရေး တော်ပြီး
ငြိမ်း ကာလလည်း ခြသေ့တံဆိပ်အမိန့် တော်ခံယူလက်ရှိ မှုးကြီး ဆိုင်ရာဆင့်ဆိုနာ
ခံ ဆောင်ရွက်မင်း မှု တော်ရပ် ပြေကုန်ရှိသည်ဖြစ်ပါ၍လက်ရှိ မှုးကြီး ဆောင်ရွက်
မြဲ ဆောင်ရွက်ပါရမည့်အကြောင်း နှင့်အစီရင်ခံချက်အတိုင်း မော်ခါး ကျေး ရွာ
ငကြီး ကိုလက်ရှိ မှုးကြီး မြဲစာ ပေး အပ် မှုးကြီး စီရင် ဆောင်ရွက် စေသည်၊ မော်
ခါး ရွာအစီရင်သူကြီး ခေါင်းအကြီး တို့နှင့်အသည်အလါဝင် နေကပ်ပါး ကြေး ထမ်း
ကြီး ငယ်တစုတို့၊ လက်ရှိ ရွှေမှုး ငကြီး ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ ရွှေ
မှုး ငကြီး လည်း ကျေး ရွာကိုစည်ပင်သာယာ အောင်သိမ်း သွင်း ပြုစု၍ရာဇဝတ်
တော် ရေး ကင်း လွတ်လုံခြုံ အောင်ထိမ်း သိမ်း ဆင့်ဆိုပြီး လျှင် ပေါ် ပေါက်ကျ ရောက်
သည့်မင်း မှု တော်ရပ်များ ကိုဆိုင်ရာဆင့်ဆိုရာနာခံ ဆောင်ရွက်ရမည်။
အတွင်း ဝန်ကျိဝန် ယောမြို့စား မင်းကြီး မင်း လှမဟာစည်သူ စါ
(ဆင်တဲစါစု)

(I6 March I868)

မောင်နိုင်ရွာ ရွှေမှုး နေမျိုး သုဝဏ္ဏရာဇာ ကျော်သူ၊ မောင်ခါး ရွာ ရွှေမှုး အစိုးရင်တို့က မြို့တောင် ကျေး ရွာ ရွှေမှုး တို့ မဟုတ်မလျား ကျင့်ကြံဆိုး သွမ်း အနှိန် တော်မင်း မှုမပြေ မကုန် သောကြောင့် မြို့တောင်ရွာကို သာနုဝ်ထိန်း ထင့်ဆိုပြုစုရမည် ပေး ဒဝ်ပါသည့်ကိုမြို့ တောင်ရွာနှင့် မစပ်မဆိုင် မောင်ခါး ရွာ စီရင်စုပင်လုံရွာ၊ ကျွန်ပင်ရွာ၊ ရုံး နုံး ရွာ၊ လွင်ဦး ပုဏ္ဏကာကုံ ကျေး ရွာများ ကိုသိမ်း ရုံး အုပ်ဒိန်း မည် ပြောဆို သောကြောင့် ကျေး ရွာ နေလူတို့ မငြိမ်မသက်ရှိ ကြောင်း နှင့် လျှောက်ထား အစီရင်ခံသည်ဖြစ်၍ မြို့တောင်ရွာလက်ရှိ စီရင်မြဲနယ်မြေ ကျေး ရွာများ ကိုသာ မောင်နိုင် ရွှေမှုး က အုပ်ထိန်း အင့်ဆို စီရင်ရမည်၊ မြို့တောင်ရွာ စီရင်စု နယ်မြေ ကျေး ရွာများ ပြင် မောင်ခါး ရွာ စီရင်စု ကျေး ရွာများ ကို အခေါ်အချအသင့်အဆိုအ နှောက်အယှက်မရှိစေနှင့်၊ မြို့တောင်ရွာနှင့် မောင်ခါး နယ်မြေ (ကျေး ရွာ) ကမရှင်း မလင်း စပ်ရှက်ငြိယှင်ရွှေဘဝါး တော်အောက်ဆိုင်ရာရှင်း လင်း စေရမည်။

(I6 March I868)

(သက္ကရာဇ် ၁၂၂၉ ခုတပေါင်း လဆုတ် ၉ ရက်)

(ဘင်တဲ ၄၀)

သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်သဿ မေမ အခွန်တော် ကောက်ခံရာတွင်ဆင့်ဆိုရန် 1868

ဥပဒေ

မြို့ရွာသူကြီး အထိန်း အအုပ်တို့ကိုခံဝန်စါ ရင်းတင်ပေး စေရန်

၁ မှာ၊ ၊ကြီး စိုး စီရင်ရသည့်နယ် မြေနှင့်ဘက်တွဲကြည့်ရှု ရေး မှတ်ရသည့်နယ် မြေအတွင်း ကိုယ်မှစ၍ နယ်တွင်း ရှိအိမ်ရင်း စုံပွါး များ ကိုကိုယ်ကျိုး ကိုယ်စီး ပွါး မငဲ့ကွက်ဘဲ မျက်နှာကြီး ငယ်မရွယ်မ ထောက်မကြွင်း မကျန်ကုန်စင် အောင်စာရင်း တင်ပေး ပါမည်၊ နောင်ကြွင်းကျန် ပေါ်ရှိလျှင်ဥပဒေတော်အတိုင်း ရာဇဝတ်အပြစ်စီ ရင်ရာခံပါမည်ခံဝန်ချက်နှင့်စါရင်း တင်ပေး စေ မည်။

မြို့ရွာသူကြီး အထိန်း အအုပ်တို့ထိန်ချန် ပေါ်ရှိလျှင်စီရင်ရန်

၁ မှာ၊ ၊နယ်တွင်း ရှိအိမ်ရင်း စုံပွါး များ ကိုကုန်စင် အောင်စါရင်း မတင်မပေး ကြေး ငွေမစား မယူ အိမ်ကိုထိန်ချန်လျှင်ထိန်ချန်သည့်အိမ်တွက်ထမ်း ဆောင် သင့်အခွန်တော် ငွေအကျအိမ်ရှင်မှာမတောင်း မခံ စေရ၊ နယ်ရှင်သူကြီး မှာနှစ်ဆ၊ နယ်စပ်ဘက်တွဲကြည့်ရှုရသည့်သူကြီး မှာထိန်ချန် ပေါ်ရှိ ငွေအမှုရှိန် ဆောင် ဆက်သွင်း စေမည်၊ အများ နည်း ထမ်း ဆောင်နိုင်သူ ဖြစ်လျက် ဒုက္ခိတပြုလုပ်နှုတ်ပယ်လျှင်ငှင်း နည်း ပြစ်ဒဏ်ခံ စေမည်၊ အိမ်ကိုထိန်ချန်၍ ငွေကိုစား ယူလျှင်စား ယူသည့် ငွေကိုနယ်ရှင်သူကြီး မှာလေး ဆ၊ နယ်စပ်ဘက်တွဲကြည့်ရှု ရသည့်သူကြီး မှာနှစ်ဆပြစ်ဒဏ်ခံ၍ဆက်သွင်း စေမည်။

ကျေး ရွာသူကြီး အထိန်း အအုပ်တို့ကုန်စင် အောင်စါရင်း တင်ပေး လျက်မြို့ဝန်စစ်ကဲအရာရှိတို့ထိန်

၁ မှာ၊ ၊ကျေး ရွာသူကြီး အထိန်း အအုပ်တို့ကအိမ်ရင်း စုံပွါး များ ကိုကုန်စင် အောင်စာရင်း တင်ပေး လျက် မြို့ဝန်စစ်ကဲမြို့ရွာအထိန်း အအုပ်တို့အိမ်ကိုထိန်ချန်သည်ဖြစ် စေ၊ ကြေး လွတ်စါရင်း ပါလူမဟုတ်သည်ကို ကြေး လွတ်သည်ဖြစ် စေ၊ အများ နည်း ထမ်း ဆောင်နိုင်သူဖြစ်လျက် ဒုက္ခိတပြု

| | |
|---|---|
| ချွန်စား ယူလျှင်စီရင်ရန် | လုပ်နှုတ်ပယ်သည့်ဖြစ်စေ၊ တစုံတရာပြုလုပ်လျက်၎င်း အိမ်ထမ်း ဆောင်သင့်အခွန်တော် ငွေနှစ်ဆပြစ်ဒဏ် ခံ၍ဆက်သွင်း စေမည်၊ အိမ်ကိုထိန်ချန်၍ ငွေကိုစား ယူလျှင်အမိန့်တော်မြွက်ကိုခံ၍ ငွေစား ဥပဒေအတိုင်း စီရင်မည်။ |
| ထိန်ချန်သူကိုထုတ်ဖေါ် ၁ သူတို့ကိုဆုသနားတော် မြွက်ခံစေရန် | မှာ၊ ၊ မြို့ဝန်စစ်ကဲမှစ၍မြို့ရွာသူကြီး အထိန်း အအုပ် တို့အိမ်ထိန်ချန်သည်ကိုထုတ်ဖေါ်နိုင်လျှင်ထိန်ချန်သူတို့ပြစ် ဒဏ်သင့်အနက်တဝက် ငွေကိုသနား တော်မြွက်ခံစေမည်။ |
| ထိန်ချန်သူတို့ကိုတံစိုး ၁ ပဏ္ဏာကိုစား ယူသူ တို့ကိုစီရင်ရန် | မှာ၊ ၊ မြို့ဝန်စစ်ကဲမှစ၍မြို့ရွာသူကြီး အထိန်း အအုပ် တို့ထိန်ချန်သည်ကိုသိလျက်မပြောမဆိုမလျှောက်မထား တံ စိုး ပဏ္ဏာစား ယူလျှင်စား ယူသည့်ငွေကိုနှစ်ဆဒဏ် ပေး စေပြီး လျှင်ရာဇဒဏ်ဆယ်ချက်ရိုက် စေမည်။ |

ပေါင်း ၅

30 April 1868

သက္ကရာဇ် ၁၂၃၀ ပြည့်ကဆုန်လဆန်း ၁၀ ရက် နေ့ မြောက်ဥယျာဉ်တော်အတွင်း အမိန့်တော်မြွက်ရင်း နှင့် တောင်ဒဝယ်အမှုထမ်း ၄ ဆောင် ၄ ဗိတ်တို့ပုံနှိပ်သည့်ဥပဒေ။

တပယင်း မြေဒူး နှစ်မြို့ဝန်မင်း ကြီး မဟာမင်း လှမင်း ခေါင်ကျော်ထံ ပေး ပို့သည့်မှတ်စာ

(မှန်တိုင်စါစု၊ ရေဦး စိန်မောင် 'သဿမေဓ' ဟံသာဝတီ ၁ ဩဂုတ် ၁၉၇၀)

1868
(သက္ကရာဇ်) ၁၂၃၀ပြည့် သဿမေဓအခွန်တော် ကောက်ခံရန်မြို့ဝန်စစ်ကဲ
မြို့ရွာအထိန်း အုပ်တို့သို့ ပေးအပ်ရန်မှတ်စာဘုရား

တပယင်း မြေဒူး နှစ်မြို့ဝန်မင်းကြီး မဟာမင်းခေါင်ကျော်၊ တပယင်း မြေ
1868
ဒူး မြို့ကျေးရွာများမှာ (သက္ကရာဇ်) ၁၂၃၀ပြည့် သဿမေဓအခွန်တော်
ကောက်ခံရန်ရှိသည်ကိုအမိန့်တော်မြတ်နှင့် ကောက်ခံစေသည်ဖြစ်သည်၊ ပေးအပ်
သည့်အမိန့်တော်စာချွန်ဥပဒေမှတ်စာများ နှင့်သုခမ္မာဆရာတော်တို့က ပေး
အပ်သည့်ဆင့်စာများကိုမြို့ရွာရှိဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ထံတင်ပြလျှောက်ထား
ပြီး လျှင်ကျေးရွာသူကြီးတို့ကိုမြို့ရုံးက ခေါ်၍နီးစပ်သည့်နယ်ရှင်သူကြီးနှစ်ဦးတန်
သည်အင်အားကြီးကို ထောက်၍ဘက်တွဲအရို့ချိုးမှတ်စေပြီး လျှင်ကျေးရွာနယ်တွင်းရှိ
အိမ်ရင်း စုံပွါးများကိုအကြွင်းအကျန်မရှိကုန်စင်အောင်စာရင်းတောင်းယူ
အစုအသည်သီးခြား စာရင်းတင်ပေး စေ၍စာရင်းအရလူတို့အနက်အတိဒုတ္တိ တ
(19 January) 1868
မှန်သူကျောင်းဘုရားကျွန်သီးတော် (သက္ကရာဇ်) ၁၂၂၉ခုပြာသို (လပြည့်ကျော်
၁၁ရက်နေ့)အမိန့်တော်အရ အောက်မြို့ကျေးရွာများကပြန်ရောက်သူတို့ကိုချန်
လှပ်ပြီး လျှင်ကျေးရွာနေလူတို့မှာလယ်ယာကိုင်းကျွန်း ဥယာဉ်ခြံမြေထန်းအုန်း
ဆားတွင်းဆားကျင်းလုပ်ငန်းစီးပွါးကူသန်း ရောင်းဝယ်သည့်စီးပွါးမြတ်
စွန်းသင့်များကိုဆင်းရဲသားကျွန်တော်မျိုးတို့မပင်မပန်းမနာမကြင်အပိုအ
မိုမရှိစေရအမှန်အကန်နေရာကျအောင်စစ်ဆေး မေးမြန်း၍ဆယ်ဘို့တဘို့ကျကို
မလွန်စေရ၊ အင်အားအလျောက်အခွန်တော်ဒိသုံး ဒင်္ဂါးသင့်ညှိနှိုင်းဂုံထားပြီး
လျှင်ဂုံထားရစာရင်း ပါအခွန်တော်ငွေအနက်တဝက်ငွေမှာပထမနယုန်ဝါဆိုလ
အတွင်းပြီး ပြေအောင်ခွဲတောင်း ကောက်ခံဆက်သွင်းရမည်၊ အခွန်တော်ချိန်
ပေးသည့်ကာလသူကြီးရွာအုပ်တို့နှင့်စုံညီကြေး ပေးလူတို့ယုံကြည်သူလူကြီးဆယ်အိမ်
ခေါင်းတို့အသီးသီးချိန်ပေးရမည်၊ အခွန်တော်ကောက်ခံပြီး လူတို့စာရင်းကို
လည်းတဦးတယောက်စီအစုအသည်စာရင်းကျယ်ရအောင်ကျေးရွာသူကြီးတို့မှာ
ပုရပိုက်ကန့်ကူမတောင်းမခံမြို့ရုံးကကူးယူရေးသားတင်ပေးရမည်၊ ကျေး
ရွာဆော်တို့မှာအနှုတ်အနှိမ်မရှိ၊ ကျေးရွာနေလူတို့နည်းကောက်ခံရမည်၊ ကောက်
ခံရငွေတော်ကိုလည်းအတွင်းတော်လွှတ်တော်ကအဆင့်အဆိုမရှိသည်ကိုအနှုတ်အသုံး

မရှိ၊ ငွေတော်ပို့စရိတ်နှင့်သူကြီးတို့သနား တော်မြတ်ခံရသည့်ဆယ်နိုင်တနိုင်ကျ ငွေကိုသာထိန်း အုပ်စုကျေး ရွာ ကောက်ခံရ ငွေကမှတ်သား နှုတ်ပေး ရမည်၊ စုကြီး စုသေး အမှုထမ်း လူတို့မှာလွှတ်တော်ကစာရင်း ပေး အပ်သည့်ကျေး လွှတ်လူပြင်အပိုအမိုအနှုတ်အနှိမ်မရှိ ကောက်ခံရမည်၊ ပဒ္ဒမအခွန်တော် ကောက်ခံပြီး လူတို့မှာလည်း မြို့ရွာအထိန်း အအုပ်သူကြီး ရွာခေါင်းတို့ကစရိတ်ကျေး ငွေအသေး အဖွဲ့အခွဲအခန့်ကိုယ်မှုကိုယ်တာနှင့်လူအစေအခိုင်း မရှိငြိမ်ဝပ်နေထိုင်စေရမည် အကြောင်းကိုမြို့ရှင်ရွာရှင်တို့ကိုအသီးသီး လက်မှတ်စာပေး အပ်ဆင့်ဆိုရမည်၊ မှတ်စာပေး အပ်သည်ကိုမတည်တစုံတရာ ချက်ကွက်ဖေါက်ပြားကြား သိရလျှင်တပယင်း မြေဒူး နှစ်မြို့ဝန်မင်းကြီး မဟာမင်း ခေါင်ကျော်ကိုရာဇဝတ်အပြစ်စီရင်မည်။

သက္ကရာဇ် ၁၂၃၀ ပြည့် [1868] သဿမေဓအခွန်တော် ကောက်ခံရန်ဥပဒေမှတ်စာကို (သက္ကရာဇ် ၁၂၃၀ ပြည့်) နယုန်လဆန်း ၂ ရက်နေ့ [22 May 1868] စစ်ကဲကြီး စာရေးကြီးတို့တင်ပြလာသည်။

(မှန်တိုင်စါစု)

မှာလိုက်သည်၊ တပယင်းမြို့ မြေဒူးမြို့ဝန် မဟာမင်းလှမင်း ခေါင်ရဲတင်စစ်
ကဲတို့၊ သဿမေဓအခွန်တော် ကောက်ခံရန်ရှိသည့်မြို့ ကျေးရွာများ မှာ (သက္ကရာဇ်) 1868
၁၂၃ဝပြည့် သဿမေဓအခွန်တော် ကောက်ခံရန်ရှိသည်ကိုမြို့ရွာ နေဆင်းရဲ
သားကျွန်တော်မျိုးတို့မပင်မပန်း မနာမကြင် စေရမြို့ရွာအင်အား အလျောက်
ညှိနှိုင်းရုံထား ပြီး လျှင်ပဌမနယုန် ဝါဆိုလတကြိမ် ဒုတိယပြာသိုတပို့တွဲလတကြိမ်ခွဲဝေ
ကောက်ခံဆက်သွင်း စေဘုရား အမိန့်တော်မြတ်ကိုဦးထိပ်ထက်ဆင်ရွက်ရသည့်အ
တိုင်း တပယင်းမြို့ မြေဒူးမြို့ရှိ စုခြားလူတို့မှာတပယင်းမြို့ မြေဒူးမြို့ဝန်ကခွဲ
တောင်း ကောက်ခံဆက်သွင်း ရမည်ဖြစ်၍အမိန့်တော်မှာစာမှတ်စာဥပဒေ
အပ်လိုက်သည်၊ တပယင်းမြို့ မြေဒူးမြို့ရှိ စုခြားလူတို့အနက်လက်နက်စွဲကိုင်ဘွဲ့စည်း
ထမ်းရွက်ရာပါလူတို့ပြင်ကျန်စုခြားလူတို့မှာ (သက္ကရာဇ်) ၁၂၃ဝပြည့် 1868 သဿ
မေမဓအခွန်တော် ကောက်ခံရန်ရှိသည်ကိုလယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံ မြေထန်း
အုန်း လုပ်ငန်း စီးပွါး ကူးသန်း ရောင်း ဝယ်ဖြစ်ထွန်း သည့်စီးပွါး အင်အား
အလျောက်အား ရှိအား မဲ့ညှိနှိုင်း ရုံထား၍ထမ်း ဆောင်သင့်သဿမေဓအခွန်
တော် ငွေအနက်တဝက်ငွေကိုပဌမနယုန် ဝါဆိုလအတွင်း မှတ်စာဥပဒေပါသည့်အ
တိုင်း အပိုအမိုမရှိအမိန့်တော်မြတ်ရင်း နှင့်အညီခွဲတောင်း ကောက်ခံဆက်သွင်း
ရမည်၊ အခွန်တော် ကောက်ခံပြီး နောက်မြို့ရွာနယ်တွင်း ရှိအိမ်ရင်း စုံပွါး
ကောက်ခံရငွေများ ကိုကုန်စင် အောင်စာရင်း တင်ပေး သည်မတင်ပေး ကြွင်း
ကျန်ရှိသည်တတ်သိရ အောင်သင့်ရာလူ ထောက်လှမ်း စေမည်ဖြစ်သည်၊ အလို့ရအိမ်
ရင်း စုံပွါး စာရင်း ကျအချုပ် ကောက်ခံရငွေစာရင်း များ ကိုလည်း ငွေတော်
နှင့်အတူ ရွှေဘဝါး တော် အောက် လျှောက်ထား ဆက်သွင်း ရမည်။

သက္ကရာဇ် ၁၂၃ဝပြည့် (နယုန်လဆန်း ၂ရက်) (22 May) 1868 သဿမေဓအခွန်တော်
ကောက်ခံရာမှတ်စာဥပဒေလက်ခံ။

(မုန်တိုင်စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား သက္ကရာဇ် ၁၂၃၀ ပြည့်ဝါခေါင်လဆန်း ၁၃ ရက်ဖြော နေ့ [31 July 1868] တလုပ်တို့မြို့စီရင်စုကိုင် ရွာသူကြီး ငရန် ပြေကလက်ရှိကြီးစိုးမြဲ ကြီး စိုး ဆောင်ရွက်အုပ်ထိန်း စေရန်ခန့် တော်မူသည်အသည် ငယ်သား တို့အမှု တော်ကိုထမ်း ကုန်၍လုပ်စား ဆောင်စားစီး ပွါး ဖြစ်အောင်မစစီရင်၊ တလုပ်မြို့သူကြီး မြို့စာရေး တို့နှင့်ကိုင်း ရွာအသည်အလိ ဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ တလုပ်မြို့သူကြီး သွေး သောက်ကြီး သူကြီးရွာ အုပ်တို့ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း လက်ရှိစာရင်း ပါမှန်သူတို့ကိုကြီး စိုး မြဲ ကြီး စိုး ဆောင်ရွက်အုပ်ထိမ်း စေ၊ သက္ကရာဇ် ၁၂၃၀ ပြည့်ဝါခေါင်လဆန်း ၁၃ ရက် [31 July 1868] နေ့ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း လက်ရှိစာရင်း ဆက်သွင်း ရပါသူငရန် ပြေကိုကိုင်း ရွာသူကြီး ခန့်ထား ကြီး စိုး ဆောင်ရွက် စေ သည်၊ သူကြီး ငရန် ပြေဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ ကိုင်း ရွာသူကြီး ငရန် ပြေလည်း ကျေး ရွာကိုသာယာဖြိမ်ဝပ် အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကျရောက်သည့်မင်း မှုတော်ရပ်များ ကို ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရ မည်။

ဝန်မင်း များ စာ

(မန်းတောက်သမိုင်း စာစု)

တလုပ်မြို့သူကြီး မြို့စာရေး တို့နှင့်ကိုင်း ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ တလုပ်မြို့သူကြီး သွေး သောက်ကြီး သူကြီး ရွာအုပ်တို့ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း လက်ရှိစာရင်း ပါမှန်သူတို့ကိုကြီး စိုး မြဲကြီး စိုး ဆောင်ရွက်အုပ် ထိမ်း စေ၊ ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ကိုင်း ရွာမှာလက်ရှိစာရင်း ဆက်သွင်း ပါသူငရန် ပြေကိုတံဆိပ်စါချွန်ဝန်စာ ပေး အပ် ၍သူကြီး ခန့်ထား ကြီး စိုး စီရင် ဆောင်ရွက် စေသည်၊ ကိုင်း ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့သူကြီး ငရန် ပြေဆင့်ဆိုရာနာခံ ဆောင်ရွက် ကြရမည်၊ သူကြီး ငရန် ပြေ ကျေး ရွာကိုစည်ပင်သာယာ အောင်သိမ်း သွင်း ပြုစု ၍ခန့်ထား ကျ ရောက်သည့်မင်း မှုတော်ငပ်မျှား ကိုအမိန့် တော်မြတ်ရင်း နှင့် အညီ ပြေကုန် အောင်ကြီး စိုး စီရင် ဆောင်ရွက်ရမည်။

(31 July 1868)

(သက္ကရာဇ် ၁၂၃၀ပြည့်ဝါခေါင်လဆန်း ၁၃ရက်နေ့)အသည်ဝန် ထောက် တော်မင်း မင်း ကြီး မဟာသီဟသူရစါ

(မန်း တက်သမိုင်း စါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရားသက္က
12 September 1868
ရာဇ် ၁၂၃၀ ပြည့် တော်သလင်း လပြည့်ကျော် ၁၂ ရက် ၀ နေ့ ငတောလေကို မြေထဲမြို့
စီရင်စုကျွဲခြံ ရွာသူကြီး ခန့်တော်မူသည်၊ အသည်ငယ်သား တို့အမှုတော်ကိုထမ်း ကုန်
၍လုပ်စား ဆောင်စား စီး ပွါး ဖြစ်အောင်မစစီရင်။
( မန်း တက်သမိုင်း စါစု )

ယောမြို့သူကြီး မြို့စာရေး တို့နှင့် ချောင်းကူး ရွာအသည်အလါဝင် နေကပ်ပါး
ကျေး ထမ်း ကြီး ငယ်တို့၊ ယောလေး မြို့ဝန် နေမျိုး မင်း ထင်ရာဇာ ရှိခိုး သံ
တော်ဦး တင်ချက်အတိုင်း ယောမြို့ ဆောမြို့ လောင်း ရှည်မြို့ထီး လင်း မြို့စာရင်း
ပါမြို့သူကြီး ကျေး ရွာသူကြီး ၁၂ ဖတို့ကိုလက်ရှိကြီး စိုး မြဲကြီး စိုး စေဟုသက္ကရာဇ်
24 September 1868
၁၂၃၀ပြည့်သတင်း ကျွတ်လဆန်း ၉ရက် နေ့ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်
ထက်ဆင်ရွက်ရသည်အတိုင်း လက်ရှိသူကြီး ဆက်သွင်း ရာပါ ယောမြို့စီရင်စု ချောင်း
ကူး ရွာငမြတ်လှကိုလက်ရှိကြီး စိုး မြဲကြီး စိုး စေသည်၊ ချောင်းကူး ရွာအသည်အ
လါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့သူကြီး ငမြတ်လှဆင့်ဆိုရာနာခံ ဆောင်
ရွက်ကြရမည်၊ သူကြီး ငမြတ်လှလည်း ကျေး ရွာစည်ပင်သာယာ အောင်သိမ်း သွင်း
ပြုစုပြီး လျှင်ခန့်ထား ကျရောက်သည့်မင်း မှုတော်ရပ်များ ကို ပြေကုန် အောင်
ကြီး စိုး ဆောင်ရွက်ရမည်။

( ယောသမိုင်း စာ ၅၀ – ၉ )

ဆင်စမ်း အဂိုင်း ကဲဝှာသူကြီး နေမျိုး ဥဒိန်သမန္တသီဟကျော်၊ ချောင်းကူး သူ
ကြီး ငမြတ်လှတို့၊ လက်ရှိ ကျေး ရွာသူကြီး များ မှာခြသေ့တံဆိပ် တော်မရှိလျှင်ခိုင်
စါး ပေး စေနှင့် ခိုင်စါး စါးလို၍ ကျေးရွာကိုလက်ရှိကြီး စိုးလိုလျှင်လွှတ် တော်မှာ လျှောက်ထား၍
လက်ရှိအမိန့်တော်စာချွန်ဆိုင်ရာစာများ ကိုခြသေ့တံဆိပ် တော် ပေး အပ်ကြီး
(24 September 1868)
စိုး ဆောင်ရွက် စေဟု (သက္ကရာဇ် ၁၂၃၀ပြည့်သတင်း ကျွတ်လဆန်း ၉ရက် နေ့)
ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည်ဖြစ်၍အဂိုင်း ကဲဝှာသူကြီး
နေမျိုးဥဒိန်သမန္တသီဟကျော်၊ ချောင်းကူး သူကြီး ငမြတ်လှတို့ကိုစလင်း (ရ)
သင်း ဆင်အစီရင်ဥဒိန်ရာဇာ နော်ရထာတို့ဝန်စာ ပေး အပ်ခေါ်လာစေ
သည်၊ ရောက်လျှင်အဂိုင်း ကဲဝှာသူကြီး ခန့်အမိန့်တော်ဆိုင်ရာစာများ ကိုယူ၍
ရွှေဘဝါး တော်မြတ် အောက်တက်လာရမည်၊ သူကြီး တို့မကျန်း မမာရှိလျှင် ဆောင်
ရွက်နိုင်သူတို့ကို ရွှေဘဝါး တော်မြတ် အောက် စေသူနှင့်အတူဆန်တက်လာ စေရမည်။
ဆဒ္ဒန်ဆင်မင်း ဝန်၊ အောက်မား ဝန်၊ မိုး ဇာ လှေ တော်အုပ်မင်း လှမင်း
ခေါင်ရာဇာစာ။
( ယောသမိုင်း စါ၅၈ )

ယောမြို့သူကြီး မြို့စာရေး တို့နှင့်အလယ်ဘန်ရွာအသည်အလာဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ ယောလေး မြို့ဝန် နေမျိုး မင်း ထင်ရာဇာ ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ယောမြို့၊ ဆောမြို့၊ လောင်ရှည်မြို့၊ ထီး လင်း မြို့စာရင်း ပါမြို့ သူကြီး ကျေး ရွာသူကြီး ၁၂ ဖတို့ကိုလက်ရှိကြီး စိုး မြဲကြီး စိုးစေ၊ သက္ကရာဇ် ၁၂၃၀ပြည့် သတင်း ကျွတ်လဆန်း ၉ရက် နေ့ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရ

24 September 1868

သည့်အတိုင်း လက်ရှိသူကြီးစာရင်းဆက်သွင်း ဂါပါဿါမြို့စီရင်စုအလယ်ဘန်ရွာမှာငလူ ကြီး ကိုလက်ရှိကြီး စိုး မြဲကြီး စိုး ဆောင်ရွက် စေသည်၊ အလယ်ဘန်ရွာအသည်အလါ ဝင် နေကပ်ပါး ကြေး ထ ်း ကြီး ငယ်တို့၊ သူကြီး ငလူကြီး ဆင့်ဆိုရာနာခံ ဆောင် ရွက်ကြရမည်၊ သူကြီး ငလူကြီး လည်း ကျေး ရွာစည်ပင်သာယာ အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကြ ရောက်သည့်မင်း မှုတော်ရပ်များ ကို ပြေကုန် အောင် ကြီး စိုး ဆောင်ရွက်ရမည်။

(အလယ်ဘန်သိန်း အုပ်စာစု)

ယောမြို့သူကြီး မြို့အစီရင်မြို့စာရေး တို့နှင့်အလယ်ဘန်ရွာအသည်အလါဝင် နေကပ် ပါး ကြေး ထမ်း ကြီး ငယ်တို့၊ ငလူကြီး ဂ၊အလယ်ဘန်ရွာကိုလက်ရှိကြီး စိုး မြဲကြီး စိုး (24 September 1868) စေ၊ (သက္ကရာဇ် ၁၂၃၀ ပြည့်သတင်းကျွတ်လဆန်း ၉,ရက် နေ့) ခြင်္သေ့တံဆိပ်အမိန့် တော်ခံယူ၍အမိန့်တော်လွှတ်တော်အသည်ဝန်စာ အရဝန်စာ ပေး အပ်ပါမည့် အကြောင်း နှင့်အစီရင်ခံချက်အတိုင်း ယောမြို့စီရင်စုအလယ်ဘန်ရွာမှာ ငလူကြီး ကိုအမိန့်တော်လွှတ်တော်အသည်ဝန်စာအရဝန်စာ ပေး အပ်ကြီး စိုး စီရင် ဆောင် ရွက် စေသည်၊ အလယ်ဘန်ရွာ နေအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ သူကြီး ငလူကြီး ဆင့်ဆိုရာနာခံ ဆောင်ရွက်ရမည်၊ သူကြီး ငလူကြီး လည်း ရာဇဝတ် ရေး မပေါ် မထွက် စေရ၊ ကင်း လှတ်လုံခြုံ ကျေး ရွာသာယာငြိမ်ဝပ် အောင်သိမ်း သွင်း ပြုစုပြီး လျှင်မင်း မှုတော် ပေါ် ပေါက်ကျ ရောက်ရှိသည်များ ကိုသာနာညီမျှ ခွဲခန့် ကောက်ခံ၍အမိန့်တော်မြတ်ရင်း နှင့်အညီမြို့ရုံး ဆင့်ဆိုရာနာခံ ဆောင်ရွက် ရမည်။

ယောမြို့လေး မြို့ဝန် နေမျိုး မင်း ထင်ရာဇာ စါ။

(အလယ်ဘန်သိန်း အုပ်စါစု)

အလယ်ဘန်ရွာအသည်အလါဝင်နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တစုတို့၊ ငလူကြီး အ (24 September 1868) လယ်ဘန်ရွာကိုလက်ရှိကြီး စိုး မြဲကြီး စိုး စေ (သက္ကရာဇ် ၁၂၃၀ပြည့်သတင်း ကျွတ်လဆန်း ၉ရက်နေ့)ခြ သော့ တံဆိပ်အမိန့်တော်လွှတ်တော်အသည်ဝန်စာဝန်စာ အရမြို့သူကြီး စာပေး အပ်ပါမည့်အကြောင်း နှင့်အစီရင်ခံချက်အတိုင်း ယောမြို့စီရင်စုအလယ်ဘန်ရွာမှာ ငလူကြီး ကိုအမိန့်တော်လွှတ်တော်အသည်ဝန်စာဝန်စာ အရမြို့သူကြီး စာပေး အပ်ကြီး စိုး စီရင်ဆောင်ရွက်စေသည်၊ အလယ်ဘန်ရွာအသည်အလါဝင်နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တစုတို့၊ အလယ်ဘန်ရွာသူကြီး ငလူကြီး ဆင့်ဆိုရာနာခံ ဆောင်ရွက်ရမည်၊ သူကြီး ငလူကြီး လည်း ရာဇဝတ်တော်ရေး မပေါ် မထွက်စေရကင်း လွတ်လုံခြုံ ကျေး ရွာစည်ပင်သာယာငြိမ်ဝပ် အောင်သိမ်းသွင်း ပြုစုပြီး လျှင်မင်း မှုတော် ပေါ် ပေါက်ကျ ရောက်ရှိသည်များ ကိုသာနာညီမျှခွဲခန့် ကောက်ခံ၍အမိန့်တော်မြွတ်ရင်း နှင့်အညီမြို့ရုံး ဆင့်ဆိုရာနာခံ ဆောင်ရွက်ရမည်။

မြို့သူကြီး မင်း စါ။

(အလယ်ဘန်သိန်း အုပ်စါစု)

ယောမြို့သူကြီး မြို့စာရေး တို့နှင့်အလယ်ဘန်ရွာအသည်အလါဝင်နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ ယောလေး မြို့ဝန်နေမျိုး မင်း ထင်ရာဇာရှိခိုး သံတော်ဦး တင်ချက်အတိုင်း ယောမြို့၊ ဆောမြို့၊ လောင်ရှည်မြို့၊ ထီးလင်း မြို့စာရင်း ပါမြို့ သူကြီး ကျေး ရွာသူကြီး နှင့်လက်ရှိကြီး စိုး မြဲကြီး စိုး ဆောင်ရွက်စေ၊ သက္ကရာဇ် 24 September 1868 ၁၂၃၀ပြည့်သတင်း ကျွတ်လဆန်း ၉ရက် နေ့ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ဖြစ်သည်၊ သူကြီး စာရင်း ဆက်သွင်း ရာပါယောမြို့စီရင်စု အလယ်ဘန်ရွာငလူကြီး ကိုတံဆိပ်စာချွန်ဝန်စာပေး အပ်ကြီး စိုး စီရင်ဆောင် ရွက်စေသည်၊ အလယ်ဘန်ရွာအသည်အလါဝင်နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တစု တို့၊ သူကြီး ငလူကြီး ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ သူကြီး ငလူကြီး လည်း အမိန့် တော်မြတ်ရင်း နှင့်အညီ ကျေး ရွာကိုစည်ပင်သာယာ အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကျရောက်သည့်မင်း မှု တော်ရပ်များ ကို ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရမည်။

ဝန်ရှင် တော်အသည်ဝန်မင်း ကြီး မဟာသီဟသူရစာ။

(အလယ်ဘန်သိမ်း အုပ်စာစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား သ
24 September 1868
က္ကရာဇ် ၁၂၃၀ ပြည့်သတင်း ကျွတ်လဆန်း ၉ ရက် ၅ နေ့ ငရန်ဝေး ကိုယ်း လင်း မြို့
စီရင်စု လောင်ဘုံကြီး ရွာသူကြီး ခန့် တော်မူသည်၊ အသည်ငယ်သား တို့အမှုတော်
ကိုထမ်း ကုန်၍လုပ်စား ဆောင်စား စီး ပွါး ဖြစ် အောင်မစစီရင်။
( အုံး တောဘချစ်စါစု )

ထီး လင်း မြို့သူကြီး မြို့စာရေး တို့နှင့် လောင်ဘုံကြီး ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ ယောလေး မြို့ဝန် နေမျိုး မင်း ထင်ရာဇာ ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ယောမြို့၊ ဆောမြို့၊ လောင်ရှည်မြို့၊ ထီး လင်း မြို့စာရင်း ပါမြို့သူကြီး ကျေး ရွာသူကြီး ၁၂ဖတို့ကိုလက်ရှိကြီး စိုး မြဲကြီး စိုး ဆောင်ရွက်
24 September 1868
စေသက္ကရာဇ် ၁၂၃၀ပြည့်သတင်း ကျွတ်လဆန်း ၉ရက် နေ့ဘုရား အမိန့်တော်မြွတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း သူကြီး စာရင်း ဆက်သွင်း ရာပါထီး လင်း မြို့စီရင်စု လောင်ဘုံကြီး ရွာမှာ ငရန် ဝေး ကိုတံဆိပ်စာချွန်ဝန်စာ ပေး အပ်ကြီး စိုး ဆောင်ရွက် စေသည်၊ လောင်ဘုံကြီး ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ သူကြီး ငရန် ဝေး ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ သူကြီး ငရန် ဝေး လည်း အမိန့်တော်မြွတ်ရင်း နှင့်အညီ ကျေး ရွာစည်ပင်သာယာ အောင် သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကျ ရောက်သည့်မင်း မှုတော်ရပ်များ ကို ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရမည်။

ဝန်ရှင်တော်အသည်ဝန်မင်း ကြီး မဟာသီဟသူရ စါ။

(အုန်း တောဘချစ်စါစု)

ယီး လင်း မြို့သူကြီး စာ ရေး တို့နှင့် လောင်ဘုံကြီး ရွာအသည်အလါဝင် နေကပ်ပါး
ကြေး ထမ်း ကြီး ငယ်တို့၊ ယော လေး မြို့ဝန် နေမျိုး မင်း ထင်ရာဇာ ရှိခိုး သံ
တော်ဦး တင်ချက်အတိုင်း ယောမြို့၊ ဆောမြို့၊ လောင်ရှည်မြို့၊ ယီး လင်း မြို့စာ
ရင်း ပါမြို့သူကြီး ကျေး ရွာသူကြီး ၁၂ ဖတို့ကိုလက်ရှိကြီး စိုး မြဲကြီး စိုး ဆောင်ရွက်
24 September 1868
စေသက္ကရာဇ် ၁၂၃၀ ပြည့်သတင်း ကျွတ်လဆန်း ၉ ရက် နေ့ဘုရား အမိန့်တော်
မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း လက်ရှိသူကြီး စာရင်း ဆက်သွင်း ရာပါ
သီး လင်း မြို့စီရင်စု လောင်ဘုံကြီး ရွာမှာ ငရန် ဝေး ကိုလက်ရှိကြီး စိုး မြဲကြီး စိုး
ဆောင်ရွက် စေသည် လောင်ဘုံကြီး ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး
ငယ်တို့သူကြီး ငရန် ဝေး ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ သူကြီး ငရန် ဝေး
လည်း ကျေး ရွာကိုစည်ပင်သာယာ အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကျ
ရောက်သည့်မင်း မှုတော်ရပ်များ ကို ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရမည်။
ဝန်မင်း များ စါ။

( အုန်း တော်ဘချစ်စါစု )

ထီးလင်း မြို့စီရင်စု လောင်ဘုံကြီး ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်းသားကြီး
ငယ်တစုတို့၊ ငရန်ဝေး က လောင်ဘုံကြီး ကျေး ရွာကိုရိုး ဆက်ရခံ စစ်တမ်း စာ
ရင်း တော်ဆက်သွင်း ဘေးဘိုးဘတို့ကြီး ရိုး မျိုး စဉ်ဆက်မပြတ်လက်ရှိအမိန့်တော်ခြင်္သေ့
တံဆိပ် (သက္ကရာဇ် ၁၂ ) ၃၀ ပြည့်နှစ်ခံယူကြီး စိုး ရှိနေရာအရိုး မဆိုင်သူကြော 1868
နိုင်နှောက်ရှက်ရှိ၍အရေး ဖြစ်ပွါး နှစ်ဦး စုံညီ ရွှေလွှတ်တော်မှာအ ကောက်အယူ
တော်ခံကြသျှင်အမိန့်တော်လက်ရှိသူက လောင်ဘုံကြီး ကျေး ရွာကိုကြီး စိုး ဆောင်
ရွက်စေ ကောက်တော်မူချက်ကြ ရောက်ရှိပါသော ကြောင့်ခန့်ထား တော်မူရင်း
(သက္ကရာဇ် ၁၂၃၀ ပြည့်သတင်း ကျွတ်လဆန်း ၉ ရက်နေ့) အမိန့်တော်မြတ်အရ (24 September 1868)
ကောက်တော်မူချက်အတိုင်း ကြီး စိုး ဆောင်ရွက်သိမ်း သွင်း ပြုစုပါရအောင်
လက်ရှိမြို့ဝန်း စာပေး အပ်ပါမည့်အကြောင်း ခြင်္သေ့တံဆိပ်အမိန့်တော် ရွှေလွှတ်
တော် ကောက်ချက်များ ကိုတင်ပြလျှောက်ထား အစီရင်ခံရှိသည်ဖြစ်၍ လောင်
ဘုံကြီး ကျေး ရွာကိုကွဲပြား မဖွဲ့အမိန့်တော်အရ ကောက်တော်မူချက်အတိုင်း သူ
ကြီး ငရန်ဝေး ကိုမြို့ဝန်း လက်ရှိစာပေး အပ်ခန့်ထား ကြီး စိုး ဆောင်ရွက်စေ
သည်ဖြစ်သည်၊ လောင်ဘုံကြီး ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်းသားကြီးငယ်
တို့၊ သူကြီး ငရန်ဝေး ဆင့်ဆိုရာနာခံကြရမည်၊ သူကြီး ငရန်ဝေး လည်း ကြီး စို
နယ်မြေအတွင်း ရာဇဝတ်ကြောင်း ပေါ်ထွက်မရှိစေရထိမ်း သိမ်း ပြီး လျှင်အ
ကျိုး စီး ပွါး တော်ဖြစ်ကျေး ရွာစည်ပင်သာယာအောင် ခေါ်ငင်သိမ်း သွင်း
ပြုစု၍အများ နည်း ခန့်ထား ကျရောက်သည့်မင်း မှုတော်ဂုပ်များ ကိုအမှုထမ်း
ဆင်း ရဲသား ကျွန်တော်မျိုး တို့မှာသာနာညီမျှပြတ်သွို ကောက်ခံပို့ပွါး ဘိစီး နှိပ်
စက်မပြုမလုပ်မြို့မမြို့သူကြီး အစီရင်တို့ဆင့်ဆိုရာနာခံကြီး စိုး ဆောင်ရွက်ရမည်။
လောင်ရှည်၊ ထီးလင်း ၊ ဆော၊ ယောလေး မြို့အုပ်မင်း နေမျိုး မင်း လှမင်း
ထင်ကျော် ခေါင်စာ။
(အုန်း တော်ဘချစ်စာစု)

ထီးလင်း မြို့သူကြီး မြို့စာရေး တို့နှင့် လောင်ဘုံကြီး ရွာအသည်အလါဝင် နေကပ်ပါး
(24 September 1868)
ကြေးထမ်းကြီး ငယ်တို့၊ လောင်ဘုံကြီး ရွာကို (သက္ကရာဇ် ၁၂၃၀ ပြည့်သတင်း ကျွတ် လဆန်း ၉ ရက်နေ့) အမိန့်တော်မြွက်နှင့်ခန့်ထား တော်မူသည့်အတိုင်း လွှတ်တော် စာ၊ အသည်ဝန်စာ၊ ပေးအပ်ခန့်ထား ရှိသည်ဖြစ်ပါ၍ အမိန့်တော်မြွက်ရင်း နှင့် အညီအမိန့်ဝန်စာ ပေးအပ်ပါမည့်အကြောင်း နှင့်အစီရင်ခံချက်အတိုင်း လောင် ဘုံကြီး ရွာမှာ ငရန်ဝေး ကိုသူကြီး အရာဝန်စာ ပေးအပ်ကြီးစိုး ဆောင်ရွက် စေသည်၊ လောင်ဘုံကြီး ရွာအသည်အလါဝင် နေကပ်ပါး ကြေးထမ်းကြီး ငယ်တို့၊ သူကြီး ငရန်ဝေး ဆင့်ဆိုရာ နာခံ ဆောင်ရွက်ကြရမည်၊ သူကြီး ငရန်ဝေး လည်း စီရင်စု ကျေးရွာနယ် မြေအတွင်း ရာဇဝတ်တော်ရေး မပေါ် မထွက်စေရကြီး စိုးပြီး လျှင်ပေါ် ပေါက်ကျရောက်သည့်မင်း မှုတော်ရပ်များ ကိုမြို့ဝုံး ဆင့်ဆိုရာ နာခံ ဆောင်ရွက်ကြရမည်။

ရွှေခါး စွဲဗိုလ် ယောလေး မြို့ငန်မင်း နေမျိုး မင်းထင်ရာဇာ စါ။

(အုန်း တောဘချစ်စါစု)

ထီး လင်း မြို့သူကြီး မှုစာ ရေးကြီးတို့၊ လောင်ဘုံ ဥသူကြီး ငရန် ဝေး က လောင်ဘုံ
1783
ကြီး ရွာကိုဘီငကျန် အောင် (သက္ကရာဇ်၁၁)၄၅ခုစစ်တမ်း စာရင်း ဆက်သွင်း
ကြီး စိုး ပါသည်၊ မရှိလျှင်သား ငဖြိုး စံကြီး စိုး ပါသည်၊ မရှိလျှင်သား ငလှ ကျော်
ကြီး စိုး ပါသည်၊ မရှိလျှင်ငစံ နှောင်း ကြီး စိုး ပါသည်၊ မရှိလျှင်ကျွန် တော်ရိုး ဆက်
ရာခံမှန်သည့်အတိုင်း ဥပဒေ တော်အရ (သက္ကရာဇ်၁၂၃၀ပြည့်သတင်း ကျွတ်လ
(24 September 1868)
ဆန်း ၉ရက် နေ့) ခြင်္သေ့တံဆိပ်အမိန့် တော်ခံယူလျက်မြို့သူကြီး ဝန် ဟောင်း တို့ကရိုး
မျိုး မှန်မမှန်ကိုစစ် မေး၍နှစ်ဦး စုံညီစစ်တမ်း စာရင်း တင်ပြ လျှောက်ထား
1783
ရာ (သက္ကရာဇ်၁၁)၄၅ခုစစ်တမ်း စာရင်း တင်ပြသူကရိုး ဆက်ရာမှန်ကန်
1868
သင့် ကြောင်း မြို့သူကြီး ဝန် ဟောင်း တို့အမိန့်ကိုနာခံ၍ (သက္ကရာဇ်) ၁၂၃၀ပြည့်

ခြင်္သေ့တံဆိပ်အမိန့် တော်ခံယူကြီး စိုး ပါသည်ကိုမဆိုင်သူငကြာနိုင်ကသီး ခြား ကွဲ
ပြား ထမ်း ရွက်ရှိသည်ဖြစ်ပါ၍အကွဲအပြား မရှိပါစေရအမိန့် တော်လွှတ် တော်စာ
အတိုင်း တလုံး တဝတည်း ကြီး စိုး အုပ်ထိန်း စီရင် ဆောင်ရွက်ပါရမည့်အကြောင်း
1783
နှင့်အစီရင်ခံချက်အတိုင်း (သက္ကရာဇ်၁၁)၄၅ခုစစ်တမ်း စာရင်း ဆက်သွင်း
ကြီး စိုး အရိုး သား မြေး မှန်သည့်အတိုင်း ခြင်္သေ့တံဆိပ်အမိန့် တော်လွှတ် တော်စာ
ချွန်အရအကွဲအပြား မရှိတလုံး တဝတည်း ကြီး စိုး အုပ်ထိန်း ဆောင်ရွက် စေသည်။
စါး တော်ကွမ်း ရေကိုင် ယော လေး မြို့ဝန်မင်း ထင်စည်သူ ကျော် စာ။
(အုန်း တောဘချစ်စာစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘ၀ရှင်မင်း တရား ကြီး ဘုရား သက္က 24 September 1868 ရာဇ် ၁၂၃၀ ပြည့်သတင်း ကျွတ်လဆန်း ၉ ရက် ၅ နေ့ ငရဲကိုထီး လင်း မြို့စီရင်စု လောင်ဘုံဆယ်ရွာသူကြီး ခန့်တော်မူသည်၊ အသည်ငယ်သား တို့အမှုတော်ကိုထမ်း ကုန်၍လုပ်စား ဆောင်စား စီး ပွါး ဖြစ် အောင်မစစီရင်။

(ထီး လင်း မောက်စါစု)

ယီး လင်း မြို့သူကြီး စာရေး တို့နှင့် လောင်ဘုံငယ်ရွာအသည်အလါဝင် နေကပ်ပါး
ကျေး ထမ်း ကြီး ငယ်တို့၊ ယောလေး မြို့ဝန် နေမျိုး မင်း ထင်ရာဇာ ရှိခိုး သံ
တော်ဦး တင်ချက်အတိုင်း ယောမြို့၊ ဆောမြို့၊ လောင်ရှည်မြို့၊ ယီး လင်း မြို့စါ
ရင်း ပါကျေး ရွာသူကြီး ၁၂ ဖတို့ကိုလက်ရှိကြီး စိုး မြို့ကြီး စိုး စေသက္ကရာဇ် ၁၂၃၀
24 September 1868
ပြည့်သတင်း ကျွတ်လဆန်း ၉ ရက် နေ့ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်
ရသည့်အတိုင်း သူကြီး စာရင်း ဆက်သွင်း ရာပါယီး လင်း မြို့စီရင်စု လောင်ဘုံငယ်
ရွာမှာ ငရဲကိုတံဆိပ်စာချွန်ဝန်စာ ပေး အပ်ကြီး စိုး ဆောင်ရွက် စေသည်၊ လောင်
ဘုံငယ်ရွာအသည်အလါဝင် နေကပ်ပါး ကျေး ထမ်း ကြီး ငယ်တစုတို့၊ သူကြီး ငရဲဆင့်ဆို
ရာနာခံ ဆောင်ရွက်ရမည်၊ သူကြီး ငရဲလည်း အမိန့် တော်မြတ်ရင်း နှင့်အညီ ကျေး
ရွာစည်ပင်သာယာ အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကျရောက်သည့်မင်း
မှုတော်ရပ်များ ကို ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရမည်။
ဝန်ရှင် တော်အသည် ဝန်မင်း ကြီး မဟာသီဟသူရ စါ။
( ယီး လင်း မောက်စါစု )

ထီးလင်း မြို့သူကြီး မြို့စာရေး တို့နှင့် လောင်ဘုံငယ်ရွာအသည်အလါဝင် နေကပ်ပါး ကြေးထမ်းကြီး ငယ်တို့၊ ယောလေး မြို့ဝန် နေမျိုး မင်းထင်ရာဇာ ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ယောမြို့၊ ဆောမြို့၊ လောင်ရှည်မြို့၊ ထီးလင်း မြို့စာရင်း ပါမြို့သူကြီး ကျေးရွာသူကြီး ၁၂ ဖတို့ကိုလက်ရှိကြီး စိုး မြဲကြီး စိုး စေသက္ကရာဇ်
24 September 1868
၁၂၃၀ပြည့်သတင်း ကျွတ်လဆန်း ၉ရက် နေ့ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း လက်ရှိသူကြီး ဆက်သွင်း ရာပါထီးလင်း မြို့စီရင်စု လောင်ဘုံငယ်ရွာမှာ ငရဲကိုလက်ရှိကြီး စိုး မြဲကြီး စိုး ဆောင်ရွက် စေသည်၊ လောင်ဘုံငယ်ရွာအသည်အလါဝင် နေကပ်ပါး ကြေးထမ်းကြီး ငယ်တို့၊ သူကြီး ငရဲဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ သူကြီး ငရဲလည်း ကျေးရွာကိုစည်ပင်သာယာ အောင်သိမ်းသွင်း ပြုစုပြီး လျှင်ခန့်ထား ကျရောက်သည့်မင်း မှုတော်ရပ်များ ကို ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရမည်။

ဝန်မင်း များ စာ

(ထီးလင်း မောက်စာစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ နေ့ခက်ဝန်း ကျင်ပန်း လှသွား သွေး သောက်ကြီး ငပဲကိုလယ်ကိုင်း မြို့စီရင်စုပန်လှသွားသူကြီး ခန့်တော်မူသည်၊ အသည်ငယ်သား တို့အမှုတော်ကိုထမ်း ကုန်၍လုပ်စား ဆောင်စား စီး ပွါး ဖြစ် အောင်မစစီရင်။

21 October 1868

သက္ကရာဇ် ၁၂၃၀ပြည့်တန် ဆောင်မုန်း လဆန်း ၇ရက် ၄ နေ့

(လယ်ကိုင်း မင်း နှယ်စါစု)

မင်းသတိုး မင်းကြီး မဟာမင်းလှစည်သူ၊ မင်းသတိုး မင်းကြီး မဟာစည်သူ၊ မင်းသတိုး မင်းကြီး မဟာမင်း ကျော်မင်း ခေါင်၊ မင်းကြီး မဟာသီဟသူမှာ လိုက်သည်တပယင်း မြေဒူး နှစ်မြို့ဝန်မင်းကြီး မဟာမင်းလှမင်း ခေါင်ကျော်၊ စစ်ကဲတို့၊ အရပ်ရပ်မြို့ကျေး ရွာများ မှာနွားအိုနွား ပိန်များ ကိုသတ်စားကြ ကြောင်း နှင့်ရွှေနား တော်မြတ်ကြား သိတော်မူရသည်၊ အသတ်အစား မရှိစေ နှင့်၊ မြို့ရှင်ရွာရှင်အကြီး အအုပ်တို့သို့ထပ်မံဆင့်ဆို စေဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်အတိုင်း အရပ်ရပ်မြို့ရှင်ရွာရှင်အကြီး အအုပ်တို့သို့အသီး သီး လုပ်ဆောင်မှာထား ချက်ရှိစေသည်၊ တပယင်း မြေဒူး နှစ်မြို့ဝန်မင်း က ဝန်စုပါမြို့ကျေး ရွာနယ် မြေအတွင်း နွားအိုနွား ပိန်မှစ၍ကျွဲနွား များ ကိုအ သတ်အဖြတ်အစား အသောက်မရှိ စေရနိုင်နင်း အောင်ကြပ်ကြပ်တည်းတည်း ဆင့် ဆို၍သတ်ဖြတ်စား သောက်သူတို့ကိုရမိ အောင် ထောက်လှမ်း ဘမ်းဆီး ပြီး လျှင်ရမိ သူတို့ကိုဥပဒေတော်အတိုင်း ရာဇဝတ်အပြစ်ထိုက်ရာစီရင်ရမည်၊ နွားကျွဲသတ် ဖြတ်စား သောက်ရမိသူမည်သူကိုမည်သို့စီရင်သည့်အကြောင်း ကိုလည်း လျှောက်ထား အစီရင်ခံရမည်။

သက္ကရာဇ် ၁၂၃၀ ပြည့်ပြာသိုလပြည့်ကျော် ၁၀ ရက် (6 January 1869) နေ့အင်းသူကြီး ငဘိုးထွင် ပါ။

( မှန်တိုင်စါစု )

သဿမေဓဆဋ္ဌမမာတိကာ ဒုတိယချက်အရ ခိုးသူ ဓါးပြ မခိုး မယူ မတိုက် မခိုက် စေရ
စောင့်ထိန်းရန် ဥပဒေအသီးအသီး နယ်ရှင်သူကြီးတို့ခံဝန်ချက်နှင့် ကျေးရွာ
အင်အား အလျောက် ကောက်ခံရ ငွေတွင်ဆယ်ခိုင်တခိုင် နှုတ်၍ အစား သနားတော်
မြတ်ခံ စေပြီးလျှင် ခိုးသူ ဓါးပြ လုံခြုံကင်းလွတ်အောင် စောင့်ထိန်း စေမည်၊ ကျေး
ရွာသူကြီးတို့မှာ နယ်တွင်နှုတ်လွန်လက် ရောက်တရား စကား ရှိလျှင်အမိန့်တော်ဥ
ပဒေရင်း အတိုင်း သူကြီးတို့က စစ်ကြောစီရင်၍ မပြီး မပြေမှ မြို့ရုံးမှာအယူခံ
စေမည်၊ ခိုင်စား ကွမ်းဘိုး များမှာ မြို့ဝန်မြို့သူကြီးတို့မစား မယူသာ၊ စာ
ရင်း ချမှတ်မြို့ရုံးတွင်သိမ်းထား၍ ရစာရင်းကို လေးလတကြိမ် ရွှေဘဝါးတော်
အောက် လျှောက်ပြီးလျှင် ယင့်ရာသုံးမည်၊ ကြည်းလမ်း ရေလမ်း ကူးသန်း ရောင်း
ဝယ်ကြသည့်ကုန်သည်တို့မှာ နယ်ရှင်သူကြီးတို့ကိုတိုင်တန်း၍ မြို့ရွာစခန်း လမ်းစဉ်အ
တိုင်း သွားလာ ရောင်းဝယ် စေမည်၊ နယ်ရှင်တို့ကိုမတိုင် မပြောအလျှောက်သွား
လာတည်းခို၍ တိုက်ခိုက်ခိုးယူ ပျောက်ဆုံးလျှင် အပေး အလျော်မရှိ ကျေးရွာသူကြီး
တို့ကိုဥပဒေအတိုင်း စီရင်ရန်ကိုလွှတ်ငြိမ်း စေမည်ထားသည့်စခန်း လမ်းအတိုင်း
တိုင်တန်း ပြောဆို၍သွားလာရာ တိုက်ခိုက်ခိုးယူ၍ ဓါးပြသူခိုးတို့ကိုဘမ်းဆီး ရမိ
လျှင်ပစ္စည်းများကို သူခိုးဓါးပြတို့မှာ တောင်း၍ ဥစ္စာရှင်သို့ပြန်ပေး စေမည်
သူခိုး ဓါးပြ ခိုးယူတိုက်ခိုက်၍ ဘမ်းဆီး မရမမိရှိလျှင် အကြီးအအုပ်တို့ကိုဥပဒေနှင့်
ရာဇဝတ်စီရင်မည်၊ ပါပစ္စည်းမှာ ဥစ္စာ ကျေးရွာအင်အားကို ထောက်၍ ငွေ
တော်အခိုင်စား သနားတော်မြတ်ခံရသူတို့က ပေးလျော် သင့်သည်တို့ကို ပေး
လျော် စေမည်၊ ဥစ္စာရှင်တို့သို့ ငွေတော်ထုတ်ပေး သင့်လျှင်ထုတ်ပေး သနားတော်
မူမည်၊ စေခိုင်း စီးနင်း ထွန်ယက်ရန်မြင်း ကျွဲနွား ဝယ်ယူသူလူတို့မှာ ဝယ်လျှင်နယ်
ရှင်အကြီးအအုပ်တို့ထံ ရောင်းသူ ဝယ်သူတို့ကအမည်နာမ ဆောင်ယူရန်မြင်း ကျွဲနွား
ကောင်ရေ ကောင်မှတ်များကိုစာရင်း ချ စေပြီးလျှင် ၎င်းအကြီးအအုပ်တို့ထံတံ
ဆိပ်စါခံယူ၍ နေရင်း ကျေးရွာသို့ ဆောင်ယူသွား စေရမည်၊ တနယ်နှင့်တနယ်
နွားဆွဲကျွဲငင်အခိုးအယူ ခြေရာကျ စကားမှာ အစဉ်မပြတ် ခြေရာကိုလိုက်ခံပြီး
လျှင်မြို့ ကျေးရွာထုံးစံရှိသည်အတိုင်း ခြေကြောင်း ခြေရာကိုပြအပ် စေ၍ နယ်ရှင်
ကထုတ်နိုင်လျှင်ထုတ် စေ၊ မထုတ်နိုင်လျှင်စီရင်စု ကျေးရွာနယ်တွင်သူခိုး မရှိမနေ

နယ်တွင်း လူတို့လည်း မခိုး မယူ ကြောင်း ကိုမြို့ရွာသူကြီး ကျေးထိန်း ရွာအုပ်တို့
ထွက်ဆိုလျှင်လပ်စေ၊ မဆိုဝံ့လျှင်အကြီး အအုပ်တို့က ပေးလျော်စေ၊ ခိုး သည့်ကျွဲနွား
နှင့်တကွ တွေ့ရှိလျှင် ခြေရာကျသည်မကျသည်မဆိုသာ ရာဇဝတ် ကြောင်း ရှိရာ လျှောက်
ထား စေမည်၊ အရပ်ရပ် ကျေး ရွာ နေလူတို့မှာ ရှိသည့် သေနတ်ဓါး လှံများ ကိုမြို့
ရွာအကြီး အအုပ်မြို့ရုံး များ တွင်စာရင်း ချမှတ်၍ထား စေမည်၊ ၄င်း သေနတ်
ဓါး လှံများ ကို နေရင်း မြို့ကျေး ရွာကအခြား မြို့ကျေး ရွာသွား တို့ယူဆောင်ယူ
သွား လာလျှင်အ လျှောက်အ ဆောင်အယူအသွား အလာ မရှိ စေရ၊ နယ်ရှင်အကြီး အ
အုပ်တို့ထံသက္ကရာဇ်လက်မှတ်စာခံယူသွား စေမည်၊ ခံဝန်ချက်စာရင်း မချတံဆိပ်
လက်မှတ်စာခံယူသူတို့သို့ ပေး ရန်တံဆိပ်မှာဇီဝစိုး တံဆိပ်ကိုမြို့ရုံး တွင်တင်ထား ၍
ဝန်စုမြို့ကျေး ရွာအကြီး အအုပ်တို့ထံအသီး အသီး တံဆိပ်ခပ်မှတ်ထား ၍ထန်း ရွက်ကို
ဝေငှ ပေး အပ်စေမည်၊ မြို့ရုံး က ဝေငှ ပေး အပ်သည့်တံဆိပ်ခပ်ထန်း ရွက်ကိုလည်း
ဝန်စုမြို့ကျေး ရွာအအုပ်တို့ကစာရင်း နှင့်မြို့ရုံး တွင်အစီရင်ခံ၍ထပ်မံ တောင်း
ယူအသင့်ထား စေမည်၊ သူခိုး ဓါးပြတို့ခိုး ယူတိုက်ခိုက်၍ ပစ္စည်း နှင့်တကွဘမ်း ဆီး
ရမိသည်သူခိုး ဓါးပြတို့မှာ ရွှေဘဝါး တော်အောက်သို့ပို့စေ၍အဘိုး တန်သုံး ဆယ်က
အထက်ကိုထိုက်တန်သည့်ပစ္စည်း ဖြစ်လျှင်သူခိုး ဓါးပြတို့နေရင်း မြို့ကျေး ရွာနှင့်ခရီး
ကွာဝေး သည့်မြို့ကျေး ရွာများ သို့ပို့အပ်စေပြီး လျှင်သူခိုး မှာ ခြောက်နှစ်၊ ဓါး
ပြမှာတဆယ့်နှစ်နှစ် ထောင်တွင်ထား မည်၊ လူကိုအ သေသတ်သူတို့မှာနဖူး ပါး ပြင်
ရင်များ တွင်စာအက္ခက်အမှတ်ထင်ထင်ရှား ရှား ထိုး ၍ ထောင်တွင်တသက် နေ စေ
မည်၊ ကျောင်း ဘုရား များ တွင်ဖျက်ဆီး သူတို့မှာနဖူး ရင်များ တွင်စာထိုး ၍
ကျွန်သီး တော်အစုမှာဖြည့်မည်၊ ကျောင်း ဘုရား ကျွန်သီး တော်တို့ဖျက်ဆီး လျှင်စါ
ထိုး မြဲထိုး ၍ကျွန်သီး တော်အကြီး သို့အပ်၍ ခြေကျဉ်း နှင့်တသက် နေ စေမည်၊ အဘိုး
တန်သုံး ဆယ်က အောက်ကိုအဘိုး တဆယ်တန်ခိုး ယူတိုက်ခိုက်သည့်သူခိုး ထား ပြတို့မှာ
ထောင်တွင်တနှစ်ထား မည်၊ တဆယ်တန်က အောက်ကိုခိုး ယူတိုက်ခိုက်သည့်သူခိုး ဓါး
ပြတို့မှာ ထောင်တွင်တလထား မည်၊ သူခိုး ဓါး ပြမှန်း သိလျက်နှင့်လက်ခံလျှင်ခိုး သူ
ဓါး ပြတို့ကိုစီရင်ရန်ဥပဒေနည်း စီရင်မည်၊ မြို့ဝန်မြို့အုပ်မြင်း ခေါင်း မြင်း စီး
ဒိုင်း ခေါင်း အငန်း တို့မှာ၄င်း တို့မြို့ကျေး ရွာကသူခိုး ဓါး ပြတို့ ပေါ်ရှိ၍ မပေး

မအပ်နိုင်လျှင်နုရင့်ရော ဆေး ရောခံဝန်ချက်နှင့်အပ်သင့်သည်ကိုအပ် စေမည်၊ ထောင်မှာထား ပြီး လျှင်ဂိုက်၍ ထောင်း သင့်သည်ကို ထောင်း စေမည်၊ မြို့အုပ်မြို့ သူကြီး မြင်း ခေါင်း မြင်း စီး ဒိုင်း ခေါင်း အကြီး အအုပ်ဖြစ်လျှက်သူခိုး ဓါး ပြ မွေး ထား ကြောင်း နှင့်ထင်ရှား ပေါ် ပေါက်သိသာလျှင် မွေး ထား သည့်မြို့အုပ်မြို့သူ ကြီး ရွာသူကြီး ဒိုင်း ခေါင်း အဝန်း မြင်း စီး မြင်း ခေါင်း တို့ကိုအမိန့် တော်မြွတ် ခံပြီး လျှင်အရိုး ပြုတ်အရာကနှုတ်၍ကြီး စိုး သည့်နယ် မြေအတွင်း စေ့နှံ့ အောင် မောင်း ကြော်ပြီး လျှင် ထောင်မှာထား စေမည်၊ သူခိုး ဓါး ပြတို့ဘမ်း ဆီး ရ မိသည်ကိုအပြစ်အ လျှောက်ဥပဒေနှင့်အညီမစီရင်၊ ထောင်တန်း ထား သည့်သူခိုး ဓါး ပြတို့ကိုဥပဒေနှစ်လမစေ့မရောက်မှီအလိုအ လျှောက်လွှတ်သည့်မြို့ဝန်စစ်ကဲမြို့ အုပ်မြို့ထိန်း တို့မှာအမိန့် တော်မြွတ်ခံ၍ ရာထူး ကိုနှုတ် စေမည်၊ ထောင်တန်း ရှိ သူခိုး ဓါး ပြတို့မှာလည်း ဥပဒေနှစ်လ စေ့ ရောက်လျှင်မြို့ဝန်စစ်ကဲမြို့အုပ်မြို့ထိန်းတို့က လွှတ် တော်မှာ လျှောက်ထား စေ၍ မှတ်ချက်မှတ်စာနှင့်ဆင့်ဆိုမှလွှတ် စေမည်၊ မြို့ ကျေး ရွာ နယ် မြေအတွင်း ရှိ နေသည့်လူတို့အနက် ကျေး ရွာ နေအ ပေါင်း အသင်း လူတို့ကခိုး မှုတိုက်မှုနှင့်စပ်လျှဉ်း ၍ မယုံမကြည်သင်ကာမကင်း ရှိသူတို့မှာမြို့ရွာမြို့ သူကြီး မြင်း စီး မြင်း ခေါင်း ဒိုင်း ခေါင်း အဝန်း တို့ကမြို့ဝန်စစ်ကဲမြို့အုပ်မြို့ထိန်း အစိုရပြုလုပ်သူတို့ထံပို့ စေ၍ထိန်း သိမ်း ထား စေပြီး လျှင်ခံဝံယူရသည့်ကာလမှလွှတ် စေမည်၊ ရာထူး ခန့်ထား သူ ကောင်း ပြု တော်မူသူတို့နှင့်မည်သည့်လူမျိုး မဆိုဘင်း ဘိန်း အရက်ထန်း ရေခါး မှစ၍ယစ်မျိုး နှင့်စပ်ဆိုင်သည်များ ကို သောက်လုပ်ဘည် ထား ရောင်း ဝယ် သောက်စား ဘမ်း ဆီး သိသာလျှင်လည်တွင်သံကွင်း တပ်၍ဘန်း မော်မြို့သို့ပို့ပြီး လျှင်ဘုရား ပုထိုး စေတီ **ဃာဂ် ကာ** ဝတ်ပဋိပတ်ကိုတနှစ်ရွက် ဆောင် နေ စေမည်၊ တလုပ်လူမျိုး တို့ဖြစ်လျှင်အထက်လွှတ် တော်ကဆင့်ဆိုသည့်ဥပဒေအတိုင်း နိုင်ငံ တော်မှအပပို့မြို့မြို့သို့ပို့အပ် စေမည်၊ မြင်း ကွဲနွား များ ကိုသတ်သည့်အမှုများ မှာလည်း ၄င်း နည်း စီရင်မည်၊ ဖဲ ကြွေအံကြက်တိုက်အ လောင်း အစါး ပေါ်လှာသိလှာသည့်အမှုမှာ မောင်း ကြော်၍တနှစ်ထား စေမည်။

(10 February 1869)

(သက္ကရာဇ် ၁၂၃၀ပြည့်တ ပေါင်း လဆန်း ၁ရက် နေ့သဃ မေ ခိုး သူ ဓါး ပြ တို့မခိုး မယူမတိုက်မခိုက် စေရ စောင့်ထိန်း ရန်ဥပဒေ)

(မုန်တိုင်စါစု)

သဿမေဓအခွန်တော်ကောက်ခံရာစီရင်ရန်ဥပဒေ

ပဌမဥပဒေ ၁ မှာမြို့ရွာသူကြီးတို့ကြီးစိုးစီရင်ရသည့်နယ်မြေအတွင်းကိုယ်မှ
စ၍နယ်တွင်းရှိအိမ်ရင်းစုံပွါးကိုမငဲ့မကွက်မျက်နှာကြီးငယ်
မရှယ်မထောက်အကြွင်းအကျန်အပိုအမိုမရှိမှန်ကန်အောင်စါ
ရင်းတင်ပေးပါမည်၊ နောင်ကြွင်းကျန်ပိုမိုပေါ်ရှိလျှင်ဥပ
ဒေတော်အတိုင်းရာဇဝတ်အပြစ်စီရင်ရာခံပါမည်ခံဝန်ချက်
နှင့်စါရင်းတင်ပေးစေမည်။

ဒုတိယ ၁ မှာအခွန်တော်ကောက်ခံဆက်သွင်းစါရင်းတင်ပေးပြီးနောက်
မြို့ရွာများသို့စေ့နှံ့အောင်လူစေလွှတ်နယ်တွင်းရှိအိမ်ပယ်အိမ်ကျန်
အိမ်ထမ်းဆောင်ရအိမ်စာရင်းများကိုမေးမြန်းထောက်လှမ်း
တောင်းယူစေ၍စါရင်းမညီမညွတ်၊ မြို့ရွာရှိအိမ်ရင်းစုံပွါးများ
ကိုလျော့ပေါ့စါရင်းတင်ပေးစါရင်းမပါကျန်အိမ်ကစါရင်းကျအိမ်
ထမ်းဆောင်သင့်အခွန်တော်တွင်ဆုံပေးထမ်းဆောင်ပေါ်ရှိ
လျှင်ညှိနှိုင်းတိုင်ပင်ထမ်းဆောင်စေသူမြို့ရွာသူကြီးတို့ကကျန်အိမ်
ထမ်းဆောင်သင့်အခွန်တော်ငွေနှစ်ဆဆက်သွင်းစေမည်။

တတိယ ၁ မှာမြို့ရွာသူကြီးတို့နယ်တွင်းရှိအိမ်ရင်းစုံပွါးများကိုကုန်စင်
အောင်စါရင်းမတင်မပေးကြေးငွေမစါးမယူအိမ်ကိုထိန်ချန်
သည့်အိမ်တွက်ငွေကိုအိမ်ရှင်မှာမတောင်းမခံ၊ သူကြီးကထိန်ချန်
အိမ်အခွန်တော်ငွေနှစ်ဆဆက်သွင်းစေမည်၊ အများနည်းထမ်း
ဆောင်နိုင်သူဖြစ်လျက်ဒုက္ခိတပြုလုပ်နှုတ်ပယ်လျှင်၎င်းနည်းပြစ်ဒဏ်
ခံစေမည်၊ အိမ်ကိုထိန်ချန်၍ငွေကိုစါးယူလျှင်ထိန်ချန်အိမ်ထမ်းဆောင်
သင့်အခွန်တော်ငွေလေးဆဆက်သွင်းစေမည်။

စတုတ္ထ ၁ မှာမြို့ဝန်စစ်ကဲအရာရှိအခွန်တော်ကောက်တို့ကမရှိမနေသည့်အိမ်
ကိုနှစ်စဉ်ထမ်းဆောင်ရသည့်အိမ်အကျပြည့်မှီအောင်စါရင်းဖြည့်
သွင်းပိုမိုတင်ပေးကျေးရွာရှိလူတို့မှာပြန်အိကောက်ခံရမည်
ဆင့်ဆို၍ကျေးရွာသူကြီးအထိန်းအအုပ်တို့ကခွဲတောင်းထမ်းဆောင်

ရလျှင်ပိုမိုတင်ပေး အိမ်ပြန်အိထမ်းဆောင်ရ ငွေအကျနှစ်ဆတန်ငွေ ကိုဆင့်ဆိုသူမြို့ဝန်စစ်ကဲအရာရှိအခွန်တော်ကောက်တို့က ပေး ဆောင် ရသူတို့ကိုပြန်ပေး စေမည်၊ မြို့ဝန်စစ်ကဲအရာရှိအခွန်တော်ကောက် တို့က မဆင့်မဆို ကျေး ရွာလူကြီး အထိန်း အအုပ်တို့အလိုအ လျောက်မရှိသည့် အိမ်ကိုပိုမိုတင်ပေး ပြန်အိ ကောက်ခံလျှင် ကောက်ခံသူသူကြီး ကနှစ်ဆ တန်ဒဏ်ပြန်ပေး စေမည်။

ပဥ္စမ ၁ မှာ မြို့ရွာသူကြီး အထိန်း အအုပ်တို့က အိမ်ရင်း စုံပွါး မျှား ကိုကုန်စင် အောင်စါရင်း တင်ပေး စေလျက်မြို့ဝန်စစ်ကဲအရာရှိအခွန်တော် ကောက်တို့ကအိမ်ကိုထိန်ချန်သည်ဖြစ်စေ၊ ကြေး လွတ်စါရင်း ပါမဟုတ် သည်ကို ကြေး လွတ်သည်ဖြစ်စေ၊ အမျှား နည်း ထမ်း ဆောင်နိုင်သူဖြစ် ပျက်ဒုက္ခိတပြုလုပ်နှုတ်ပယ်သည်ဖြစ်စေ တစုံတရာပြုလုပ်လျှင် ၎င်း အိမ် ထမ်း ဆောင်သင့်အခွန်တော်ငွေကိုနှစ်ဆပြစ်ဒဏ်ခံ၍ဆက်သွင်း စေ မည်၊ ၎င်း အိမ်ကလည်း ထမ်း ဆောင်သင့်အခွန်တော်ကိုဆက်သွင်း စေ မည်၊ အိမ်ကိုထိန်ချန်၍ ငွေကိုစား ယူသည့်အမှု ငွေ တော်ပို့စရိတ်ပုရပိုက် ကန့်ကူဘိုး မှစ၍အသုံး တော်ရှိရာသုံး ရန်ရှိသည်ကိုမဟုတ်မလျှား ပိုမို စါရင်း တင်ပေး စား ယူမှုပေါ်ရှိလျှင်မြို့ဝန်စစ်ကဲအရာရှိတို့မှာ ငွေ စား ဥပဒေ တော်အတိုင်း စီရင်စေမည်၊ အခွန်တော်ကောက်တို့မှာ စား ယူ ငွေကိုနှစ်ဆဒဏ်ဆက်သွင်း စေ၍ မစေမခိုင်း လွှတ်စေမည်။

ဆဋ္ဌမ ၁ မှာ မြို့ဝန်စစ်ကဲအရာရှိအခွန်တော်ကောက်မှစ၍ မြို့ရွာသူကြီး အထိန်း အအုပ်တို့ထိန်ချန်စား ယူသည်ကိုထုတ်ဘော်နိုင်သူအိမ်မရှိသည်ကိုပိုမိုစာ ရင်း တင်ပေး ပြန်အိ ကောက်ခံသည်ကိုထုတ်ဘော်နိုင်သူနယ်တွင်း ရှိ အိမ်ရင်း စုံပွါး ကိုလျှော့ပေါ့စာရင်း တင်ပေး စာရင်း မပါကျန်အိမ် ကစာရင်း ကျအိမ်တွက်ထမ်း ဆောင်သင့်အခွန်တော်တွင်ဆုံပေး ထမ်း ဆောင်ရသည်ကိုထုတ်ဘော်နိုင်သူတို့မှာပြစ်ဒဏ်သင့်ဆက်သွင်း ပြန်ပေး ရန် ငွေအနက်တဝက် ငွေကိုသနား တော်မြတ်ခံစေမည်၊ မြို့ဝန်စစ်ကဲ အရာရှိအခွန်တော်ကောက်မြို့ရွာသူကြီး အထိန်း အအုပ်တို့မထိန်မချန်မ

စား မယူမပို့မမိုမကြွင်း မကျန်သည်ကိုမဟုတ်မလျှား မှုခင်း ရှာ
ကြံ လျှောက်ထား ရှင်း လင်း စစ်မေး မရရှိလျှင်အစွဲခံရသူတို့သို့စွဲ
ဆို လျှောက်ထား ရင်း အကျ လျှောက်ထား သူတို့က ပေး စေမည်။

သတ္တမ ၁ မှာမြို့ဝန်စစ်ကဲအရာရှိအခွန်တော်ကောက်မှစ၍မြို့ရွာသူကြီး အ
ထိန်း အအုပ်တို့ဥပဒေပါအမှုရပ်များ ကိုထိန်ချန်စား ယူသည်ကိုသိ
မျက်တံစိုး ပန္နာစား ယူ၍ မပြောမဆိုမ လျှောက်မထား နေလျှင်
စား ယူ ငွေကိုနှစ်ဆဒဏ်ပြန်ပေး စေ၍ ထောင်မှာတလထား စေ
မည်။

အဋ္ဌမ ၁ မှာအစိုး ရမြို့ဝန်စစ်ကဲအရာရှိတို့စီရင်စုနယ် မြေအတွင်း မည်သည့်
ရွာတွင်အိမ်ရင်း စုံပွါး အစုအသည်မည် မျှရှိသည်ကိုသိသင့်သည့်အတိုင်း
ကျေး ရွာသူကြီး တို့ထိန်ချန်ပိုမိုတင်ပေး သည်ကိုမသိအတွင်း တော်
လွှတ်တော်ဆိုင်ရာများ က ထောက်လှမ်း မှကြား သိရလျှင်တအိမ်က ၅ ပဲ
ထိအိမ်မှာမြို့ဝန်စစ်ကဲအရာရှိတို့စါး စုရန်ပုံငွေတွင်၁ပိဿာလျှင်၁ဝိ
ကျ လျော့စေမည်၊ ၅ ဝိကအထက်ပေါ်အိမ်မှာစါး စုရန်ပုံငွေ၁ပိဿာ
လျှင် ၂ ဝိကျ လျော့စေမည်။

10 February 1869

ပေါင်း ၈ သက္ကရာဇ် ၁၂၃၀ ပြည့်တ ပေါင်း လဆန်း ၁ ရက်နေ့အမိန့်တော်မြွက်
ခံပြီး လျှင်သုခမ္မာဆရာ တော်တို့အစုံအညီတွင် လျှောက်ထား ၍သဿ
မေ●အခွန်တော်ကောက်ခံရာစီရင်ရန်ဥပဒေ။

(မှန်တိုင်စါစု)

အရပ်ရပ်အနီး အဝေး ဆိုင်ရာပြုလုပ်ယိန်း သိမ်း သူတို့နှင့်အဝေး မြို့ငန်ဗိုလ်မြို့ အုပ်စစ်ကဲနား ခံမြို့စာရေး ဂုံး အရာရှိတို့ကိုယ်နှင့်ငှင်း သား မယား တို့ကြေး ငွေစား ယူလျှင်စီရင်ရန်ဥပဒေ

| | | |
|---|---|---|
| ဒိကာ၁ဝိထိစါး ယူလျှင်စီရင်ရန် | ၁ | မှာ စါး ယူသည့်ငွေကိုဘာဘိုးပြန် ပေး စေမည် |
| ၁ဝိကပို၍ ၅ဝိစါး ယူလျှင်စီရင်ရန် | ၁ | မှာ ငှင်း နည်း ပြန် ပေး စေ၍ ထောင်မှာ တလထား စေမည် |
| ၅ဝိကအထက်ပိုမိုစါး ယူလျှင်စီရင်ရန် | ၁ | မှာ ငှင်း နည်း ပြန် ပေး စေ၍ အမိန့်တော်မြွတ်ခံ၍အရာကိုနှုတ် ပြီး လျှင် ထောင်မှာသုံး လထား စေမည် |

ငှင်း စာရေး လုလင်တို့စါး ယူလျှင်စီရင်ရန်ဥပဒေ

အမိန့်တော်ပြင်ဒိမပြည့်သည့်ငွေနှင့်

| | | |
|---|---|---|
| ငှင်း တန်သည့်ပစ္စည်း စါး လျှင် | ၁ | မှာ စါး ယူသည့်ငွေကိုဘာဘိုးပြန် စေ၍ မြို့ဂုံး တွင်ငါး ချက်ရိုက်၍ဆယ်ရက်တန်း မှာထား ၍ မစေမခိုင်း လွှတ်စေရမည် |
| ဒိကာ၅ိထိ ငွေနှင့်ထိုက်တန်သည့်ပစ္စည်း ကို စါး ယူလျှင် | ၁ | မှာ ငှင်း နည်း ပြန် ပေး စေ၍မြို့ဂုံး တွင်ဆယ်ချက်ရိုက်ပြီး လျှင်တန်း မှာတလထား ၍ မစေမခိုင်း လွှတ် စေမည် |
| ၅ိကာ၁ဝိထိ ငွေနှင့်ငှင်း တို့ထိုက်တန်သည့် ပစ္စည်း ကိုစါး ယူလျှင် | ၁ | မှာ ငှင်း နည်း ပြန် ပေး စေ၍မြို့ဂုံး တွင်အချက်သုံး ဆယ်ရိုက်၍ ထောင် မှာတလထား ၍ မစေမခိုင်း လွှတ် စေမည် |

(10 February 1869)

(10 February 1869)

(သက္ကရာဇ် ၁၂၃၀ ပြည့် တပေါင်း လဆန်း ၁ ရက် နေ့ အရပ်ရပ်အနီး အဝေး အထိန်း အချုပ် ဗိုလ်စစ်ကဲနား ခံစာရေး ရုံး အရာရှိတို့ ကြေး ငွေစါး ယူလျှင် စီရင်ရန် ဥပဒေ)

(မုန်တိုင်စါစု)

မြို့ရွာသူကြီး ရွာ[illegible]ုပ်မြင်း ခေါင်း မြင်း စီး ဒိုင်း ခေါင်း အဝန်း စုအုပ်စုထိန်း တို့ကိုယ်နှင့်ငှင်း တို့သား မယား တို့မှာသနား တော်မူသည့်နယ်တွင် ကောက်ခံရ နိုင်စါး ပြင်တရား ရာဇဝတ်မှုများ နှင့် ကြေး ငွေခွဲ တောင်း စါး ယူလျှင်စီ ရင်ရန်ဥပဒေ

| | | |
|---|---|---|
| ဒိက၅ိထိ ငွေနှင့်ငှင်း တို့တန်သည့် ပစ္စည်း ကိုစါး ယူထိန်ချန်လျှင် | ၁ | မှာစါး ယူသည့်ငွေကို**တဘိုး** ပြန်ပေး စေ၍မြို့ရုံး မှာခါယ်ချက်ရိုက်ပြီး လျှင်တလထား စေမည် |
| ၅က၁ဝိထိ ငွေနှင့်ငှင်း တို့တန်သည့်ပစ္စည်း ကိုစါး ယူလျှင် | ၁ | မှာငှင်း နည်း ပြန်ပေး စေ၍မြို့ရုံး တွင်အချက်သုံး ဆယ်ရိုက်ပြီး လျှင်မြို့ရုံး ထောင်မှာတလထား စေမည် |
| ၁ဝိကပိုသည့် ငွေနှင့်ငှင်း တို့တန်သည့်ပစ္စည်း စါး ယူလျှင် | ၁ | မှာငှင်း နည်း ပြန်ပေး စေ၍ ရွှေဘဝါး တော် အောက်အကျည်း ယူပြီး လျှင်အချက်သုံး ဆယ်ရိုက်၍အမိန့် တော်ခံပြီး လျှင်အရာကိုနှုတ် စေမည် |

အဝေး အရာရှိတို့ စေခိုင်း သူခုံ့ စါရင်း လုင်တို့ ကြေး ငွေစါး ယူလျှင်စီရင်ရန် ပေးအပ်သည့်ဥပဒေအတိုင်း မြို့ဝန်အရာရှိတို့က ပေါ်ပေါက်သူမစီရင်လျှင်မစီရင်သည့် မြို့ဝန်အရာရှိတို့ကိုစီရင်ရန်ဥပဒေ

ကြေး ငွေစါး ယူစါရေး လုင်တို့ကိုတကြိမ်လွှတ်လျှင်ယူသည့်ငွေကိုတဘိုး ပြန်ပေး စေ၍တန်း မှာတလထား မည်

နှစ်ကြိမ်လွှတ်လျှင်ဥပဒေတွင်ပါသည့်ငွေကိုတဘိုး ပြန်ပေး စေ၍ ထောင်မှာတလထား စေမည်

သုံး ကြိမ်လွှတ်လျှင်ဥပဒေတွင်ပြန်ရန် ငွေကိုတဘိုး ပြန်ပေး စေ၍အမိန့် တော်မြတ်ခံပြီး လျှင်အရာကိုနှုတ် စေမည်

(10 February 1869)

(10 February 1869)

(သက္ကရာဇ် ၁၂၃၀ ပြည့်တ ပေါင်း လဆန်း ၁ ရက် နေ့ မြို့ရွာ အကြီး အအုပ် တို့ ကြေး ငွေ စား ယူလျှင် စီရင် ရန် ဥပဒေ)

(မှန်တိုင် စာစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား သက္ကရာဇ် ၁၂၃၀ ပြည့်တပေါင်း လပြည့်ကျော် ၁၁ ရက် နေ့ ရဟန်း သံဃာ တော်တို့ ဥပုသ်ပဝါရဏာကံကြီး ကံငယ် ဆောင်ရွက်ရန်သုံး ဆယ်မြို့စီရင်စု တောင်တလုံးတိုင် နက်နောင်သခေါ်ရွာ ကျောင်း အရံအတွင်း စတုရန်း ဂါဝီ မြေကိုင်တရုပ်ကဝိသုံ ဂါမ မြေစား သနား တော်မြတ်ခံ၍ကုသိုလ် တော်ပွား ခဏ္ဍသိမ်သမုတ်လှူဒါန်းစေ ( နောင်ချိုလှ အောင်စိုးစု )

7 March 1869

သုံး ဆယ်မြို့စစ်ကဲအမတ်မြို့စား တို့နှင့်ဟိုနေခင်ရွာ၊ ဖက်လွတ်ရွာ၊ လွယ်ပန်းရွာ၊ ရေတွင်းကြီး ရွာ၊ စကား ပင်ရွာ၊ တောင်ကြီး ရွာ၊ တီကြစ်ရွာ၊ ဟိန်ထမုံ ကြော့ ခေါင်း အကြီး တို့၊ (အ)သည်(အ)လိဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ် တို့၊ (အ)တ္တပတ်မြင်း ဝန်၊ သုံး ဆယ်မြို့ဝန်၊ မြို့သစ်မြို့စား မဟာမင်း လှမင်း ခေါင် ကျော်ကသုံး ဆယ်မြို့ ကျေး ရွာများ မှာ နေ့ညမဆိုလိုလျှင် ကောက်ငင်ခံရ အောင်အသည်အလဲလူတို့ကို ရွေကြိုး သတ်ပါ ရာတပ်မှူး တို့နည်း တပ်ဖွဲ့စည်း တမ်းရွက်
(7 March 1869)
စေ (သက္ကရာဇ် ၁၂၃၀ပြည့်တပေါင်း လပြည့်ကျော် ၁၁ရက်) ဘုရား အမိန့် တော် မြွက်ကိုဦး ထိပ်ဆင်ရွက်ရသည့်အတိုင်း သုံး ဆယ်မြို့နယ်တွင်း ရှိကင်း တော်ကိုး ရပ်လူ တို့နှင့်သိန္နီ ကြောင်း လိုက်ပါထမ်း ရွက်သည့်တပ်မှူး ၏ တောင်ထိပ်ကင်း တပ်မှူး င သင်း ၊ ရာတပ်ဖွဲ့စည်း အမိန့် တော်မြွက်နှင့်ထမ်း ရွက်သည့်လက် ရေရွာအမှုထမ်း လူတို့ဖြင့်ကျန်သုံး ဆယ်မြို့နယ် ရှိအသည်အလဲလူ ၂၁၀၀စည်း ကြပ်စါရင်း ဆက်သွင်း ရာ ပါလူတို့မှာ င ကောင်း ၊ ငကြီး ၊ င ရွှေဘိုး ၊ င သောန၊ ငတိုး ၊ င ရွှေသဲ၊ ငရှင် ယု၊ ငဘုန်း ၊ င ရွှေ အောင်၊ င မှော်၊ င နေထွန်း ၊ ငရီ၊ ငဘိုး ၊ င မှုံ၊ င ရောက် ၊ ငနီ၊ ငလိုး ၊ ငနု၊ င အော၊ ငစံလှ၊ င မောင်ကလေး ၊ စုစုလူ ၂၁တို့ကိုတပ်မှူး ခန့်ဘွဲ့စည်း ထမ်း ရွက်ရပါမည့်အကြောင်း နှင့် လျှောက်ထား ရှိသည်ဖြစ်၍လွှတ် တော်စာရင်း တင်ရာပါသုံး ဆယ်မြို့စီရင်စု ဟိုနေခင်ရွာ၊ ဖက်လွတ်ရွာ၊ လွယ်ပန်း ရွာ၊ ရေတွင်းကြီး ရွာ၊ စကား ပင် ရွာ၊ တောင်ကြီး ရွာ၊ တီကြစ်ရွာ၊ အသည်အလဲလူတို့မှာ ငရှင်ယုကိုတပ်မှူး ခန့်ထား အမှုထမ်း လူ ၁၀၀ဖွဲ့စည်း ထမ်း ရွက် စေသည်၊ ဟိုနေခင်ရွာ၊ ဖက်လွတ်ရွာ၊ လွယ် ပန်း ရွာ၊ ရေတွင်းကြီး ရွာ၊ စကား ပင်ရွာ၊ တောင်ကြီး ရွာ၊ တီကြစ်ရွာ၊ ဟိန်ထမုံ ကြော့ ခေါင်း အကြီး အသည်အလိဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ တပ် မှူး ငရှင်ယုလည်း ဖွဲ့စည်း ရလူတို့သား မယား အမည် နေရပ်အသက် နေ့နံစာရင်း များ ကိုလွှတ် တော်သို့ ပေး ပြီး လျှင်မင်း မှုတော် ပေါ်ပေါက်ထွက်ရှိသည်များ ကိုအ မိန့် တော်မြွက်ရင်း နှင့်အညီမြှုံး ဆင့်ဆိုရာနာခံ၍ ပြေကုန် အောင်ထမ်း ရွက်ရ မည်။

( နေခင်ချိုလှ အောင်စါစု၊ လုပ်သား ပြည်သူ့နေ့စဉ် ဂျန်နဝါရီ ၁၉၇၂ )

သုံးဆယ်စီရင်စု တောင်းခန်း ဟန်အစီရင်စာရေးတို့နှင့်ဟိုနောင်ရွာ၊ ဖက်လွတ်ရွာ၊ လွယ်ပန်းရွာ၊ ရေတွင်းကြီးရွာ၊ စကားပင်ရွာ၊ တောင်ကြီးရွာ၊ တီကြစ်ရွာ၊ သူကြီးကြော့ခေါင်း အသည်အလါဝင် နေကပ်ပါး ကြေးထမ်းကြီးငယ်တစုတို့၊ နေ့ညမဆိုလိုလျှင် ကောက်ငင်ကာရအောင်သုံးဆယ်မြို့အသည်အလါလူတို့ကိုရာတပ်ဖွဲ့စည်း စာရင်းနှင့်ရာတပ်မှူး ၂ ဘတို့ကိုဆက်သွင်းတင်လျှောက်ရာ ရွှေမြို့တော်ဆင်ခြေဘုံး ရွှေကြိုးသတ်ပါရာတပ်မှူး နည်းဘွဲ့စည်း ထမ်းရွက်စေ (သက္ကရာဇ် ၁၂၃၀ ပြည့်တပေါင်းလပြည့်ကျော် ၁ ရက်နေ့) (7 March 1869) ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း လွှတ်တော်မှာ စာရင်းတင်ပေး လျှောက်ထားရာဆက်သွင်း စာရင်း ပါသုံးဆယ်မြို့စီရင်စု တောင်းခန်း တိုင်၊ ဟိုနောင်ရွာ၊ ဖက်လွတ်ရွာ၊ ရေတွင်းကြီးရွာ၊ စကားပင်ရွာ၊ တောင်ကြီးရွာ၊ တီကြစ်ရွာများမှာ အမိန့်တော်မြတ်ရင်းနှင့်အညီလွှတ်တော်စာပေးအပ်၊ ငရှင်ယုကိုတပ်မှူးခန့်ထား ရှိသည့်အတိုင်း တောင်းခန်း ဟိန်အစီရင်စာရေးတို့နှင့်ဟိုနောင်ရွာ၊ လွယ်ပန်းရွာ၊ ဖက်လွတ်ရွာ၊ ရေတွင်းကြီးရွာ၊ စကားပင်ရွာ၊ တောင်ကြီးရွာ၊ တီကြစ်ရွာ၊ သူကြီးကြော့ခေါင်း အသည်အလါဝင်နေကပ်ပါး ကြေးထမ်းကြီးငယ်တစုတို့တပ်မှူး ငရှင်ယုဆင့်ဆိုရာနာခံထမ်းရွက်ကြရမည်၊ တပ်မှူး ငရှင်ယုလည်း မှူးစုကျေးရွာများမှာ စည်ပင်သာယာဖြစ်ထွန်း အောင်တမြို့တမြေကဝင်နေလာ ရောက်လိုသူတို့ကိုညွှင်း ပြောင်း သွေးဆောင်ခေါ်ယူသိမ်းသွင်းပြုစုပြီး လျှင်ရာဇဝတ်တော်ရေး မပေါ်မပေါက် စေရဥပဒေပါရှိသည့်အတိုင်းကြပ်ကြပ်တည်းတည်းဆင့်ဆိုအုပ်ထိန်း၍ စစ်လက်နက်ကိုင်သဿမေဓ ၄၄ တော်ကျရောက်သည့်မင်းမှုတော်ရပ်များကိုမြို့ရုံးဆင့်ဆိုရာနာခံ၍ မှူးစုကျေးရွာနေလူတို့မနာမကြင်စေရ၊ သာနာညီမျှဆင့်ဆိုအုပ်ထိန်းထမ်းရွက်ရမည်။

( နောင်ရွှေလှ အောင်စါစု၊ လုပ်သားပြည်သူ့နေ့စဉ် ဂျန်နဝါရီ ၁၉၇၂ )

ရွှေကျောင်ဆရာတော်အမိန့်ရှိအပ်သည်သုံးဆယ်မြို့နယ်တွင်း ရှိသတင်းသုံး နေကြသော ဂိုဏ်း အုပ်ဂိုဏ်း ထောက်ဂိုဏ်း သင်္ဃာကြီး ငယ်တစုတို့ (သက္ကရာဇ်) ၁၂၃၀ ပြည့်တပ် (12) March 1869 ခူး လ (ဆန်း ၁ နေ့) သုံး ဆယ်မြို့ဂိုဏ်း အုပ်ရှင် ဇေယျကို ပေး အပ်လိုက်သည့်ဥပဒေ ပေါင်း ၂၅ ကိုအချွတ်အယွင်း မရှိ စေရလုံခြုံအောင်ထိန်း သိမ်း စောင့်ရှောက်ရ မည်၊ တစုံတရာ ဂိုဏ်း သင်္ဃာတို့က ဥပဒေတော် ၂၅ ကို ပေါ် ပေါက်ကြောင်း ကို ကြား သိရလျှင် ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကို ရွှေကျောင်တိုက်သို့ ခေါ် ချ၍ ရွှေကျောင်ငါး တိုက်တွင်တတိုက်လျှင် ဒဏ်တရာစီ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကို ဒဏ် ပေး မည်၊ ငါ ရှင် ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကကိုယ်မှ စ၍ ဂိုဏ်း တွင်း ရှိသင်္ဃာတို့ကိုဆရာတော် အမိန့်ရှိလိုက်သည် ရွာသစ်ဆရာ၊ ဆရာဘုရား ကြီး ရှိစဉ်ကဲ့သို့သုမင်္ဂလအရာဒုမင်္ဂလအရာတို့၌ဆင့်ဆိုစာ ပေး ရမည် ရဟန်း လူတို့သည် ရွာသစ်ဆရာဆင့်ဆိုရာကိုနာ ခံကြစေ။

ကမ္ဘောဇသီဝိရဋ္ဌတိုင်း ၄၉ လုံး မိုင်း လက်ကိုင်ဆိုင်ရာသုံး ဆယ်ဂိုဏ်း အုပ်ဆရာ တော်စာ

( နောင်ချိုလှ အောင်စါစု )

ဘုရား တပည့်တော်သုံး ဆယ်မြို့ နောင်သ ခေါ်ရွာ နေတကာ ငတရုတ် ခြေ တော်စုံ ကိုဦး ခိုက်၍ လျှောက်ဝံ့ပါသည်ဆရာ တော်အရှင်ဘုရား ။ တပည့်တော်မှာ မဂ် ဖိုလ်နိဗ္ဗာန်အလို့ငှါ သရီရဓါတ် မွေ တော်မြတ်၏ကျန်း ဂပ်ရန်အုပ်ဂိုး စေတီ ရွှေ ဘိန်း ခရား သီး မှန်စီမြူတာကြာသွတ်အိုး ပန်း စိုက် စေတီဂုံခြ သော့ မြေနင်း သ မန်တလင်း မကန်း ဆင်ဖါး ခံစံန် တောင်ဂုံ ၃ ပွတ်တိုင်ရပတ်လည်မဟာဂုံ မုတ် ပေါင်း ကူး ဘီလူး ပန်း ဆွဲ ညောင်ရွက် ထောင်မဟာဂုံ ထောင့်ပြဿဒ်များ နှင့် ကုသိုလ် တော်ပွါး ကိုယ်စား တော်စား တည်ထား ပြုလုပ်ကိုး ကွယ်ပါရမည့်အကြောင်း ကို လျှောက်အပ် ပါသည်ဆရာ တော်အရှင်ဘုရား

(သက္ကရာဇ် ၁၂၃၀ ပြည့်တကူး လဆန်း ၁ ရက် နေ့) (12 March 1869)

( နောင်ချိုလှ အောင်စါစု )

(၁) မိုးကောင်းမြို့ဝန်ဦးယုဝါ ဝါခေါင်လတွင် ဖြစ်စဉ်ဝဲလျာ၊ ကျောက်
6 September 1869 - 5 October 1869
တွင်း ကျောက်မော်ရှိ ကျောက်စိမ်းများကို (သက္ကရာဇ်) ၁၂၃၁ ခု တော်သလင်းလ
ကစ၍ အလျောက်အတူး အဖော်အဝယ်အယူအရောင်း အချမရှိစေရ၊ မြို့ရှင်ရွာရှင်
6 September 1869
တို့ကိုဆင့်ဆို၍ တော်သလင်းလမတိုင်မီတူး ဖော်ဝယ်ယူမိသည့် ကျောက်စိမ်းများကို
လည်း ဗန်းမော်မြို့မိုးကောင်းမြို့မှာ ကျောက်အုပ်တို့က၊ ကျန်မြို့ရွာတွင်မြို့ရှင်ရွာ
ရှင်တို့က ရွှေဖဝါး တော်အောက်ရှိ ကျောက်စိမ်းများမှာ ကျောက်စိမ်းပိုင်ရှင်
တို့က ကျောက်ရှင်အမည်၊ နေရပ်၊ ကျောက်ချိန်၊ ကျောက်လုံး၊ ကျောက်ပဲ့၊ အရည်အ
သွေး၊ အဖိုးတန်များနှင့်ကုန်စင် အောင်ခံဝန်ချက်ချမှတ်စာရင်းတင်ပေးစေ
ရမည်၊

(၂) ဦးယုချောင်း ရေရှိ ရေငုပ်ကိရိယာနှင့် ကျောက်စိမ်းတူး ဖော်ငုပ်ယူသူ
တို့မှာ အချုပ်ပါသည့်အတိုင်းကိုယ်ခစရိတ်မခံ မယူစရိတ်စိုက်ထုတ်ငုပ်ယူပြီး လျှင်မထိန်မချန်
မကဲ့မဝှက်တဝက် ကျောက်ကိုဆက်သစေမည်၊ တဝက် ကျောက်မှာ ကျောက်အုပ်တို့သို့ပေးအပ်
စေ၍ ကျောက်တွင်း ကျောက်မော်အရပ်တွင်ဖြတ်ဆိုရင်း နှုန်းအကျအဖိုး ငွေကိုထုတ်
ပေးသနား တော်မြတ်ခံစေပြီး လျှင်ရောင်းဝယ်သည့် ကျောက်စိမ်းအဖိုး ငွေစာ
ရင်းများကို ကျောက်အုပ်တို့ကတင်ပေး စေမည်၊

(၃) ရေငုပ်ကိရိယာနှင့် ကျောက်စိမ်းလုပ်ဆောင်သူတို့ပြင် ကျောက်စိမ်းတူး ဖော်
လုပ်ဆောင်လိုသူတို့မှာ ကိုယ်ခစား စရိတ်ငွေများကိုမြို့ရွာထုံး စံရှိရာခံယူပြီး လျှင်
ငုပ်ယူတူး ဖော်ရသမျှ ကျောက်ကိုဆက်သ၍ဖြစ်စေ၊ ကိုယ်ခမယူစား စရိတ်ငွေကိုသာ
ယူ၍တူး ဖော်ရ ကျောက်အနက်တဝက်ကိုဆက်သ၍ဖြစ်စေ၊ ရေငုပ်ကိရိယာနှင့် ကျောက်
စိမ်း ငုပ်ယူလုပ်ဆောင်သူတို့ကဲ့သို့ကိုယ်ခစား စရိတ်မခံမယူ၊ တဝက်ကိုဆက်သ၍ဖြစ်စေ
တူး ဖော်ခြင်းသုံးပါးတွင်လုပ်ဆောင်လုသူတို့အလိုရှိရာ ကျောက်အုပ်တို့ထံစာရင်းချ
မှတ်တိုင်တန်းတူး ဖော်လုပ်ဆောင်စေပြီး လျှင်ဆက်စုသင့် ကျောက်စိမ်းများကိုမထိန်
မချန်မကဲ့မဝှက်အပိုအမိုမရှိဆက်သစေ၍လုပ်ဆောင်သူတို့ရသင့်တဝက် ကျောက်စိမ်းများ
ကိုလည်း အခြားသို့မရောင်း မချစေရ၊ ရေငုပ် ကိရိယာနှင့် ကျောက်စိမ်းလုပ်
ဆောင်သူတို့နည်း ငွေဘော်နှင့်သာရောင်းဝယ်စေမည်၊

(၄) ဗန်းမော်မြို့မိုးကောင်းမြို့ရှိစာရင်းတင်ပေးခံဝန်ပြီး ကျောက်စိမ်း

များကို ကျောက်ရှင်တို့ ရောင်းချလိုလျှင် ကျောက်အုပ်တို့ထံ မြို့ရွာ ဈေးနှုန်း ပေါက်ရာ အတိုင်း ငွေကိုခံယူ ရောင်းချစေမည်။ ရွှေဖဝါးတော် အောက် ကျောက်စိမ်း ဂုံတော် ရောက်စုံ မှော ရောင်းချလိုလျှင်လည်း အကောက်တော်ခံမြဲခံစေ၍ ကျောက်အုပ်တို့က ကျောက်ရှင်အမည် နေရပ် ကျောက်စိမ်း အမှတ်အသား စာရင်း မှောစာများနှင့် ကကွပေး အပ်စေလွှတ်၍ ဈေးနှုန်း ပေါက်ရာအတိုင်း ငွေကိုခံယူ ရောင်းချစေမည်။ အခြား မြို့ရွာသို့ထုတ်ဆောင်လိုလျှင်လည်း အကောက်တော်ကိုပေး ဆောင်စေ၍ လွှတ်တော်မှာစာခံယူပြီး မှထုတ်ဆောင် ရောင်းချစေမည်။

(၅) ဗန်းမော်မြို့ မိုးကောင်းမြို့များ ပြင်အရပ်ရပ်မြို့ကြေး ရွာရှိစာရင်း တင်ပေး ခံဝန်ပြီး ကျောက်စိမ်းများကို ရောင်းချလိုလျှင် မြို့ရှင်ရွာရှင်တို့ လျှောက်ချက် မှောစာများကို ကျောက်စိမ်း ဂုံတော်မှာတင်ပြ ရောင်းချစေမည်။ အခြားသို့ ထုတ်ဆောင်လိုလျှင်လည်း စတုတ္ထအချက်တွင် ပါသည့်အတိုင်း ထုတ်ဆောင် ရောင်းချစေမည်။ ရွှေဖဝါးတော် အောက်ရှိ ကျောက်စိမ်းများကိုလည်း ကျောက်ရှင်တို့က ရောင်းချလိုလျှင် ကျောက်စိမ်း ဂုံတော်တွင်စာရင်း ချမှတ်ခါ လွှတ်တော်မှာစာခံယူပြီးမှ ရောင်းချစေမည်။

(၆) လွှတ်တော်မှာစာခံ ဝယ်ယူပြီး ကျောက်များကို ကျောက်ရှင်တို့ခွဲစိတ်လိုသျှင် အလိုအလျှောက် မခွဲမစိတ်စေရ၊ ကျောက်စိမ်း ဂုံတော်မှာစာရင်း ချမှတ်တိုင်တန်းပြီးမှ ခွဲစိတ်စေမည်။

(၇) (သက္ကရာဇ်) ၁၂၃၁ ခု တော်သလင်းလကစ၍ [6 September 1869 – 5 October 1869] လွှတ်တော်မှာစာ မခံမယူ အလျှောက်တူးဖော် ရောင်းဝယ်သူတို့နှင့် တော်သလင်းလမတိုင်မီ [6 September 1869] ဝယ်ယူပြီး ရှိသည့် ကျောက်များကို ကုန်စင်အောင် စာရင်းမပေး ယိန်ချန်သူတို့ကို တွေ့မိလျှင် တွေ့မိသည့် ကျောက်ကိုသိမ်းယူ၍ လူကို ထောင်မှာ သုံးလထားမည်။ သူကောင်းပြုတော်မူသည့် ရာထူးရှိသူတို့ဖြစ်လျှင်လည်း အပြစ်ဒဏ်ကို ပေးမြဲပေးပြီးလျှင် အမိန့်တော်မြတ်ခံ၍ အရာကနှုတ်မည်။

(၈) ဦးယူချောင်း ရေရှိ ရေငုပ်ကီရိယာနှင့် ကျောက်စိမ်း တူးဖော် ရေငုပ်ယူသူငှင်း လူတို့ပြင် ကျောက်စိမ်း တူးဖော်လုပ်ဆောင်သူတို့ ငုပ်ယူတူးဖော်လုပ်ဆောင်ရသည့် ကျောက်များကို ကျောက်အုပ်တို့သို့ ကုန်စင်အောင် မပေး မပြ ယိန်ချန်ကဲ့ဝှက်သည်

ကိုတွေ့မိလျှင်သတ္တမအချက်တွင်ပါသည့်အတိုင်း စီရင်မည်၊

(၉) ဗန်း မော်မြို့မိုး ကောင်း ရှိစာရင်း တင်ပေး ခံဝန်ပြီး ကျောက်စိမ်း များ ကိုအကောက်တော်မခံ၊ လွှတ်တော်မှာစာမခံမယူ၊ တိတ်တဆိတ်စုံမှောရောင်း ချဝယ်ယူသူတို့ကို တွေ့မိလျှင်ဝယ်သူတွင်ဝယ်ရင်း ကျောက်နှင့်ရောင်း သူတွင်ကျောက်ဘိုး ငွေများ ကိုကုန်စင်အောင်စစ်မေး သိမ်း ယူပြီး လျှင်ရောင်း သူဝယ်သူနှစ်ဦး ကို ထောင်မှာသုံး လထား မည်၊ ရောင်း ဝယ်သူနှစ်ဦး တွင်တဦး တယောက်ကိုသာ တွေ့ မိလျှင် တွေ့မိသူကနှစ်ဖက်တွက်အပြစ်ဒဏ်ကိုခံစေမည်၊ ရာထူး ရှိသူဖြစ်လျှင်လည်း အပြစ် ဒဏ်ကိုပေး မြဲပေး ပြီး လျှင်အမိန့်တော်မြတ်ခံ၍အရာကနှုတ်မည်၊

ပြီး လျှင်သုမ္မာဆရာတော်များ ဆင့်ချချက်အရ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကို
လျှောက်ထား ပြီး လျှင်ပိုမိုလွန်ကြူး အကောက်အခံမရှိစေရ၊ တောင်း ခံဆက်
သွင်း စေမည်၊ ၎င်း အခွန်တော်ကောက်မဟါဒါန်ဝန် နေမျိုး သီရိရာဇာနှင့်
အဆောင်တော်မြဲ နေမျိုး စည်သူရာဇာငဘိုး တုပ်တို့ကအမိန့်တော်မှာစာ၊
မှတ်စာ၊ ကောက်ခံပုံစါရင်း ဥပဒေစါအုပ်များ နှင့်လျှောက်ထား လာလျှင်
ဝိနည်း တရား နှလုံး ထား ၍ ဂီဟိကမ္မအနနု လောမိက မဖြစ်စေရ၊ လွန်ကြူး
မိုပိုအကောက်အခံမရှိရအောင် ဆုံးမဩဝါဒပေး ရမည့်အကြောင်း ကိုစါပေး
မှာလိုက်သည်၊ မဟာ အောင်မြေသာစည်မြို့ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့။

သက္ကရာဇ် ၁၂၃၃ ခုကဆုန်လဆန်း ၂ရက်နေ့နေဝင်ခါနီး လက်ခံရရှိ 20 April 1871
သည်။

(ဟံသာဝတီနေ့စဉ်၊ ၁မတ်၁၉၇၀)

ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား ၁၇၄ဦး တို့ကို (သက္ကရာဇ်) ၁၂၃၃ခု 1871
လူခွန်၊ စီး ပွား ခွန်၊ သဿမေဓအခွန်တို့ကို ဆယ်ဘို့တဘို့အခွန် တော်ကိုအ တောင်းအခံ
မရှိစေနှင့်၊ နှစ်စဉ်လွတ်ငြိမ်း မြဲလွတ်ငြိမ်း စေ။

(သက္ကရာဇ်) ၁၂၃၃ခုနယုန်လဆန်း ၅ရက်နေ့နား ခံနေမျိုး 23 May 1871
သင်္ခယာတွင်ပြန်။

( အောင်ငြိမ်း စာစု )

မဏ္ဍရာမြို့ ကျေး ရွာသဿမေဓအခွန် တော် ကောက်ခံအရာရှိတို့နှင့်မြို့သူကြီး
မြို့စါရေးကြီး ကျေးရွာအစိုးရသူကြီး ခေါင်း အကြီး တို့ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား 1871
၁၇၄ဦး တို့ကို (သက္ကရာဇ်) ၁၂၃၃ခု လူခွန်စီး ပွား ခွန်သဿမေဓအခွန်
ဆယ်ဘို့တဘို့အခွန် တော် ငွေအ တောင်း အခံမရှိ စေနှင့်၊ နှစ်စဉ်လွတ်ငြိမ်း မြဲ
လွတ်ငြိမ်း စေ၊ (သက္ကရာဇ်) ၁၂၃၃ခုနယုန်လဆန်း ၅ရက်နေ့ဘုရား အမိန့် 23 May 1871
တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား
၁၇၄ဦး စါရင်း တင်ရင်း ပါရွှေမြို့ တော် နေဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား
သီရိ ဒေဝရာဇာဗြဟ္မာဘွဲ့ခံဘိဒြကို (သက္ကရာဇ်) ၁၂၃၃ခု လူခွန်စီး ပွား 1871
ခွန်သဿမေဓခွန်ဆယ်ဘို့တဘို့အခွန် တော် ငွေအ တောင်း အခံမရှိ စေနှင့်၊ အ
မိန့်တော်မြတ်ရင်း နှင့်အညီလွတ်ငြိမ်း မြဲလွတ်ငြိမ်း စေရမည်၊ ကောက်ခံမိလျှင်
လည်း ပြန် ပေး ရမည်။

( အောင်ငြိမ်း စါစု )

10 September 1871

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဥ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ရှေး ပဌမသင်္ဂါယနာတင်အဇာတသတ်မင်း ၊ ဒုတိယသင်္ဂါယနာတင်ကာလာသောကမင်း ၊ တတိယသင်္ဂါယနာတင်သီရိဓမ္မာသောကမင်း ၊ စတုတ္ထပေထက်အက္ခရာတင်ဝဋ္ဋဂါမဏိမင်း တို့ကဲ့သို့ဘုရား ပညတ်တော်မူသည့်အတိုင်း သာသနာ တော်မြတ်ကိုအထူး သဖြင့်စည်ပင်ထွန်း လင်း အောင်အာဏာစက်၊ ဓမ္မစက်နှစ်ချက်ဖြင့်ချီး မြှင့်ပြုစု တော်မူ၍ ဗောဓိသမ္ဘာရ၊ ပုညဝိသေသ၊ လောကတ္ထစရိယ၊ ပါရမီကိုဖြည့်ကျင့်ရွက် ဆောင် တော်မူသည်နှင့်အညီ လေး သင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်၍လူသုံး ပါး တို့၏အထွဋ်အထိပ်သို့ ရောက် တော်မူ သောသဗ္ဗညုမြတ်စွာဘုရား သည် လေဆယ့်ငါး ဝါပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါအပေါင်း တို့အား တရား အမြိုက်တိုက် ကျွေး ဆုံး မ ဟောကြား တော်မူ သော ဝိနည်း သုတ္တန်အဘိဓမ္မာ ပိဋကတ် တော်များ ကိုနှုတ်တက်အာဂုံ ဆောင်ရွက်နိုင်သည့်သုဓမ္မာ ဝင်ဆရာ တော်ရှစ်ပါး အမှူး ရှိ သောတံဆိပ် တော်ရ၊ မရ ဆရာသင်္ဃာ တော် ၂၄၀၀ တို့ကို လျှောက်ထား တောင်း ပန်ပြီး လျှင်သက္ကရာဇ် ၁၂၃၃ ခုတန်ခူး လပြည့်ကျော် ၁၁ ရက်နှစ်ဆန်း တရက် 15 April 1871 နေ့က စ၍ ရွှေနန်း ပြသာဒ် တော်ဦး မြေနန်း တော်တွင်ပဥ္စမသင်္ဂါယနာတင်မင်္ဂလာသဘင်ယည် တော်မူရာ (သက္ကရာဇ် ၁၂၃၃ ခု) တော်သလင်း လပြည့်ကျော် ၁၄ ရက် 12 September 1871 နေ့ပြီး စီး အောင်မြင် တော်မူမည်ဖြစ်သည်၊ ပဥ္စမသင်္ဂါယနာတင်မင်္ဂလာသဘင်ယည် တော်မူ၍ပြီး စီး အောင်မြင် တော်မူသည်ကိုတိုင်း နေပြည်သူ ရှင်လူသတ္တဝါအပေါင်း တို့ ကောင်း ချီး အနုမောဒနာ ခေါ်ရာဖြစ် စေခြင်း ငှါ ရွှေပြည် တော်မြို့တွင်း မြို့ပြင် စေ့နှံ့ အောင် မောင်း ခတ်၍အ မြော က်သံကြား စေ၊ ထီး ရနန်း ရ စော်ဘွား မြို့ စား အ ဝေး မြို့ဝန် စစ်ကဲတို့ကိုလည်း ဝန်တို့က စေ့နှံ့ အောင် မှာ ။

သက္ကရာဇ် ၁၂၃၃ ခု တော်သလင်း လပြည့်ကျော် ၁၂ ရက် 10 September 1871 နေ့နာ း ခ နေ မျိုး ရာဇ ကျော်သူ တွင်ပြန် ။

( မျိုး ကြည့်၊ ပု၊ ၆၃၃၊ ကုန်း၊ တ၊၁၉၆၇၊၃၈၄ - ၃၈၅)

(14) September 1871
(သက္ကရာဇ်) ၁၂၃၃ ခုယတင်း ကျွတ်လ (ဆန်း ၁ရက်နေ့) ကတပေါင်း (လပြည့်
( 8) March 1872
ကျော် ၁၅ရက်နေ့) တိုင် ခြောက်လ ပေးအပ်ရန်သစ်စာရင်း ဘုရား
ဒုဿာဝတီမြစ်ကျအိုး တုတ်တန်း ဆိပ်ကမ်း တွင်
ပြောင်ရှူသစ်တော ပေးအပ်စေရန် ၁ ၄၅၀၀ ၆၀ ၄၅၆၀

မှူး ချောင်း ထွက်မြင်း မူရွာဆိပ်ကမ်း
တွင် ကောလင်း ဝန် ငွေတော်ဝယ်သစ်က
ပေးအပ်ရန် ၁ ၆၀၀၀ ၆၀ ၆၀၆၀

ချင်း တွင်း မြစ်ကျပုခန်း ကြီး မြို့ကွမ်းရွာ
ဆိပ်ကမ်း တွင်သစ်အုပ်ငမှန်၊ ခန်း ပတ်
စစ်ကဲခုတ်သစ်က ပေးအပ်ရန် ၁ ၄၅၀၀ ၆၀ ၄၅၆၀

စလင်း မြို့မုန်း ချောင်း ထွက် ချွေး သော
ဝဆိပ်ကမ်း တွင် ပေးအပ်ရန် ၁ ၁၅၀၀ ၆၀ ၁၅၆၀
၁ ၁၅၀၀ ၆၀ ၁၅၆၀
- - - ပေါင်း ၅၁၈၀၀၀ ၃၀၀ ၁၈၃၀၀

(လုံး တော် စါစု)

(14) September 1871

(သက္ကရာဇ်)၁၂၃၃ခုသီတင်းကျွတ်လ(ဆန်း ၁ရက်)
ကျွန်တော်မျိုး ငရွှေသာ၊ ငသာထွန်း တို့ကို ဒုဗ္ဗာဝတီမြစ်ကျူသစ်၊ မူး ကျူသစ်၊ ချင်းတွင်း မြစ်ကျူသစ် တောင်တွင်း ကြီး မြို့ယင်း ချောင်း ထွက်သစ်၊ စလင်း မြို့မုန်း ချောင်း ထွက်သစ်များ ကတလလျှင်လွှသစ်အသား ၃၀၀၀ ရပ်သစ်အသား ၅၀ ပေး အပ်ရောင်း ချစေရန်ခွဲဝေပုံထား သည့်စာရင်း ဘုရား

(14) September 1871

(သက္ကရာဇ်)၁၂၃၃ခုသတင်း ကျွတ်လ
(ဆန်း ၁ရက်နေ့)ကစ၍လစဉ်ပေး
အပ်ရန်တလသင့်သစ်စာရင်း ဘုရား

| | | | | | |
|---|---|---|---|---|---|
| ဒုဗ္ဗာဝတီမြစ်အိုး တုတ်တန်း ဆိပ်ကမ်း တွင်ပြောင်ရှူသစ် တောလှိုင်တက်သစ် တောကအပ်စေရန် | ၁ | ၇၅၀ | ၁၀ | ၇၆၀ | မှာကျွန်တော်မျိုး ငရွှေမောင်၊ ငခြို၊ ယာလှည့်လက်ထက်တော်မြင် အောင်မင်း၊ |
| မူး ချောင်း ကျ၊ မြင်း မူရွာဆိပ်ကမ်း တွင် ကောလင်း ဝန်ငွေတော်ဝယ်သစ်ကပေး အပ်ရန် | ၁ | ၁၀၀၀ | ၁၀ | ၁၀၁၀ | မှာကျွန်တော်မျိုး ငကောက်၊ ငမှဲ့၊ ဝဲလှည်နန်း စဉ်မြဲ ငဖေပု၊ ၎င်း ငကျိုင်း |
| ချင်း တွင်း ကျ၊ ပုခန်း ကြီး မြို့ကွမ်း ရွာဆိပ်ကမ်း တွင်သစ်အုပ်ငမှန် ခန်း ပတ်စစ်ကဲတို့ခုတ်သစ်ကပေး ရန် | ၁ | ၇၅၀ | ၁၀ | ၇၆၀ | မှာကျွန်တော်မျိုး ငသာထွန်း ၊ ငရွှေမောင်ကလေး ၊ ယာလှည့်လက်ထက် |

တော်မြင်ဆိုးကြီး၊ ၎င်း
ငစိုး မင်း

| | | | | | |
|---|---|---|---|---|---|
| တောင်တွင်းကြီး မြို့ယင်း ချောင်းထွက်ပေးအပ်စေရန် | ၁ | ၂၅၀ | ၁၀ | ၂၆၀ | မှာကျွန်တော်မျိုး ငအိမ် ယာလွှဲ့လက်ထက် တော်မြင် အောင်ပိုင် |
| စလင်းမြို့မုန်း ချောင်းထွက် ခွေး သေဝဆိပ်ကမ်း ဘွင်အပ်ရန် | ၁ | ၂၅၀ | ၁၀ | ၂၆၀ | မှာကျွန်တော်မျိုး ငရွှေ မြှင်ယာလှည့်လက်ထက် တော် မြင်ဘတုတ် |
| ပေါင်း | ၅၃၀၀၀ | | ၅၀ | ၃၀၅၀ | |

ဒုတ္တာဝတီမြစ်အဝမြို့အိုး ထုတ်တန်း ဆိပ်ကမ်း ၊ စကိုင်း မြို့မူး ဂဠာဆိပ်ကမ်း ၊ ပုခန်း ကြီး မြို့ကွမ်း ဠာဆိပ်ကမ်း ၊ တောင်တွင်း ကြီး မြို့ယင်း ချောင်းထွက်ဆိပ်ကမ်း မုန်း ချောင်း ထွက် ခွေး သေဝဠာဆိပ်ကမ်း များ တွင်အဆောင် တော်မြန်နှင့် ကျွန် တော် မျိုး တို့ကိုတွဲဘက် စေလွှတ်သိမ်း ယူစုန် မြှော စေ၍ကျွန် တော် မျိုး ငရွှေသာ ထံ ပေး အပ် စေရန်အဆောင် တော်မြန်ကျွန် တော် မျိုး တို့လစာဂုံပုံစာရင်း ဘုရား ။

ရွှေမြို့တော်က စောင့်နေရှိး ဆော်

စေရန်လူစာရင်း ဘုရား

| | | | |
|---|---|---|---|
| ငသာတွန်း | ၁ | ၅၀ | မှာအဝယ်တော် |
| ပေါင်း | | | |

အိုး တုတ်တန်း ဆိပ်ကမ်း တွင် စေ

လွှတ်ရန်လူစာရင်း ဘုရား

| | | | | |
|---|---|---|---|---|
| ငအောင်မင်း | ၁ | ၃၀ | မှာယာလှည်လက်ထက် တော်မြဲ | |
| ငရွှေမောင် | ၁ | ၃၀ | မှာကျွန် တော် မျိုး | |
| ငခြို | ၁ | ၃၀ | မှာ ၄င်း | |
| ပေါင်း | ၃ | ၉၀ | | |

မြင်း မူဠာဆိပ်ကမ်း သို့ စေလွှတ်

ရန်လူစာရင်း ဘုရား

| | | | | |
|---|---|---|---|---|
| ငဘေပု | ၁ | ၃၀ | မှာဝဲလှည်နန်း စဉ်မြဲ | |
| ငကျိုင်း | ၁ | ၃၀ | မှာ ၄င်း | |
| ငမှဲ့ | ၁ | ၃၀ | မှာကျွန် တော် မျိုး | |
| ငကောက် | ၁ | ၃၀ | မှာ ၄င်း | ၁ |
| ပေါင်း | ၄ | ၁၂၀ | | ၃ |

ပုခန်း ကြီး မြို့ကွမ်း ရွာဆံပ်ကမ်း
တွင် စေလွှတ်ရန်လူစာရင်း

| | | | |
|---|---|---|---|
| ငဆိုကြီး | ၁ | ၃၀ | မှာယာလှည်လက်ထက် တော်မြဲ |
| ငစိုး မင်း | ၁ | ၃၀ | မှာ ၄င်း |
| သာထွန်း | ၁ | ၃၀ | ကျွန် တော်မျိုး |
| ငရွှေမောင်ကလေး | ၁ | ၃၀ | မှာ ၄င်း |
| ပေါင်း | ၄ | ၁၂၀ | |

ယင်း ချောင်း ဝသို့စေလွှတ်
ရန်လူစါရင်း ဘုရား

| | | | |
|---|---|---|---|
| ငအောင်ပိုင် | ၁ | ၃၀ | မှာယာလှည်လက်ထက် တော်မြဲ |
| ငအိမ် | ၁ | ၃၀ | မှာ ကျွန် တော်မျိုး |
| ပေါင်း | ၂ | ၆၀ | |

ချေး သောဝဆိပ်ကမ်း တွင် စေ
လွှတ်ရန်လူစါရင်း ဘုရား

| | | | |
|---|---|---|---|
| ငဘတုတ် | ၁ | ၃၀ | မှာယာလှည်လက်ထက် တော်မြဲ |
| ငရွှေမြင် | ၁ | ၃၀ | မှာကျွန် တော်မျိုး |
| ပေါင်း | ၂ | ၆၀ | |

ရန်ကုန်မြို့တွင်ကျွန် တော်မျိုးငရွှေ
သာနှင့်တွဲဘက်ထမ်း ရွက် စေရန်
လူစာရင်း ဘုရား

| | | | |
|---|---|---|---|
| ငကြာညို | ၁ | ၃၀ | မှာယာလှည်လက်ထက် တော်မြဲ |
| စုစု | ၁၇ | ၅၃၀ | |

(လုံး တော် စါစု)

ဘုန်း တော်အလွှန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဥ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား လယ်မြို့စား မင်းကြီး မဟာမင်းလှရာဇာကိုဗန်း မော်မြို့ဝန်ခန့်တော်မူသည်။

10 October. 1871

သက္ကရာဇ် ၁၂၃၃ ခုသီတင်း ကျွတ်လပြည့်ကျော် ၁၂ ရက် နေ့နားခံ နေမျိုးရာဇာ ကျော်သူတွင်ပြန်။

(သာမြတ်စုိစု)

မြင်း မူရွာဆိပ်ကမ်း ရှိ ကောလင်း မြို့ရောက်လှသစ်လုံး ရေ ၇၉၀၊ အသား ၇၇၅၄၊ ၆၁၊ ရပ်သစ်အသား ၁၀၊ ၂စုသစ် တော်လှရပ်အသား ၇၆၄၊ ၆များ ကိုကျွန်တော်မျိုး ငရွှေသာထံပို့အပ် ရောင်းချရန်အဆောင်တော်မြဲ ငဘောပု၊ ငကျိုင်၊ ကျွန်တော်မျိုး ငကောက်၊ ငမှဲ့တို့ကို ပေးအပ်စုန်မြှောစေသည်၊ မင်းကြီးများ မှာအစီရင်ခံ၍ဆင့်ဆိုစုန်မြှောစေရမည်ဝန်ထောက်မင်းတို့၊ မုန်ချောင်းထွက် ခွေးသေဝဆိပ်ကမ်း မှာအဆောင်တော်မြဲ ငဘတုတ်၊ ကျွန်တော်မျိုး ငမြှင်၊ ပုခန်းကြီး မြို့ကွမ်းရွာဆိပ်ကမ်း မှာအဆောင်တော်မြဲ ငဆိုးကြီး၊ ငစိုးမင်း၊ ကျွန်တော်မျိုး ငသာထွန်း၊ ငမောင်တို့ကို မူးချောင်းထွက်သစ် သလ္လာဝတီမြစ်ထွက်သစ်များကိုမှတ်သား သိမ်းယူ အောက်မြို့ကျေးရွာသို့စုန်မြှောစေမည်စာရင်း ဆက်သွင်းရာပါသည့်အတိုင်း အဆောင်တော်မြဲကျွန်တော်မျိုးတို့နှင့်မြို့ရုံး ကသင့်ရာအရာရှိတွဲဘက်မှတ်သားစေပြီးလျှင်အဆောင်တော်မြဲကျွန်တော်မျိုးတို့သို့ ပေးအပ်စုန်မြှောစေဘုရားအမိန့်တော်မြတ်ဦးထိပ်ထက်ဆင်ရွက်ရသည်၊ မင်းကြီးများ မှာအစီရင်ခံ၍ဆင့်ဆိုမှတ်သား ထိမ်းသိမ်း စေရမည်ဝန်ထောက်မင်းတို့၊ တောင်တွင်းကြီး မြို့ကကျရောက်သည့်သစ်များကိုယင်းချောင်း ဝဆိပ်ကမ်းတွင်အဆောင်တော်မြဲကျွန်တော်မျိုး ထား၍ အောက်မြို့ကျေးရွာသို့ ထုတ်ယူစုန်မြှောရန်သစ်များကိုအဆောင်တော်မြဲကျွန်တော်မျိုးတို့သို့ ပေးအပ်ပြီးလျှင် အောက်မြို့ကျေးရွာကျွန်တော်မျိုး ငရွှေသာရှိရာ ရောက်စုန်မြှောပို့အပ်စေဘုရား အမိန့်တော်မြတ်ကိုဦးထိပ်ထက်ဆင်ရွက်ရသည်၊ မင်းကြီးများ မှာအစီရင်ခံ၍ ရွှေဘဝါးတော် အောက်က စေလွှတ်သူအဆောင်တော်မြဲ ငအောင်ပိုင်၊ ကျွန်တော်မျိုး ငအိမ် တို့သို့ တောင်တွင်းကြီး မြို့ကကျရောက်သမျှသစ်မျိုး အနက် အောက်မြို့ကျေးရွာသို့စုန်မျှောရာကျကုန်ရန်စရိတ် ငွေနှင့်တကွအသေအချာ မှတ်သား ပေးအပ်စုန်မြှောစေရမည့်အကြောင်း နှင့်ဝန်ထောက်ကင်းဝန် မင်းကြီး မဟာစည်သူကိုမှာထား ဆင့်ဆိုရမည်ဝန်ထောက်မင်းတို့။

(သက္ကရာဇ်) ၁၂၃၃ ခုတန်ဆောင်မုန်း လဆန်း ၉ရက် (21 October 1871) နေ့နားခံ နေမျိုး သခ်ယာတွင်မှာ။

(လုံး တော်စာစု)

ကျွန်တော်မျိုး နေမျိုးသီရိကျော်သူ ဒုဋ္ဌာဝတီမြစ်ကျသစ်၊ ချင်းတွင်းမြစ်ကျသစ်၊ မူးမြစ်ကျသစ်၊ ယင်းချောင်းထွက်သစ်၊ မုန်းချောင်းထွက်သစ်များကို အောက်မြို့ကျေးရွာသို့စုန်မျှောစေ၍ ကျွန်တော်မျိုး နေမျိုးသီရိကျော်သူနှင့် အဆောင်တော်မြဲတို့က ရောင်းချဆက်သွင်းထမ်းရွက်စေဘုရားအမိန့်တော်မြတ်ကိုဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ကျွန်တော်မျိုး နေမျိုးသီရိကျော်သူနှင့် တွဲဘက်၍သစ်တော်များကိုဆုတ်ပတ်မှတ်သား စောင့်နေသိမ်းယူရောင်းချ ထမ်းရွက်စေရန်အဆောင်တော်မြဲငကြာညိုကို စေလွှတ်လာစေသည်၊ ရောက်လျှင်ကျွန်တော်မျိုး နေမျိုးသီရိကျော်သူနှင့်အဆောင်တော်မြဲငကြာညိုနှင့်ညှိနှိုင်း၍လွှတ်တော်စာနှင့်ပို့ရောက်သည့်သစ်တော်များကိုနှစ်ဦးစုံညီအသေအချာ ကြည့်ရှုမှတ်သားသိမ်းယူရမည်၊ သိမ်းရသစ်တော်များကိုလည်း အကျိုးတော်မယုတ်လျော့စေရ၊ နေ့ရက်မကြာတွင်ကုန်လွယ်အောင်ကြိုးစားအားထုတ်ရောင်းချထမ်းဆောင်ရမည်၊ သစ်တော်မည်မျှဆိုက်ရောက်၍ မည်သည့်ဈာနှုန်းအစံနှင့် မည်မျှရောင်းချသည်များကိုသစ်ရောက်တိုင်းအဆက်မပြတ်တင်စာလျှောက်စာ ပေးအပ်လျှောက်ထားလိုက်ရမည်။

(သက္ကရာဇ်) ၁၂၃၃ ခုတန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ဆင့်စါ။ (26 October 1871)

(လုံး ထော်စါစု)

အဆောင်တော်မြင်အောင်ပိုင်၊ ကျွန်တော်မျိုး ငအိမ်တို့တောင်တွင်းကြီးမြို့
ယင်းချောင်းထွက်သစ်တော်များက အောက်မြို့ကျေးရွာသို့ထုတ်ယူစုန်မျှော
ရောင်းချရန်ကောင်းမွန်သည့်သစ်များကို အောက်မြို့ကျေးရွာသို့ထုတ်ယူစုန်
မျှော၊ ကျွန်တော်မျိုး ငရွှေသာထံပို့အပ်စေမည် စေလွှတ်သွားစေသည်ဖြစ်သည်၊
အတွင်းတော်က ပေးအပ်သည့်မှတ်စာ၊ လွှတ်တော်မှာစာများကို ဆောင်ယူ၊
ဝန်ထောက်ကင်း ဝန်မင်းကြီး မဟာစည်သူရှိရာ ရောက်သွား၍ ပါသည့်မှတ်စာ
မှာစာများကိုတင်ပြပြီးလျှင်ဝန်ထောက်ကင်း ဝန်မင်းကြီး မဟာစည်သူကသစ်
ထိန်း အဆောင်တော်မြဲတို့ထံရှိသည့်သစ်များကို ပေးအပ်ရာထုတ်ယူစုန်မျှောနိုင်
သည့်သစ်များကိုကြည့်ရှုရွေးချယ်မှတ်သား၍ စာရင်းအသေအချာနှင့်ဝန်ထောက်
ကင်း ဝန်မင်းကြီး မဟာစည်သူထံတင်ပေး လျှောက်ထားပြီး လျှင်သစ်တော်စုန်
မျှောရန်မှ၊ ဝန်ထေါက်ကင်းဝန်မင်းကြီးမဟါစည်သူက စေ့စပ်ငှါးရမ်းပေးအပ်လျှင်ငှါး
ရမ်းစေ့စပ်ပေးအပ်သည့်အတိုင်းကြီးကြပ်စုန်မျှော၊ ကျွန်တော်မျိုး ငရွှေသာထံပို့
အပ်ရမည်၊ သစ်မျှောစရိတ်ကုန်ဝင်ရန်ငွေနှင့်ပေးအပ်လျှင်လည်း သစ်တော်
မည်မျှကိုစရိတ်ငွေမည်မျှနှင့်ပေးအပ်စုန်မျှောသည်များကိုသစ်တော်မစုန်မ
မျှောမှီဓါတ်လှေတွင်စာရင်းအသေအချာတင်စာလျှောက်စာပေးအပ်၍ငှါး
ရမ်းကြီးကြပ်ပို့အပ်ရမည်၊ သစ်တော်များကိုစုန်မျှောထမ်းရွက်သည့်အတွင်းကိုယ်
ကျိုးကိုယ်စီးပွါးနှင့်စပ်သည်များကိုတစုံတရာအကူးအသန်းအရောင်းအဝယ်မပြု
မလုပ်၊ သနားတော်မြတ်ခံရသည့်လစာငွေတော်များကိုသာစားသုံး၍စုန်
မျှောရန်သစ်တော်များကိုနေ့ရက်မကြန့်မကြာလမ်းခရီးအပျက်အစီးမရှိရ
အောင်ကြီးကြပ်လုပ်ဆောင်ထမ်းရွက်ရမည်၊ မှတ်စာပေးအပ်သည်ကိုမတည်၊
သစ်တော်စုန်မျှောစရိတ်ငွေနှင့်သစ်တော်များကိုသုံးစားရောင်းချသည်
အလုပ်အဆောင်နေရာမကျလမ်းခရီးပျက်စီးဆုံးပါးရှိသည်၊ အမှုတော်ကိုကြီး
ကြီးစားစားမထမ်းမရွက်၊ နေ့ရက်ကြန့်ကြာ၊ အကျိုးတော်ယုတ်လျော့သည်၊ တ
စုံတရာလစ်လပ်ပေါက်ပြားကြားသိရလျှင်အဆောင်တော်မြင်အောင်ပိုင်။ ကျွန်
တော်မျိုး ငအိန်တို့ရာဇဝတ်အပြစ်စီရင်မည်။

26 October 1871

(သက္ကရာဇ်) ၁၂၃၃ ခုတန်ဆောင်မုန်း လဆန်း ၁၄ ရက် နေ့ စံပါအဆောင်တော်မြဲကျွန်တော်မျိုး တို့ကိုသစ်မှတ်တံဆိပ်ဘောင်ကာများ မှာကပ်၍လွှတ်သည်။

(လုံး တော် စာစု)

မူး ဝဍ္ဍာတွင်သစ်သိမ်းထားသူအဆောင်တော်မြဲငဖေပု၊ ငကျိုင်း၊ ကျွန်တော်မျိုး ငကောက်၊ ငရွှေမောင်တို့မူး မြစ်ကျူသစ်တော်များကိုမူး ဝဍ္ဍာကစောင့်နေမှတ်သားသိမ်းယူ၍ အောက်မြို့ကျေး ရွာရှိကျွန်တော်မျိုး ငရွှေသာထံရောက်သစ်တော်များကိုချဆောင်စုန်မျှောပို့အပ်စေမည်မှတ်စာပေး အပ်၍မူး ဝသို့စေလွှတ်သွားစေသည်ဖြစ်သည်၊ မူး ဝဍ္ဍာသို့ရောက်လျှင်မူး မြစ်ညာကကျ ရောက်သမျှသစ်တော်များကိုသစ်သိမ်းမြဲထုံး စံရှိသည့်အတိုင်း အပြစ်အနာလွတ်ကင်းကောင်း မွန်သည့်သစ်များကိုရွေး ချယ်သိမ်း ယူ၍ဆုတ်ပတ်တောင်တာအသေအချာနှင့်စာရင်း မှတ်သားပြီးလျှင်လေး ဦး အနက်အဆောင်တော်မြဲတဦး နှင့်ကျွန်တော်မျိုး တဦး ရွှေဘဝါး တော်အောက်လာရောက်သိမ်း ရသစ်စာရင်းကိုတင်ပေး ရမည်၊ စာရင်း တင်ပေး ရာ အောက်မြို့ကျေး ရွာသို့ထုတ်ဆောင်ရန်လွှတ်တော်စာကိုပေး အပ်အတွင်း တော်ကဆင့်ဆိုရာနာခံ၍အဆောင်တော်မြဲတဦး နှင့်ကျွန်တော်မျိုး တဦး တွဲဘက်ကြီး ကြပ်ပြီး လျှင်အောက်မြို့ကျေး ရွာကျွန်တော်မျိုး ငရွှေသား ထံရောက်အောင်တွဲဘွဲ့စုန်မျှောပို့အပ်ရမည်၊ တကြိမ်ပို့အပ်၍ ရွှေဘဝါး တော်အောက်သို့ပြန်လာမူး ဝသို့ပြန်ရောက်မှ နောက်တကြိမ်စုန်မျှောရန်သစ်ကိုအထက်နည်း ဆင့်ဆိုရာနာခံ၍ အောက်မြို့ကျေး ရွာသို့စုန်မျှောရမည်၊ သစ်တော်များကိုဘောင်တွဲဘွဲ့စုန်မျှောသည်မှာလည်း လမ်း ခရီး အပျက်အစီး အတိမ်းအပါး မရှိရအောင်အဆောင်တော်မြဲတဦး ကျွန်တော်မျိုး တဦး နှစ်ဦး ကိုယ်တိုင်သစ်ဘောင်နှင့်အတူလိုက်ပါစီး နင်း ၍ကြိုး စား အား ထုတ်ထမ်း ရွက်ရမည်၊ သစ်ဘောင်ဘွဲ့စရိတ်၊ မျှောစရိတ်မှစ၍အတွင်း တော်ကထုတ်ပေး သမျှငွေတော်များကိုလည်း အထိန်အချန်အကဲ့အဝှက်အ ပျောက်အပျက်မရှိစေရ၊ သုံး ကုန်သင့်သည့်အရာများ မှာသာအဆောင်တော်မြဲကျွန်တော်မျိုး တို့နှစ်ဦး စုံညီ၍ဖြစ်စေ၊ လေး ဦး စုံညီဖြစ်စေစာရင်း အသေအချာမှတ်သား ပေး သုံး ရမည်၊ မှတ်စာပေး အပ်သည်ကိုမတည်၊ သစ်သိမ်း သစ်ယူသစ်ထုတ်သစ်မျှောနေရာမကျ၊ လရက်မကြန့်မကြာတန်ကြန့်ကြာအကျိုး တော်ယုတ်လျော့လစ်လပ်ကြောင်း ၊ သစ်တော်ငွေတော်များကိုတစုံတရာထိန်ချန်ကဲ့ဝှက်ယူငင်ရောင်း စား ကြောင်း များ နှင့်ကြား သိရလျှင်အဆောင်တော်မြဲကျွန်တော်မျိုး တို့ကိုရာဇဝတ်အပြစ်စီရင်မည်။

26 October 1871

(သက္ကရာဇ်) ၁၂၃၃ ခုတန်ဆောင်မုန်း လဆန်း ၁၄ ရက် နေ့စာပါ
အဆောင်တော်မြဲကျွန်တော်မျိုး တို့ကိုအပ်ငှင်း မှတ်စာနည်း တူဒုဋ္ဌာဝတီဆိပ်၊ **ပုခန်း**ကြီး ဆိပ်၊ မုန်း ချောင်း ဆိပ်များ သို့ စေလွှတ်သည့်ကျွန်တော်မျိုး အဆောင် တော်မြဲတို့ကိုအသား ဘောင်း တံဆိပ်များ နှင့်အပ်။

(လုံး ထော်စါစု)

6 November 1871

သက္ကရာဇ် ၁၂၃၃ ခုတန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် နေ့ ဝန်ထောက် လယ်ဝန်ပြင်တော်ရွာစား ကိုအတွင်း ဝန်ခန့်သည့်ကာလအစဉ်အတွင်းဝန်ခန့်နည်း ပြန်တမ်း အပ်သည်။

( မကွေး လှစါစု )

6 November 1871

သက္ကရာဇ် ၁၂၃၃ ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် နေ့ မင်္ဂလါမြင်း ဝန် ဦး သိုင်း ဖြူကို ဝန် ထောက်ခန့်ကာလ ရေါင်းရင်းဘက်ကို နှုတ်သိမ်း၍ အစဉ် ဝန် ထေါက် ခန့်နည်းပြန်တမ်း အပ်သည် ၊ ဦး စံငြိမ်း ကိုဝန် ထောက်ခန့်ကာလအစဉ် ဝန် ထောက်ခန့်နည်းပြန်တမ်းအပ်သည် ၊ ဦး ချိန်ကို ဝန် ထေါက်ခန့်ကာလ အစဉ် ဝန် ထေါက် ခန့်နည်း ပြန်တမ်း အပ်သည်။

( မကွေး လှ စါစု )

ပုခန်းကြီးမြို့ကွန်ရွာဆိပ်ကမ်းတွင်သစ်တော်အမှတ်အသားအသိမ်းအယူထားသူအဆောင်တော်မြင်ဆိုးကြီး၊ ငစိုးမင်း၊ ကျွန်တော်မျိုးငသာထွန်း၊ ငမောင်ကလေးတို့တမူးခန်းပတ်မြို့ကတပ်ရေးပြည်လုံးစက်ရောင်စာရေး ငသာနုတို့နှင့်ဆိုက်ရောက်ဆက်သွင်းသည်သစ်အသား ၁၅၀၀ ကျော်များကိုပုခန်းကြီးမြို့ဂုံးကထားသည့်အရာရှိတို့နှင့်စုံညီသစ်သိမ်းမြဲထုံးစံအတိုင်းဆုတ်ပတ်မှတ်သားသိမ်းယူ၍အထက်မှတ်သားပေးအပ်ဆင့်ဆိုသည့်အတိုင်းဆုတ်ပတ်တောင်တာစာရင်းအသေအချာများနှင့်လျှောက်ထားလိုက်ရမည်။

17 November 1871

သက္ကရာဇ် ၁၂၃၃ ခုနတ်တော်လဆန်း ၆ ရက်နေ့ ခန်းပတ်မြို့ခ ငအုပ်ကိုအပ်။

(လုံး ဆော်စါစု)

20 November 1871

သက္ကရာဇ် ၁၂၃၃ ခုနှစ် တော်လဆန်း ၉ရက် နေ့ ၁ ချက်တီး ကျော်အချိန်တိုင် မြောက်ဓါတ်ဂုံ တော်က ရောက်သည့် ကြေးနန်း စကား ဘုရား ၊ သစ်ဆုတ်သစ်ပတ်သိကျွမ်း နား လည်ယုံ လောက်သူကိုအလျှင်အမြန် စေလွှတ်ပါ၊ မည်သည့် နေ့ရက် စေလွှတ်မည်ကို ကြေးနန်း နှင့်ပြန်ပါ၊ ကြေးနန်း စာလါ ရောက်သည့်အတိုင်း သစ်ဆုတ်သစ်ပတ်တတ်ကျွမ်းနား လည်သူကျွန် တော်မျိုး ငထွန်း အောင်၊ ငဆုတ်တို့ကို (သက္ကရာဇ် ၁၂၃၃ ခုနှစ် တော်လဆန်း ၁၀ရက် နေ့ ဓါတ် လှေအ ဆောင် တော်မြင်အုပ် နှင့်အတူ ထည့်အပ် စေလွှတ်လိုက်ပါသည်၊ သစ်မှတ် ငွေခံ၊ ငွေထိမ်း လူမှာ ဝန် ထောက်မင်း ကိုယ်တိုင်ရှိသည်ဖြစ်၍အခြား ယုံကြည်ရမည့်လူကို စေလွှတ်ရန်မရှိ ဝန် ထောက်မင်း ယုံကြည်သူကိုသာတွဲဘက်မှတ်သား ထမ်း ရွက်ပါစေ ဝန် ထောက်မင်း ။

21 November 1871

21 November 1871

သက္ကရာဇ် ၁၂၃၃ ခုနှစ် တော်လဆန်း ၁၀ရက် နေ့ ဒိုင် တော်ငဘိုး ညွှန့်ကို စေလွှတ်၍ ကြေးနန်း ဆရာငဆုံကိုအပ်။

(လုံး တော်စာစု)

ဆွဲမနိုင်လှေတော်ပဲ့နင်း ပဲ့ချိတ်သွေး သောက်ကြီး တို့၊ အဝမြို့အိုး ထုတ်တန်း ဆိပ်ကမ်း ရှိသစ်တော်များ အနက် အောက်မြို့ကျေး ရွာသို့ထုတ်ယူစုန် မျှောရန် သစ်လုံး ရေ၂၀၀ ကျော်ကုန်း တွင်တင်ရှိသည်ကို နေ့ရက်မရှည်မကြာ စေရသစ် တော်သိမ်း အဝမြို့စာရေး အဆောင် တော်မြဲကျွန်တော်မျိုး တို့ဆင့်ဆိုရာနာ ခံ၍ ဘောင်တွဲဘွဲ့လုပ်နိုင်သည့်ဆိပ် ရောက်ချ ဆောင် ပေး အပ်ရမည်။

25 November 1871

သက္ကရာဇ် ၁၂၃၃ ခုနတ်တော်လဆန်း ၁၄ ရက် နေ့ကျွန်တော်မျိုး ငချို အပ်။

(လုံး တော်စာစု)

အဝမြို့လွှကြပ်ပွဲအုပ် ဟောင်း နေမျိုး သီရိစည်သူအဝမြို့အိုး ထုတ်တန်း ဆိပ်ကမ်း ရှိ သစ်တော်များ အနက် အောက်မြို့ ကျေး ရွာသို့ထုတ်ယူစုန် မျှောရန်စာရင်း တင် ရာပါ၁၂က၃ဝ်ထိလွှသစ်လုံး ရေ ၁၅၆၊ အသား ၁၇၃၊ ဂုံ၊ ၅ံ ၊ ၁၂က၃ဝ်ထိ ရပ်သစ်လုံး ရေ ၇၅၊ အသား ၄၀၊ ဂုံ၊ ၅ံနှစ်စုသစ်လုံး ရေ၂၃၁၊ အသား ၂၂၁၊ ဂုံ၊ ၅ံများ ကိုအဆောင်တော်မြင် အောင်မင်း နှင့်သင့်ရာကျွန်တော် မျိုး တို့ကို ပေး အပ်စုန် မျှော စေမည်ဖြစ်သည်၊ သစ်တောထိန်း အဆောင်တော် မြဲအဝမြို့စာ ရေး တို့နှင့်လွှကြပ်ပွဲအုပ် ဟောင်း နေမျိုး သီရိစည်သူကတိုင်း တာ ဆုတ်ပတ်မှတ်သား ပြီး လျှင်စာရင်း အသေအချာနှင့် လျှောက်ထား ရမည်။

သက္ကရာဇ် ၁၂၃၃ ခုနတ်တော်လဆန်း ၁၄ ရက် နေ့ (25 November 1871) ကျွန်တော်မျိုး ငြု အပ်။

(လုံး တော် စာစု)

မှူး ချောင်း ထွက်လွှသစ်လုံး ရေ ၆၉၄၊ အသား ၇၀၉၊ ဂံ ၁၊ ရပ်သစ်လုံး ရေ ၁၁၈၊ အသား ၅၄၊ ဂံ ၁ များ ကိုရန်ကုန်မြို့ရှိကျွန်တော်မျိုး င ရွှေသာ ထံပို့အပ်ရောင်း ချဆက်သွင်း ရန်အဆောင်တော်မြဲငကြိုင်၊ ကျွန်တော်မျိုး င ကောက်တို့ကို ပေး အပ်စုန်မျှော စေသည်မင်းကြီး များ မှာအစီရင်ခံ၍ထုတ် ယူစုန်မျှော ပို့အပ် စေရမည်ဝန်ထောက်မင်း တို့။

11 December 1871

သက္ကရာဇ် ၁၂၃၃ ခုပြာသိုလဆန်း ၁ရက်နေ့နား ခံနေမျိုး မင်း လှ သခ်ယာတွင်မှာ။

(လုံး တော် စါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဋ္ဌန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဉ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ကင်း ဝန်မင်း ကြီး မဟာစည်သူကိုဝန်ကြီး ခန့်တော်မူသည်၊ သို့ခန့်တော်မူ ကြောင်း လည်း ကင်း ဝန်မင်း ကြီး မဟာစည်သူသည်မင်္ဂလာအိမ်တော်ပါကျွန်တော်မျိုး ဖြစ်သည်နှင့်အညီ ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကိုစောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက် သော ကြောင့်အမည်နေရာအထိုက်အလိုက်သနား ပြုစု တော်မူသည်နှင့်အညီအတွင်း မှုပြင်မှုမှစ၍ခပ်သိမ်း သော စီရင်ခင်း စီရင်ဘွယ်အလုံး စုံကိုကျွမ်းသိနား လည်သသူအထူး သဖြင့်ယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်သော ကြောင့်မင်း ညီမင်း သား မှူး တော်မတ် တော်ကျွန်တော်မျိုးအပေါင်း တို့တွင်ထမ်းရည်ရွက်ရည်ကို ရွေး ချယ်စီစစ်တော်မူ၍အဂ္ဂမဟာ သေနာပတိအချုပ်ကြီး အကိုင်ကြီးတို့အရာနှင့်ဝန်ကြီး ခန့်တော်မူသည်၊ ဝန်ကြီး ဆိုသည့်အရာသည်ငါအသျှင်ကေရာဇ်မင်း မြတ်တို့တွင်ရာဇဌာနီ ရွှေပြည်တော်ကြီး မှစ၍အခြံအရံများ သောတိုင်းနိုင်ငံအနီး အဝေး ပြည် ရေး ရွာမှုခပ်သိမ်း သော စီရင်ခင်း စီရင်ဘွယ်အလုံး စုံကို ထောက် မြှော်၍သာသနာ တော်ထွန်း ပပွင့်လင်း ကြောင်း အကျိုး စီး ပွါး တော်များ ၍သား တော်အစဉ် မြေး တော်အဆက်တိုင်း ကား နိုင်ငံ တော်စည်ပင်သာယာ ကြောင်း များ ကိုအမြဲနှလုံး သွင်း ၍ စီရင်ရသည်၊ ဓမ္မဝတ်ရာဇဝတ် လောကဝတ်အ ကြောင်း သုံး ပါး ကိုကျွမ်း သိနား လည်သည်နှင့်အညီ ရှေး အဂ္ဂမဟာ သေနာပတိတို့အင်ကို ထောက်၍ ဝန်တို့နှင့်ညီညွတ်စွာခန့်ထား စီရင်။

15 January 1872

သက္ကရာဇ် ၁၂၃၃ ခုတပို့လွဲဆန်း ၆ရက် နေ့လွှတ် တော်တွင်ဝန်ရှင် တော်ခန်း ပတ်မြို့စား မင်း ကြီး ဝန် ထောက် တော်အစုံအညီတွင်နား ခံ တော်နေမျိုး ရာဇ ကျော်သူတွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၃၆ )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဉ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်းတ
ရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ပန်းတည်း ဝန်မဟာမင်းလှကျော်ထင်ကို
ဝန်ထောက်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း ပန်းတည်း ဝန်မ
ဟာမင်းလှကျော်ထင်သည် ကျေးဇူးသစ္စာတော်နှစ်ပါးကို စောင့်သိရိုသေစွာ
အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်ထမ်းရွက်မည့်သူယုံမှတ်
သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်သောကြောင့် ဝန်တို့ကို ထောက်မလျှံ့ဆောင်စိမ့်
မည် ဝန်ထောက်ခန့်တော်မူသည်၊ ငန်ထောက်ဆိုသည့်အရာသည် ငါအသျှင်ဧကရာဇ်
မင်းမြတ်တို့တွင် ဝန်တို့သည်ပြည်ရေး ရွာမှုမှစ၍ ခပ်သိမ်း သောစီရင်ဘွယ်စီရင်
ခင်း အလုံး စုံကိုမလစ်မဟင်း ရအောင် ရှေ့နောက်မျှော်ထောက်၍ ခန့်ထား စီ
ရင်ရန်အလွန်ကျယ်ဝန်း လှလေသည်၊ သို့ကျယ်ဝန်း လျှင်လည်း ဂုံဖန်ဂုံခါမေ့ကျန်သည့်
အရာ မေ့ကျန်လေတန်ရာသည်၊ ငန်တို့စီရင်ခန့်ထား သည့်အရာများ တွင် မေ့ကျန်
သည့်အရာရှိလျှင်သတိရှိသည့်အတိုင်း သည်အရာမှာ မည်သို့စီရင်ခံရာတွင် မည်သို့စီရင်
၍ရှိသည်၊ သည်အချက်များ မှာ မည်သို့ရှိခိုး သံတော်ဦး တင်ရာတွင်အမိန့်တော်ဗျာ
ဒိတ်တော်အတိုင်း စီရင်ပြန်ဆိုမှာထား ရှိသည်ပြသ၍အစီရင်ခံ၊ လွှတ်တော်ရုံး တော်
သည်ကျွန်တော်မျိုး ဆင်းရဲသား တို့ကိုး ကွယ်ရာဖြစ်သောကြောင့်တယောက်ကိုတယောက်
ညှင်း ပန်း နှိပ်စက်သည့်အမှုမှစ၍ ခပ်သိမ်း သောအမှုအကြောင်း အရာရှိလျှင်လွှတ်
တော်မှာအစီရင်ခံသည့်အမှုအရပ်ရပ်နိုင်ငံတော်မြို့ပြ ကျေး ရွာအနီး အဝေး များ
ကအစီရင်ခံရောက်သည့်အရာများ မှာလည်း မတွေး မရှက်ရစင်ကြယ်အောင်မေး
မြန်း စစ်ကြော၍ ဝန်တို့ကိုအစီရင်ခံသင့်သည့်အရာ ရွေးနား တော်ကြား ဆက်သွင်း
သည့်အရာများ ကို စေ့စေ့ငုငု ထောက်ရှုမေး မြန်း စစ်ကြောထွက်ဆိုချက်နှင့်စကား
အရကို ထောက်၍လျှံ့ဆောင်ရမည်၊ မင်း ညီမင်း သား မှူး တော်မတ်တော်မှစ၍အမှု
ထမ်း ကျွန်တော်မျိုး အပေါင်း တို့မှာလည်း အမှုတော်ကိုညည့်နေ့ကြိုး စား အား ထုတ်
မပြတ်မလပ်ထမ်း ရွက်၍သနား တော်မခံရကြွင်း ကျန်သည့်အရာရှိလျှင်လည်း မည်သ
သူမည်သို့အမှုတော်ကိုထမ်း ရွက်ရည်ရှိသည့်အချက်များ ကိုလည်း ဝန်တို့ကိုပြသ၍အစီရင်
ခံ၊ အလုံး စုံစီရင်ဘွယ်စီရင်ခင်း ရှိသမျှကိုဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ်ကိုကျွမ်း

သိနားလည်သည်နှင့်အညီ မပြတ်မလပ်လျှံ ဆောင်စီရင်ရမည်။

15 January 1872

သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလဆန်း ၆ ရက်နေ့လွှတ်တော်တွင် ဝန်ရှင်တော် ခန်းပတ်မြို့စား မင်းကြီး ဝန်ထောက်တော်အစုံအညီတွင်နားခံ နေမျိုး ရာဇကျော်သူတွင်ပြန်။

( ဖလံခုံ စါစု )

19 January 1872

ပဉ္စမ။ (သက္ကရာဇ်) ၁၂၃၃ ခုတပို့တွဲလဆန်း ၁၀ ရက် နေ့နိုင်ငံတော်အတွင်း
အရပ်ရပ်မြို့ကျေး ရွာ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကိုသုဓမ္မာဆရာတော်တို့ဆင့်ဆို
လိုက်သည်။ မြေဒူး မြို့ခေါ သန္တီမြို့ကျေး ရွာရှိ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့။ သာသနာ့
ဒါယကာမဟာဓမ္မရာဇာတရား မင်း မြတ်သည် ရှေး ရှေး သောကာလဘဝအထူး
တို့၌ဘုရား ပစ္စေကဗုဒ္ဓါအရိယာသူ တော်ကောင်း တို့ထံပန်ဆင်ပနက်ခဲ့ဘူး သော
ဆုထူး ပုညဒဗ္ဗသမ္ဘာရအ ဆောက်အဦး တို့သည်ဥဏှိ ဂူသူရိရဲရဲငြိသကဲ့သို့ယခုဘဝဇာတိ
တော်အဖြစ်၌အမြိုက်နိဗ္ဗာန်ကိုလွယ်လင့်တကူလှမ်း ယူ တော်မူလိုသည့်သမ္မာဆန္ဒ တော်ဖြင့်
ဒါနသီလဘာဝနာသုံး ဖြာတရား တို့ကို နေ့ညမခြား သတိတရား တည်း ဟူ သော
အဖွဲ့တွကလျာဏမိတ္တကိုသုံး စွဲ တော်မူသဖြင့်အလှူဒါနစာဂတရား တို့ကိုမပြုမှီကာလ
ရှေး မဆွကပင်မဂ်ဥာဏ်ဖိုလ်ဥာဏ်ကိုရည်သန် တော်မူခြင်း ။ လှူဆဲစွန့်ဆဲအခါစဉ်
လျှက်မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလျှင်မြန်စွာမျက် မှောက် ရောက် သော မနော မဏိမိရှိသည့်
အတိုင်း သီလဘာဝနာအရာတို့၌လည်း ဒါနအရာနှိုက်ကဲ့သို့ပင်လျှင်မြန်စွာမျက် မှောက်
မဂ်ဥာဏ်ဖိုလ်ဥာဏ်သို့ ရောက်လို သောသမာဆန္ဒ ဒိဋ္ဌိဇူကမ္မ ရှိသည်ဖြစ်၍ကုသိုလ် ကောင်း
မှုတည်း ဟူ သောမျိုး စေ့၏စိုက်ပျိုး ရာလယ်တာ မြေ ကောင်း သဖွယ်ဖြစ် သောသဗ္ဗညု
မြတ်စွာဘုရား သာသနာ တော်မြတ်သုံး ရပ်တို့နှိုက်လည်း အမှိုက်သရိုက်နှင့်တူ သောသူ
ယုတ်ဒုဿီလအလဇ္ဇီပုဂ္ဂလဒုပ္ပစ္စဖြစ် သောသာသနာ တော်မြတ်၏တံသင်း ခလုတ်ဆူး ငုတ်
တို့ကိုမရှိ စေရ။ သိက္ခာကာမလဇ္ဇီ ပေသလသီလဝန္တစစ်ဖြစ် သောလဇ္ဇီသူ တော် ကောင်း
တို့ကိုသာစည်ပင်ထွန်း ကား ပြန့်ပွါး စေ၍သာသနာ တော်မြတ်ကိုအလွန်ပွင့်လင်း စေ
ခြင်း ။ တန်ဆောင်မုန်း လ သရဒအခါလ ရောင်မြင့် သောကြာ၏အတူဖြစ် စေ တော်
မူလိုသည်နှင့်အညီသာသနာ တော်မြတ်နှိုက်ခိုဝင်မှီတင်း ကြ သောရဟန်း သာမဏေတို့
ကိုလည်း ဝိနည်း တရား တော်လါရှိသည့်အတိုင်း အပွေသုတ္တာ ကြောင့်ကျမဲ့မနေမူ
၍အပတ်တကုတ်အား ထုတ်ကျင့်ကြံ နေထိုင် စေလိုသည်ဖြစ်၍သာသနာ တော်တိုး တက်လဇ္ဇီ
ပေသလ သိက္ခာကာမ သီလဝန္တသူ တော် ကောင်း တို့ပွင့်လင်း စည်ကား အောင်
ဂိုဏ်း အုပ်ဂိုဏ်း ထောက်ပြုလုပ်သည့်ပုဂ္ဂိုလ်တို့လည်း အဏ္ဏာနမေဝပဉ္စမံ။ ပဋိရူ ပေ
နိဝေသဃေ။ ဒုဿီလမနုဿာ သေယျ။ နကိလေ သေယျပဏ္ဏ တောဟူ သောပါဠိ တော်အ
ရဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကမိမိကိုယ်ကိုအရင်း စ၍ဝိနည်း လေး စောင်။

ဒသဓမ္မသုတ်၊ အနတ္တလက္ခဏသုတ်၊ အန္တကဝိန္ဒသုတ်၊ အာဒိတ္တသုတ်များ ကိုနှုတ်ရဆောင်ရွက်ပြီး လျှင်ဂိုဏ်း တွင်း ရှိရဟန်း သာမဏေတို့ကို ပေါ့လျော့နေထိုင်မရှိစေရ၊ ကျောင်းနေပုဂ္ဂိုလ်တို့မှာ ဒွေမာတိကာ ခုဒ္ဒသိက္ခာနှင့် ၎င်း သုတ် လေး သုတ်များ ကိုနှုတ်ရအာဂုံဆောင်ရွက် စေခြင်း ၊ ၎င်း ကျောင်း နေပုဂ္ဂိုလ်တို့ကိုမှီတင်း နေထိုင်ကြသည့်ရဟန်းတို့ကိုလည်း ဒွေး မာတိကာကိုနှုတ်ရအာဂုံရွတ် စေပြီး လျှင်ခုဒ္ဒသိက္ခာကိုအလေ့အလာပြု၍ ဒသဓမ္မသုတ်၊ အနတ္တလက္ခဏသုတ်၊ အန္တကဝိန္ဒသုတ်၊ အာဒိတ္တသုတ်များ ကိုနှုတ်ရအာဂုံရွက် ဆောင် စေခြင်း ၊ သာမဏေတို့မှာ ပဉ္စ ဝေက္ခဏာ၊ လိင်ဒါဏ် သေခိယ၊ ခဏ္ဍကဝတ် ဒွတ္တသ်ကာယအနက်ပါဠိအနတ္တလက္ခဏသုတ်များ ကိုရရမိမိရှိ အောင်ဆရာဖြစ်သူတို့ထံတက်အံသရဘွယ် စေပြီး လျှင်သာမဏေတို့၏အသင်အပြင်သာမဏေတို့၏အရာနှင့်ပြည့်စုံ စေခြင်း ၊ ဝတ်တက်ဝတ်ကပ်ကြရာ၌လည်း ၎င်း ကျက်မှတ်သည့်သုတ်များ နှင့်ပရိတ် တော်ဂုဏ် တော်များ ကိုမပြတ်မလပ်ရွတ်ဖတ်သရဘွယ် စေပြီး လျှင်ဝိနည်း သိက္ခာပုဒ် တော်လာရှိသည့်အတိုင်း သဒ္ဒါတရား တိုး ပွါး အောင်တရား ဓမ္မ ပြောဟောပြသကြရမည်၊ သာသနာ တော်မြတ်သုံး ရပ်တို့တွင်လည်း မူလဘူတဖြစ် သော ပရိယတ္တိသာသနာ တော်စည်ပင်ထွန်း ကား အောင်ပါဠိအဋ္ဌကထာဋီကာတို့ကိုသင်ကြား ကာမတ္တမဖြစ် စေရ၊ ကာယဗလညာဏဗလအ လျောက်မိမိရရသင်ကြား တက်အံ့ စေခြင်း ငှါအကြီး အအုပ်ပြုလုပ်သည့် ဂိုဏ်း အုပ် ဂိုဏ်း ထောက်ပုဂ္ဂိုလ်တို့က ပရိယတ္တိသာသနာ တော်တိုး တက် အောင်တိုက်တွန်း နှိုး ဆော်ကြရမည်၊ ပဋိပတ္တိသာသနာ တော်မြတ်အရာ၌လည်း မြတ်စွာဘုရား ပယ်ရှား စက်ဆုပ် တော်မူအပ် သောကုလဒူသနရှစ်ပါး ၊ အနေသနတရား နှစ်ဆယ့်တပါး တို့တွင်အကျိုး ဝင် သောသစ်သီး ပေး ခြင်း ၊ ပန်း ပေး ခြင်း စသည့်အမှုရွှေလုပ် ငွေလုပ်ထိုး ကွင်း လက်ဖွဲ့ခါး လှည့်အင်း အိုင်မီး တိုင်ယတြာ ဂါထာ ဗေဒင်တို့ကိုလေ့လာပြွမ်း တီး ခြင်း အမှုဒါယကာတို့သဒ္ဓါဒေယျဖြစ် သောပစ္စည်း ဝတ္ထုတို့ကိုမအပ် သောသုံး ဆောင်ပြုလုပ်ဒုပ္ပရိဘောဂ၊ ကာယဝိဏ္ဏယစသည်တို့ကို ရှောင်ကြဉ်ခြင်း ၊ အကပ္ပိရအနာမာသတို့ကိုမအပ် သောခံခြင်း ၊ မြို့တွင်း ရွာတွင်း ဝင်ကြ သောအခါ၌လည်း အကြောင်း မဲ့ဘိနပ်စီး ခြင်း ၊ သပိတ်ပရိက္ခရာစသည်တို့ကို ရောင်း ချ၍ စီး ပွါး ပြုလုပ်ခြင်း၊ ဥယျာဉ်လယ်ယာ ပေါင်နှံ့ပြုစုစိုက်ပျိုးခြင်း၊ ဂီဟိသံသဋ္ဌလူတို့နှင့် ရောနှော၍ ရောင်း

ဝယ်ဖေါက်ကား စီး ပွါး ပြုလုပ်ခြင်း ၊ ကြွေး မြီချခြင်း ၊ မီး ပွဲတိုး ပွဲဇာတ်ပွဲရုပ် သေး ပွဲအရုပ်ပွဲ လှေပွဲလှည်းပွဲစသည်တို့ကိုခံခြင်း ၊ ကြည့်ရှုခြင်း ပယောဂမကင်း အား ထုတ်ရွက်ဆောင်ခြင်း ၊ လူတို့ကဲ့သို့ခက်တင်မောင်း နင်း ဆဲရေး ပြောဆိုခြင်း ၊ မင်းမင်း အမတ်တို့နှင့်စပ်လျှင်း သောသူခိုး ဓါး ပြတို့ကိုလက်ခံသိမ်း ထား၍ ရဟန်း သာမဏေပြုလုပ်ခြင်း ၊ ရဟန်း တို့နှင့်မစပ်မအပ်လူတို့၏အသုံး အဆောင်ဖြစ်သော ဓါးလှံ သေနတ်တို့ကိုသိုမှီသိမ်း ထား အနီး အပါး သို့ဆောင်ယူသွား ခြင်း စသည်တို့ကိုမပြုမကျင့်အောင် ဂိုဏ်း အုပ် ဂိုဏ်း ထောက်တို့ကတင်း တင်း ကြပ်ကြပ်နိုင်နင်း အောင်ဆင့်ဆိုမြစ်တား ကြရမည်၊ မြို့တွင်း ရွာတွင်း သို့တစုံတခု သောအကြောင်း နှင့်သွားကြရာ၌လည်း သိက္ခာပုတ် တော်လာရှိသည့်အတိုင်း ကောင်း စွာ ဝတ်ရုံခြင်း ၊ ကပတ်သီး တွယ်ခြင်းစကျ ခြေစသောအင်္ဂြေကို ကောင်း စွာ စောင့်ရှောက်သွား လာခြင်း၊ မအပ်သော ဝဇီဝိညတ်ဖြင့်တောင်း ခံရှာမှီး ခြင်း၊ဂေါစရမှီတင်း လှည့်ပတ်ရာ၌လည်း သာသံသမနသာရုပ္ပမရှိပြည်သူသတ္တဝါအများ တို့သဒ္ဒါတရား ပျက်ပြား ဆုတ်ယုတ်အောင်ဟိရိဩတပ္ပတရား ကိုမစောင့်ပဲလျက် ခြေလက်တွဲလဲအားရေကပတ်ဖွဲ့လျက် ဖယိုဖရဲဖြစ်သော ပိန်ဖျင်း ယုတ်မာသည်များ ကိုအချင်းချင်း ပြောကြား နေထိုင်ခြင်း များ ကိုမပြုမကျင့်ကြရ အောင်ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကဆင့်ဆိုဆုံး မဩဝါဒ ပေး ကြရမည်၊ ပစ္စည်း ပရိက္ခရာသုံး ဆောင်ကြရာ၌လည်း ပုဂ္ဂလသင်္ဃိက၊ သေနာသန သင်္ဃိက၊ သံဃဝသင်္ဃိကများ ကိုပိုင်း ခြား မှတ်သား၍သုံး ဆောင်ခြင်း ၊ သက်နှင်း သပိတ်တို့ကိုလည်း မအပ်သောအထည် မအပ်သောအရောင်အဆင်း မအပ်သောဆိုး ရည်တို့ကို ရှောင်ကြဉ်ကြပြီး လျှင်အပ်သောအထည် အပ်သောအရောင်အဆင်း အပ်သောဆိုး ရည်တို့ကိုသာသုံး ဆောင်ကြ အောင်မြစ်တား ဆင့်ဆိုကြရမည်၊ ဥပသမ္ပတကံကိုရွက် ဆောင်ကြရာ၌ကိုလည်း အဒိဋ္ဌာန်ဝိကပ္ပနာ လောက်သည်၊ သပိတ်သက်နှင်း တို့ကိုပြည့်စုံစေ၍ ဥပဇ္ဈာယ်ပြုထိုက်သည့်ဆရာတို့ထံ ဥပဇ္ဈာယ်ယူစေပြီး လျှင်သိထိလ၊ ဓနိတအစရှိသည်တို့ကို နေရာကြဆိုစွမ်း နိုင်သောညတိကမ္မဝါစာဆရာတို့နှင့်ဥပသမ္ပဒကံကိုရွက် ဆောင်ကြရ အောင်ဆင့်ဆိုကြရမည်၊ ရဟန်း တို့မှာဥပုဒ်ပြုကြရာ၌လည်း သုတ္တုဒ္ဒေသဥပုဒ်ကံကိုရွက် ဆောင် လောက်သည့်မြို့ရွာသံဃာတို့မှာသုတ္တုဒ္ဒေသဥပုဒ်ကိုရွက် ဆောင်ကြရမည်၊ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကဂိုဏ်း တွင်း ရှိကျောင်း နေပုဂ္ဂိုလ်တို့

ကို စေ့နှံ့ အောင်ဆင့်ဆိုကြရမည်၊ ဘုရား စက်ဆုတ်တော်မူအပ် သောရာဇကထာ၊ စောရကထာ၊ **တိရိ**စ္ဆာနကထာ စသည်များ ကိုလည်း အပြောအဆိုမရှိ၊ ရှောင်ကြဉ်ကြ ပြီး လျှင်မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ရင့်ရာရင့်ကြောင်း လဇ္ဇီပေသလသိက္ခာကာမ သီလဝန္တဖြစ်သောသူတော်ကောင်းတို့၏ ဂေါရဝ သေဝန၊ ဘာဝနာ သေဝနဖြစ်သောအာဟာရပါန၊ ဒွတ္တိံသကာယ၊ ပရဏာဿတိ စသည်တို့တွင်တခုခုကိုအမြဲမပြတ်နှလုံးပြုခြင်း များ ကိုကြိုး စား အား ထုတ်ကြ အောင်ဂိုဏ်း အုပ်ဂိုဏ်း ထောက်ပုဂ္ဂိုလ်တို့က မပြတ်မလပ်ဆင့်ဆိုဆုံး မဩဝါဒပေး ကြရမည်၊ ပဋိဝေဓသာသနာ တော်မြတ်ဆရာတော်တို့နှိုက်လည်း ယထာဘူတဉာဏ်ကိုသုံး သပ်ဆင်ခြင်နိုင် အောင်ဘာဝနာမ၊ သင်္ဏ်ထာယာမ၊ ဂီဟိသံသဂ္ဂ၊ ဂီဟိကမ္မအမှုတို့ကိုမဖြစ်မပွါး စေရ၊ ရဟန်း တို့ကိစ္စဖြစ်သောပရိယတ် ပရိပတ်တရား များ ကိုသာကြိုး စား အား ထုတ်၍ နေ့စဉ်မပြတ်ဆုံး မဩဝါဒပေး လျက်မဂ်ဉာဏ်နိဗ္ဗာန်ဟုဆိုအပ် သောပဋိဝေဓသာသနာမြတ်သာပွါး များ အား ထုတ်ကြရမည်၊ လောကဓမ္မရာဇာအကြောင်း နှင့်မသင့်မလျှော်ပြုကျင့်တတ် သော မော သောနိုး သူပြည် လှေး ပြည်မှူး ရာဇပစ္စတ္ထိက အပင်း အသင်း ဖြစ် သောသူတို့ကိုအရဟတ္တတဇ ဂုဏ်ကိုနိုလှုံ့စေခြင်း ဌါလကျွံသိမ်း ထား သာသနာတော်တွင်း သို့ပဉ္စင်း သာမဏေပြုလုပ်သွင်း ထား ခြင်း မရှိစေရ ဆင့်ဆိုကြရမည်၊ မြတ်စွာဘုရား အလိုတော်မရှိသည့်ဆင်သား မြင်း သား တို့ကိုရဟန်း အကောက်အယူအစိး အသောက်မရှိစေနှင့်၊ မင်း ဘဏ္ဍာဖြစ်၍ဆင်မြင်း တို့ပြောက်ပျက်လျှင်ရဟန်း တို့ကိုစွတ်စွဲ၍သာသနာတော်နှိုက်ကြီး စွာ သော ဘေး ရန်ဖြစ်ရာအကြောင်း ကိုသဗ္ဗညုတရွှေဉာဏ်တော်ဖြင့် မြော်တင်း တော်မူ၍သိက္ခာပုဒ်တော်ကိုပညတ်တော်မူသည်၊ ယခုမှာသာသနာဒါယကာမဟါမြေ့ဂျိဇ်တရိုးမင်း မြတ်ကကျွဲနွား သေသည်ကိုရဟန်း တို့အကောက်အယူမရှိစေနှင့် လျှောက်ထား တော်မူသည့်အတိုင်း အမဲပုံ့သကူများ ကိုရဟန်း သာမဏေတို့အကောက်အယူမရှိရ အောင်ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကမိမိတို့ကိုယ်မှစ၍အုပ်စုဂိုဏ်း တွင်း ရှိကျောင်း နေသံဃာတို့ကိုနိုင်နင်း အောင်မြစ်တား ကြရမည်၊ အရပ်ရပ်သုတ်သင်ရှင်း လင်း ကြသည့်အချင်း အရာများ ကိုလည်း သုဓမ္မာသို့တင်ပို့ လျှောက်ထား လာရမည်၊ သို့ဆင့်ဆိုသည်ကိုမတည် အပွေသုတ္တကြောင့်ကျမဲ့နေထိုင်သည်များ ကို တွေ့မြင်ကြား သိရလျှင်ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကိုဝိနည်း ကံ

နှင့်အညီစီရင်မည်။

19 January 1872

သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလဆန်း ၁၀ ရက်နေ့သုဓမ္မာဆရာတော်တို့ မိန့်ချက်

သုဓမ္မာဆရာတော်တို့ဆင့်ဆိုလိုက်သည်၊ နိုင်ငံတော်အတွင်း မြေဒူးမြို့ ခေါသင်္ကြီမြို့ ကျေးရွာရှိ ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့သာသနာ့ဒါယကာမဟာဓမ္မရာဇာတရား မင်းမြတ်သည် ရှေးရှေးသောဘဝကာလတို့က ပန်ဆင်ပန္နက်ခဲ့ဘူးသော ဆုထူးပုည ဒဗ္ဗ သမ္ဘာရတရား စည်ကား ပွင့်လင်း တောက်ပခြင်း သို့ရောက်သဖြင့် ရွှေနန်း တက်တော်မူသည်က စ၍ မင်း အဖြစ်ကိုယူတော်မူဦး ကပင်အရောင်အဝါတို့ဖြင့်ထွန်း လင်း တောက်ပလျက် လေး ကျွန်း လှည့်သွား သော နေလနှစ်ပါး တို့ကဲ့သို့သီလဝန္တသိက္ခာ ကာမပုဂ္ဂိုလ်တို့စည်ပင်ပြန့်ပွား၍မြတ်စွာဘုရား သာသနာတော်စည်ပင်ထွန်း လင်း တောက်ပခြင်း ကိုအလွန်အလိုတော်ရှိသည်ဖြစ်၍သာသနာတော်ကိုပြုစုချီး မြှင့်တော်မူသည်၊ သာသနာတော်တွင်း နိုက်အကြီး အအုပ်ပြုလုပ်၍သာသနာတော်ကိုကြည့်ရှုနေထိုင်ကြသည့်ပုဂ္ဂိုလ်တို့လည်း မင်း သာမံကိုအမှီရရုံမျှနှင့်သာသနာတော်ကိုကြည့်ရှုပြုနိုင်ကြသည်မဟုတ်၊ သာသနာတော်ကိုအလွန်ကြည်ညိုလေး မြတ်သောမင်း ကိုအမှီရမှသာလျှင်သာသနာတော်ကိုကြည့်ရှုပြုနိုင်ရာသောအကြောင်း ရှိသည်၊ ယခုမှာဘုရား သာသနာတော်ကိုအလွန်တရာကြည်ညိုလေး မြတ်တော်မူသောသာသနာပြုမင်း ကောင်း မင်း မြတ်ကိုအမှီရသည်ဖြစ်၍သာသနာတော်တိုး တက်စည်ကား ပွါး များ အောင်အထူး သဖြင့်အား ထုတ်ခွင့်ရသောအခါကာလဖြစ်သည်၊ သို့အား ထုတ်ခွင့်ရသောအခါ ကာလကြုံကြိုက်သဖြင့်နိုင်ငံတော်အတွင်း **မြေဒူး** မြို့ ခေါသင်္ကြီမြို့ကျေး ရွာများ နိုက်သာ သနာတော်ကိုကြည့်ရှုထိန်း သိမ်း ၍အကြီး အအုပ်ပြုလုပ် နေထိုင်ကြသည့်ပုဂ္ဂိုလ်တို့မှာမိမိ တို့အုပ်စုအတွင်း ရှိရဟန်း သင်္ဃာတို့ကို ရှေး ပေး အပ်ရင်း သာသနာ ရေး နှင့်စပ် ၍ထုတ်ပြန် တော်မူသည့်အမိန့် တော်အတိုင်း အပွေါ့ သုတ္တကြောင့်ကျမဲ့မရှိ စေမူ၍အ လေး အမြတ်ပြုသဖြင့်ဆင့်ဆိုဆုံး မဩဝါဒ ပေး ကြရမည်၊ မိမိတို့အုပ်စုအုပ်နက်အတွင်း ပါဠိ ကထာဋီကာကျမ်း ဂန်သင်ကြား ပို့ချနိုင် လောက်သည့်ပုဂ္ဂိုလ်တို့ကိုပရိယတ္တိသာသနာ တော်စည်ပင်ပြန့်ပွား အောင်မပြတ်မလပ် အောင်သင်ကြား ပို့ချခြင်း ကိုမပြုနေ ထိုင်သည့်ပုဂ္ဂိုလ်တို့မှာ ဒွေမာတိကာကိုဝါစုဂ္ဂထ ရရမိမိ လေ့လာရွက် ဆောင် စေပြီး

လျှင်အကြီး အအုပ်ပြုလုပ်သည့်ဆရာတို့ထံတလတကြိမ်မပြတ်မလပ်ပြန်ဆိုစေရမည်၊ ရှင်သာမဏေတို့မှာလည်း လိင်ဒဏ် သေခိယ ပစ္စဝေက္ခဏာ ခန္ဓကဝတ်ပါဠိအနက်များကိုရရ မိမိကျက်မှတ်စေ၍အပ်ထားသည့်ဆရာတို့ထံအမြဲမပြတ်ပြန်ဆိုစေရမည်၊ မိမိကိုယ်နှင့်တကွအုပ်စုအတွင်း ရှိရဟန်း သင်္ဃာတို့မှာလည်း မဂ်ဖိုလ်၏အခြေမူလဖြစ်သော ပရိယတ္တိသာသနာတော်ထွန်း ပေါက်တောက်ပ၍လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တပုဂ္ဂိုလ်တို့စည်ပင်ထွန်းကားလျှက်နိဗ္ဗာနသုခကိုမကြာခဏရစေခြင်း ငှါသီလဓူဝင် သမ္မထ ဝိပဿနာတရားတို့ကိုစွမ်းအား ရှိသမျှဥဿာဟပြု၍ကျင့်ကြ နေထိုင်စေရမည်၊ ရေမြေအသျှင်တရားမင်း မြတ်အမိန့်တော်နှင့်မကွာမဝေး ခန့်ထားတော်မူသည့် မြို့ဝန်စစ်ကဲ နားခံ သူကြီး ကလန် အရာရှိတို့နှင့်မြို့ရွာနေလူတို့ကိုအကြောင်းကိစ္စ ရှိ၍ပြောဆိုကြလျှင်တရားနှင့်အညီဖြေးညှင်းသာယာစွာတရားပြသပြောဆိုကြရမည်၊ ဖြေးညှင်းသာယာစွာတရားပြသပြောဆိုသည်ကိုမတည်မနာမယူရှိလျှင်ရုန့်ရင်းကြမ်းတမ်းရဟန်းတို့၏အမူအရာမဟုတ်ဖြစ်၍ဘုရားစက်ဆုတ်တော်မူအပ်သော ရိုက်ပုတ်ခြင်း စသောအမှုတို့ကိုမပြုမကျင့်စေနှင့်၊ မိမိတို့ကိုယ်နှင့်တကွအုပ်စုအတွင်း ရှိရဟန်းသင်္ဃာတို့ကိုပြောဆိုဆုံးမဩဝါဒပေးသဖြင့်လုံခြုံအောင်စောင့်ထိန်းဆိမ်းကြရမည်၊ ဘုရားသာသနာတော်ဟူသည်အလဇ္ဇီဒုဿီလ ပါပသမာစာရဖြစ်သောပုဂ္ဂိုလ်တို့ကိုတရားနှင့်အညီနှိမ်နင်းပယ်ရှား၍မျိုးစေ့ကောင်းသဖွယ်ဖြစ်သောလဇ္ဇီသုသီလ သမာ စာရပုဂ္ဂိုလ်တို့ထွန်းလင်းစည်ကားပြန့်ပွားအောင်ပြုမှသာလျှင်သာသနာတော်အစွန့်ရှည်စွာဖြစ်ထွန်းတိုးပွားရာသောအကြောင်းရှိသည်ဖြစ်၍မိမိတို့အုပ်စုအုပ်နက်အတွင်း အလဇ္ဇီဒုဿီလပုဂ္ဂိုလ်မရှိစေရ၊ သီလဝန္တ သိက္ခာကာမ လဇ္ဇီပုဂ္ဂိုလ်တို့စည်ပင်ပြန့်ပွား၍ဘုရားသာသနာတော်အစွန့်ရှည်စွာတည်ထွန်း အောင်အားထုတ်ကြရမည်၊ သို့ဆင့်ဆိုသည်ကိုအလေး မမူအပေါ့သုက္က ကြောင့်ကြမဲ့နေ၍ ချွတ်ယွင်း ဖေါက်ပြန်သည်များကို တွေ့မြင်ကြားသိရလျှင်အကြီးအအုပ်ပြုလုပ်သည့်ဂိုဏ်း အုပ်ဂိုဏ်း ထောက်ပုဂ္ဂိုလ်တို့ကိုအပြစ်အလျှောက်စီရင်မည်။

19 January 1872

သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလဆန်း ၁၀ ရက် နေ့သုဓမ္မာဆရာတော်တို့ဆင့်ဆိုချက်။

( သောင်း စါစု )

သစ်တော်သိမ်း ကျွန်တော်မျိုး အဆောင်တော်မြဲတို့ခံဝန်ချက်ဘုရား

29 January 1872

သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလပြည့်ကျော် ၅ ရက်နေ့အဝမြို့သစ်တော်သိမ်း ကျွန်တော်မျိုး ငမောင်၊ မြင်းမူရွာသစ်တော်သိမ်း အဆောင်တော်မြဲ ငဘေပု၊ ကျွန်တော်မျိုး ငမှဲ့၊ ငဘိန်း၊ ပုခန်းကြီး မြို့ကွမ်းရွာဆိပ်သစ်တော်သိမ်း အဆောင်တော်မြဲ ငစိုးမင်း၊ ငဆိုးကြီး၊ ငမောင်တို့ခံဝန်ချက်၊ ကျွန်တော်တို့သစ်တော်ဘွဲ့စရိတ်တင်ပေးသည့်သစ်အသား ၁၅၀၊ ဘောင်ဘွဲ့စရိပ်ကုန်ဝင်ရန်ပါမှော ဝါးကြိမ်သက်ကယ်ကြိုး ဘိုးလူခ ငွေ ၆၅၃ ပါရှိသည်အတိုင်း အရေအတွက် ဈေးနှုန်း အပိုအမို မရှိပါ၊ နောင်ကျွန်တော်တို့စာရင်းတင်ပေးသည့်အတိုင်း မကုန်မကျရှိလျှင်ရာဇဝတ်တော်ကိုခံပါမည်၊ ယခုထုတ်ပေး တော်မူသည့်ငွေနှင့်ဘောင်ဘွဲ့ပြီး သစ်ဘောင်မှားကို အောက်မြို့ကျေးရွာသို့စုံမှောရမည်ဖြစ်လျှင်လည်း သစ်အသားတလုံးလျှင် ၅ ငွေတွင်ယခုထုတ်ပေးသည့်ငွေကိုနုနိမ်သနား တော်မြတ်ခံ၍ချဆောင်စုန်မှောပါမည်ခံဝန်သည်ဘုရား

သစ်အသား ၁၀၀ ဘောင်ဘွဲ့လုပ် ဆောင်ကုန်ဝင်ရန်စာရင်း ဘုရား

| | ရေ | နှုန်း | ငွေသင့် |
|---|---|---|---|
| နဘားသီ ၁၂ မှော | ၂၄ | | |
| မိုးလုပ်ရန် ၁၂ မှော | ၂၄ | | |
| နောက်မသိမ်း လုပ်ရန် ၁၂ မှော | ၂၄ | | |
| မောင်း ကုပ်လုပ်ရန် ၁၂ မှော | ၂၄ | | |
| ဦး နှိမ်ရှမ်း မောင်း လုပ်ရန် ၁၂ မှော | ၄ | | |
| ဆတ်တုံး ရှမ်း မောင်း လုပ်ရန် ၁၂ မှော | ၄ | | |
| နောက်ပံ့နှိမ် မောင်း လုပ်ရန် ၁၂ မှော | ၃ | | |
| တဲ အောက်ခံလုပ်ရန် ၁၂ မှော | ၁ | | |
| ဝါး တန်း လုပ်ရန် ၁၂ မှော | ၂ | | |
| ပေါင်း | ၁၁၉ | ဒိ ၆ျ | ၁၉၂။ |

| | | | | | | |
|---|---|---|---|---|---|---|
| ဝါး ကုန်ဝင်ရန်စါရင်း | ရေ | မှုန်း | | ငွေသင့် | | |
| တဲဆောက်ရန်တင်း ဝါး | ၁၀၀ | ၅ | | ၅ | | |
| သက်ကယ် | ၃၀၀ | | ဂျ ဲ | ၅ | ၂ျ | ဲ |
| ပေါင်း | | | | ၄ | ၂ျ | ဲ |
| သစ်တလုံး လျှင်၁၅လုံး ကျကြိမ်၁၅၀၀ | | | ၆ျ | ၉ | | |
| ထိုး ကြိုး | ၁ | ၄ | | ၄ | | |
| ဝဲ့လွန်ကြိုး | ၂ | ၈ | ၃ျ | ၈ | | |
| ခွဲတိုင် | ၃ | | ၂ျ ဲ | | ဂျ | ဲ |
| ပေါင်း | | | | ၁၆ | ဂျ | ဲ |
| စုစု | | | | ၂၈ | | |
| ဘော်လုပ်ခသစ်တလုံးလျှင်၂ျဲကျ၁၀၀ | | | | ၂၇ | | |
| ပေါင်း | | | | ၄၆ | | |

သစ်အသား ၁၀၀ ဘောင်အတွ
လုပ်ဆောင်ကုန်ဝင်ရန်စါရင်း

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂ မျှောလုံး ရေ | ၁၁၉ | ၈ | ၆ျ | ၁၉ | ၁ျ | |
| တင်း ဝါး လုံး ရေ | ၁၀၀ | ၅ | | ၅ | | |
| သက်ကယ် | ၃၀၀ | | ဂျ ဲ | ၅ | ၂ျ | ဲ |

( လုံး တော် စါစု )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူမျှား ရှင်လက်နက်စကြာသခင်ပဥ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်း တရား
ကြီး ဘုရား သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလပြည့် ကျော် ၇ ရက် ၄ နေ့ 31 January 1872 ငကျော်ကိုနဘက်
မြို့သူကြီး သွေး သောက်ကြီး ခန့် တော်မူသည်၊ အသည်ငယ်သား တို့အမှုတော်ထမ်း
ကုန်၍လုပ်စား ဆောင်စား စီး ပွါး ဖြစ်အောင်မစစီရင်
( မန္တလေး အမျိုး သား စာကြည့်တိုက် )

နဘက်မြို့ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး အသည်အလါဝင် နေကပွါး အမှု
ထမ်း ကြေး ပေး ကြီး ငယ်တို့၊ ချောင်း ဦး ဆယ်ရွာသူကြီး ရွာအုပ်ပယ်အုပ်
ငရွှေစော၊ နဘက်မြို့ကိုအဘ ရွှေမြို့သူကြီး သွေး သောက်ကြီး အရာနှင့် (သက္ကရာဇ်
၁၂၂၈) ခုနှစ်ကစ၍ ရွေး လက်ယာအစုမှာသား မယား အိမ် ထောင်စု မပြန် 1866
မသွား ထမ်း ရွက် သေဆုံး သော ကြောင့်ညီငကျော်ကိုနဘက်မြို့သူကြီး သွေး သောက်
ကြီး အရာထမ်း ရွက်ပါစေရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း
ငကျော်ကိုနဘက်မြို့သူကြီး သွေး သောက်ကြီး ခန့်

31 January 1872

သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလပြည့်ကျော်၇ရက် နေ့ဘုရား အမိန့်တော်မြတ်ကိုဦး
ထိပ်ထက်ဆင်ရွက်ရသည်အတိုင်း ငကျော်ကိုနဘက်မြို့သူကြီး သွေး သောက်ကြီး ခန့်ထား
ကြီး စိုး ဆောင်ရွက်စေသည်၊ နဘက်မြို့ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး အသည်
အလါဝင် နေကပွါး အမှုထမ်း ကြေး ပေး ကြီး ငယ်တို့၊ မြို့သူကြီး သွေး သောက်ကြီး
ငကျော်ဆင့်ဆိုရာနာခံထမ်း ရွက်ကြရမည်၊ မြို့သူကြီး သွေး သောက်ကြီး ငကျော်
လည်း မြို့ကျေး ရွာကိုစည်ပင်သာယာဖြစ်ထွန်း အောင်သိမ်း သွင်း ပြုစုပြီး လျှင်
ခန့်ထား ကျရောက်သည့်မင်း မှုတော်ရပ်များ ကိုဆိုင်ရာဆင့်ဆိုနာခံ၍အမိန့်တော်
မြတ်ရင်း နှင့်အညီ ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရမည်။
ဝန်မင်း များ စါ
(မဏ္ဍလေး အမျိုး သား စါကြည့်တိုက်)

နဘက်မြို့ဘုရင်ဂျီရပ် နေအမှုထမ်း ကြီး ငယ်အသည်အလါဝင် နေကပ်ပါး ကြေး ပေး ကြီး ငယ်တို့၊ ငွေး လက်ယာအစု ဆေး ထိုး အိမ် ထောင်စုံတက် နေထမ်း ရွက်သူနဘက်မြို့သူကြီး ကနဘက်မြို့မပြဘုရင်ဂျီရပ်တပိုင်း ကိုကွက်ကန့်သီး ခြား အအုပ်အထိန်း အခန့်အထား မရှိ၊ ကျွန် တော်မျိုး ကဆင့်ဆိုစီရင် စေရမည်၊ ရွှေလွှတ် တော်မှာစါ ရွှေတင်ပြအစီရင်ခံသည်ဖြစ်၍ နဘက်မြို့မဘုရင်ဂျီရပ်ကိုသီး ခြား အအုပ်အထိမ်း မရှိနဘက်မြို့သူကြီး က ရွှေလွှတ် တော်စါအရဆင့်ဆိုစီရင် စေရမည်၊ ဘုရင်ဂျီရပ် နေအမှုထမ်း ကြီး ငယ်တစုတို့လည်း နဘက်မြို့သူကြီး ဆင့်ဆိုရာနာခံထမ်း ရွက်ကြရမည်၊ နဘက်မြို့သူကြီး လည်း ရာဇဝတ်မပေါ် မထွက် စေရကင်း လွတ်လုံခြုံ အောင်ထိမ်း စောင့်၍ကြ ရောက်သည့်မင်း မှုတော်ရပ်များ ကိုဆိုင်ရာဆင့်ဆိုနာခံ ပြေကုန် အောင်ထမ်း ဆောင်ရမည်။ အမြင့်ငါး မြို့ဝန်မင်း စါ။

(သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလပြည့် ကျော်၇ရက် နေ့)(31 January 1872)

(သွေ့ဘံကြီး ၄ ကျော်သက္ကရာဇ် ၁၂၉၄ ခုဝါခေါင်လဆန်း ၂ရက် နေ့ကွယ်လွန်) 3 August 1932

(မန္တလေး အမျိုး သား စာကြည့်တိုက်)

12 February 1872

သစ်မျှောစရိတ်ထုတ်ပေး ငွေစာရင်း ဘုရား

21 October 1871

(သက္ကရာဇ်) ၁၂၃၃ ခုတန်ဆောင်မုန်း လဆန်း ၉ ရက် နေ့ကျွန်တော်မျိုး ငကောက်၊ ငမှဲ့၊ အဆောင်မြဲငဘောပု၊ ငကျိုင်းတို့ကိုမှူး ချောင်း ထွက်လှသစ်အသား ၇၅၄၊ ၆ံ၁၊ ရပ်သစ်အသား ၁၀၂ စု၇၆၄၊ ၆၁အသား တလုံး ဦကျ ဘောင်ချစရိတ် ငွေသင့် ၁၅၂၉ အနက်အထက်ပေး ငွေ ၁၀၀၀ ပြင်ပေး ငွေ ဒင်္ဂါး ၅၂၉

25 November 1871

(သက္ကရာဇ်) ၁၂၃၃ ခုနတ်တော်လဆန်း ၁၄ ရက် နေ့ကျွန်တော်မျိုး ငသာထွန်း နှင့်အစုံအညီကျွန်တော်မျိုး ငခြုံကိုအဝမြို့အိုး ထုတ်တန်း ဆိပ်ကမ်း ရှိလှသစ်လုံး ၇၁၅၆ အသား ဒိ၇၃၊ ဂုံဘဲ ရပ်သစ်လုံး ၇၇၅၊ အသား ၄၀၊ ရိ၊ ဘံ ၂ စုလုံး ၇၂၃ဒိ၊ အသား ၂၂၂၊ ဂုံ၊ ငံအသား တလုံး လျှင် ဦကျ ဘောင်စုန်စရိတ် ပေး ငွေ ၄၄၆

ရေနံဝန်မှာပြန်တောင်း
ရန်

9 January 1872

(သက္ကရာဇ်) ၁၂၃၃ ခုပြာသိုလပြည့်ကျော် ၁၅ ရက် နေ့သစ်ဘောင်စရိတ် တရုပ်ထုတ် ၁၇၀၇

အချုပ်ဘုရား

| | | |
|---|---|---|
| ရွှေမြို့တော်ကနှိုး ဆော် စေရန်လူ | ၁ | ၅၀ |
| အိုး တုတ်တန်း ဆိပ်ကမ်း တွင် စေလွှတ်ရန်လူ | ၃ | ၉၀ |
| မြင်း မူရွာဆိပ်ကမ်း သို့ စေလွှတ်ရန်လူ | ၄ | ၁၂၀ |
| ပုခန်း ကြီး မြို့တွမ်း ရွာဆိပ်ကမ်း တွင် စေလွှတ်ရန်လူ | ၄ | ၁၂၀ |
| ယင်း ချောင်း ဝသို့ စေလွှတ်ရန်လူ | ၂ | ၆၀ |
| ခွေး သောဝဆိပ်ကမ်း တွင် စေလွှတ်ရန်လူ | ၂ | ၆၀ |
| ရန်ကုန်မြို့တွင်ကျွန်တော်မျိုး င ရွှေသာနှင့်တွဲဘက်ထမ်း ရွက် စေ ရန်လူ | ၁ | ၃၀ |
| ပေါင်း | ၁၇ | ၅၃၀ |

(သက္ကရာဇ်)၁၂၃၃ ခုတန်ဆောင်မုန်း လဆန်း ၉ရက် နေ့ 21 October 1871
၄င်း စာရင်း ပါလူတို့တန်ဆောင်မုန်း လတွက် ပေး ငွေ ၅၃၀
(သက္ကရာဇ်)၁၂၃၃ ခုနတ်တော်လဆန်း ၁၀ရက် နေ့အထက် 21 November 1871
ထား ရင်း လူတို့လစာ ၅၃၀၊ ကင်း ဝန် ထောက်မင်း ထံ စေလွှတ်
ရန်ကျွန်တော်မျိုး ငထွန်း အောင်၊ ငအုပ်တို့လစာ ၆၀၊ ၂စု ၅၉၀
အကျအဝယ် တော်ငသာထွန်း ကို ပေး ငွေဒင်္ဂါး ၂၄၀၊ ရွှေ ၇၀၊
ငွေ ၃၅၀၊ ၂စု ၅၉၀
သက္ကရာဇ်၁၂၃၃ ခုတပို့တွဲလဆန်း ၁ရက် နေ့ရဂ ၄င်း တို့ပြာသိုလစာ 10 January 1872
အဆောင်မြဲ င အောင်ပိုင်ကို ၅၆၀
(သက္ကရာဇ်၁၂၃၃ ခုတပို့တွဲလပြည့်ကျော် ၇ရက် နေ့ ၄င်း တို့လစာ 31 January 1872
၅၆၀တွက်အဝယ် တော်ငသာထွန်း လစာကိုချန်၍ ၄င်း ကို ပေး ရွှေ
ဒင်္ဂါး ၂၆၊ ငွေဒင်္ဂါး ၃၀၀(သက္ကရာဇ်၁၂၃၃ ခု)တပေါင်း လဆန်း 12 February 1872
၅ရက် နေ့အဝယ် တော်ငသာထွန်း ကိုတပို့တွဲလစာ ပေး ငွေ ၅၀

(လုံး တော် စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူမျှား ရှင်လက်နက်စကြာသခင်ပဉ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား သက္ကရာဇ် ၁၂၃၃ ခုတပေါင်း လပြည့်ကျော် ၁၂ ရက် ၄ နေ့ဘိနပ်

5 March 1872

တော်ငခွန်စွန်း ကိုတိန်ဖြင်း မြို့သူကြီး ခန့်တော်မူသည်၊ အသည်ငယ်သား တို့အမှု တော်ကိုထမ်း ကုံ၍လုပ်စား ဆောင်စါး စီး ပွါး ဖြစ် အောင်မစစီရင်။

(သက္ကရာဇ် ၁၂၃၃ ခုတပေါင်း လပြည့်ကျော် ၁၂ ရက်နေ့)

5 March 1872

(လုံး တော် စါစု)

တိန်းငြင်းမြို့ကျေးရွာအစီရင်သူကြီး ခေါင်းအကြီး အသည်အလါဝင် နေကပ်ပါး
ကြေးထမ်းကြီး ငယ်တို့၊ ဘိန်ပ်တော်ငခွန်စွန်းက တိန်ပြင်းမြို့ကိုဘီင၀
1783
(သက္ကရာဇ် ၁၁)၄၅ ခုစစ်တမ်း စာရင်း ဆက်သွင်းကြီး စိုး ဘွား စား ပါသည်၊
1802
မရှိလျှင် ဘား င စော မောင် (သက္ကရာဇ် ၁၁) ၆၄ ခုစစ်တမ်း စာရင်း ဆက်
သွင်းကြီး စိုး ဘွား စား ပါသည်၊ မရှိလျှင်ဘိုး ငဆိုင်ခန်း ဆက်ခံကြီး စိုး ဘွား စား
ပါသည်၊ မရှိ နောက်ဘင မင်း တပ်အမိန့်တော်မြတ်နှင့်ဆက်ခံကြီး စိုး အုပ်ထိန်း ပါ
1783
သည်၊ မရှိလျှင် (သက္ကရာဇ် ၁၁) ၄၅ ခု (၁၁) ၆၄ ခုစစ်တမ်း စာရင်း ပါအရိုး
1802
သား မြေး မှန်သည်နှင့်အညီတိန်းငြင်းမြို့ကိုမြို့သူကြီး အရာခန့်ထား ထမ်း ရွက်
ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ဘိနပ်တော်ငခွန်စွန်း
5 March 1872
ကိုတိန်ငြင်းမြို့သူကြီး ခန့်၊ သက္ကရာဇ် ၁၂၃၃ ခုတပေါင်း လပြည့်ကျော် ၁၂ ရက်နေ့
ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ဘိနပ်တော်ငခွန်
စွန်း ကိုတိန်းငြင်းမြို့သူကြီး ခန့်ထား ကြီး စိုး ဆောင်ရွက်စေသည်၊ တိန်ငြင်းမြို့
ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး အသည်အလါဝင် နေကပ်ပါး ကြေးထမ်းကြီး
ငယ်တို့၊ ဘိနပ်တော်တိန်ငြင်းမြို့သူကြီး ငခွန်စွန်း ဆင့်ဆိုရာနာခံထမ်း ရွက်ကြ
ရမည်၊ တိန်း ငြင်း မြို့သူကြီး ငခွန်စွန်လည်း မြို့ရွာမှာရာဇဝတ်တော် ရေး မ
ပေါ်မထွက်စေရ၊ စည်ပင်သာယာဖြစ်ထွန်း အောင်သိမ်း သွင်း ပြုစုပြီး လျှင်
မင်း မှုတော် ပေါ် ပေါက်ကျ ရောက်သည်များ ကိုဆိုင်ရာဆင့်ဆိုရာနာခံ၍အမိန့်
တော်မြတ်ရင်း နှင့်အညီ ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရမည်။
(လုံး တော် စာစု)

ကလေး မြို့ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး တို့နှင့်အသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ ဘိနပ် တော်တိန်း ငြင်း မြို့သူကြီး ငခွန်စွန်း ကညီကလေး မြို့သူကြီး ငထွန်း အပါး တော်မှာ နေ့ည မပြတ်ထမ်း ရွက်ရသည့်အတွင်း ကလေး မြို့ကိုကိုယ်စား လွှဲအပ် ရှိသည်ဖြစ်ပါသော ကြောင့်အုပ်ထိန်း ကြီး စိုး စီရင် ဆောင်ရွက်ပါရမည့်အကြောင်း နှင့် လျှောက်ချက်အတိုင်း လွှဲတမ်း စာချုပ်ကိုတင် စေပြီး လျှင်မှန်မမှန်ကလေး မြို့သူကြီး ငထွန်း ကိုမေး ရာအပါး တော်တွင် နေ့ည မပြတ်ထမ်း ရွက်ရသော ကြောင့်အကိုတိန်း ငြင်း မြို့သူကြီး ငခွန်စွန်း ကိုကိုယ်စား လွှဲအပ် ကြောင်း ထွက်ဆို ရှိသည်ဖြစ်၍ကလေး မြို့မှာမြို့သူကြီး ငခွန်ထွန်း ကိုယ်စား အကိုတိန်း ငြင်း မြို့သူကြီး ငခွန်နွန်း ကိုဆင့်ဆို ဆောင်ရွက် စေသည်၊ ကလေး မြို့ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး တို့နှင့်အသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ တိန်း ငြင်း မြို့သူကြီး ငခွန်စွန်း ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ တိန်း ငြင်း မြို့သူကြီး ငခွန်စွန်း လည်း ရာဇဝတ် တော် ရေး မပေါ်မထွက် စေရ၊ မြို့ကျေး ရွာကိုစည်ပင်သာယာဖြစ်ထွန်း အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကြရောက်သည့်မင်းမှုတော်ရပ်ရှိသည်များ ကိုဆိုင်ရာဆင့်ဆိုရာနာခံ၍ ပြေကုန် အောင်ဆင့်ဆိုစီရင်ဆောင်ရွက်ရမည်။

(5 March 1872)

(သက္ကရာဇ် ၁၂၃၃ ခုတ ပေါင်း လပြည့် ကျော် ၁၂ ရက် နေ့)

(လုံး တော် စာစု)

14 March 1872
(သက္ကရာဇ်)၁၂၃၃ခု(နှောင်း)တန်ခူး လဆန်း ၆ရက်နေ့ဂိုဏ်းအုပ်
ဂိုဏ်း ထောက်ဆရာတော်တို့နှင့်လှထွဋ်ဆရာတော်၊ မဟာဓမ္မိကဆရာတော်တို့
ရွှေနန်း တော်သို့ဝင်ရာတောင်ဥယည်တောင်ဖက်စိမ့်စံနန်း တော်မှာအ
တွေ့ခံတော်မူ၍ဆရာတော်တို့ကို လျှောက်ထား တော်မူသည်မှာတကာတော်မင်း
ဧကရာဇ်ကဆရာတော်တို့ဂိုဏ်း များ ကိုတလတကြိမ်နိုင်ငံတော်အတွင်း အရပ်ရပ်
မြို့ကျေး ရွာရှိဂိုဏ်းအုပ်ဂိုဏ်း ထောက်ဆရာတော်တို့ထံ စေလွှတ်ထောက်လှမ်း မည့်
အကြောင်း ဆရာတော်တို့ဂိုဏ်း ဂဏမှာလည်း ဝိနည်း သိက္ခာပုဒ်တော်နှင့်မညီ
သုဓမ္မာဆရာတော်တို့ဆင့်ဆိုသည်ကိုမတည်၊ ရဟန်း သာမဏေတို့မနာမယူ၊ အထက်
ဆရာတော်တို့အား ကိုကိုး၍ ဂိုဏ်းအုပ်ဂိုဏ်း ထောက်တို့ကိုမထေမဲ့မြင်ရှိ နေလျှင်ရှိ
နေကြောင်း ကိုမှတ်သား၍---
(သောင်း စါစု)

15 May 1872

9 January 1872

သက္ကရာဇ် ၁၂၃၃ ခုပြာသိုလပြည့်ကျော် ၁၅ ရက်နေ့
စကိုင်း မြို့သစ်တော်အောက်စုန်စရိတ်ထုတ်ငွေ ၁၇၆၇ အနက် ရွှေဒင်္ဂါး ၂၆ ပါ
၄င်း ငွေကသုံး စာရင်း ဘုရား

10 Janaury 1872

သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလဆန်း ၁ ရက် နေ့သစ်
စာသိမ်း အယူအမှတ်အသား ထား သူအ ဆောင်မြဲ
လူ ရ၊ ကျွန် တော်မျိုး ၁၀၊ ၂ စုလူ ၁ ရတို့ကိုယ်တကိုယ်
၃ ဝကျတပို့တွဲလတွက်အဝယ် တော်ငသာထွန်း ကို ပေး
ငွေ ၃၇၀၊ ရွှေဒင်္ဂါး ၂၆၊ ငွေသင့် ၁၃၀၊ ၂ စု ၅၁၀

14 January 1872

(သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲ) လဆန်း ၅ ရက် နေ့
အဝယ် တော်ငသာထွန်း ကိုတပို့တွဲလတွက် ပေး ငွေ ၅၀

14 January 1872

(သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲလဆန်း ၅ ရက်) နေ့
သစ် တော်များ ကို ရေနံ ချောင်း ငါး မြို့ဝန်သို့
အပ်ရာသူ ဌေး မဟာသုဝဏ္ဏ သေဌကထည့်သူငမြန်၊
ငသာလိပ်တို့ကိုတကိုယ် ၁ ဝကျစား စရိတ် ပေး ငွေ ၂၀
၄င်း တို့ကိုသစ်ပတ်ရန်ကြိမ်ဘိုး ပေး ငွေ ၅

15 January 1872

(သက္ကရာဇ် ၁၂၃၃ ခုတပို့တွဲ) လဆန်း ၆ ရက် နေ့
သစ် တော်ခတ်မှတ်ရန် အောက်စုန် တော်တံဆိပ်၊
ရွှေကျ တော်တံဆိပ် ၂ လုပ် ဆောင်ရန်စာ ရေး
တော်င သောကိုမီး သွေး ဘိုး ပေး ငွေ ၂

9 March 1872

(သက္ကရာဇ် ၁၂၃၃ ခု နှောင်း ) တန်ခူး လဆန်း
၁ ရက် နေ့ဆင်ဝန် ထောက်ငဘိုး ကိုလစာကျန် ငွေ
၂၀၀ အနက် ပေး ငွေ ၁၀၀ ဆင်ဦး စီး လစာ
၁၆၀၊ ဘောင်ချစရိတ် ၁၆၀၊ စုစုဆင်ဝန် ထောက်
ငဘိုး ပေး ငွေဒင်္ဂါး ၄၂၀ ဆင်တစီးတ ပေါင်း
လတွက် ပြေ

20 March 1872

သက္ကရာဇ် ၁၂၃၃ ခု ( နှောင်း ) တန်ခူး လဆန်း
၁၂ ရက် နေ့အဝ၊ မူး ၊ ချင်း တွင်း ဆိပ်ကမ်းများ

15 May 1872

ထွင်သစ်တော်များကိုအသိမ်းအယူစေလွှတ်
သည့်အဆောင်တော်မြဲငအောင်မင်း၊ င
ဘောပု၊ ငစိုးမင်း၊ ငဆိုးကြီး၊ ပေါင်း ၄၊
ကျွန်တော်မျိုး ငခြို၊ ငရွှေမောင်၊ ငမှဲ့၊ င
အိန်၊ ငသာထွန်း၊ ငရွှေမောင်ကလေး ပေါင်း
လူ၆၊ ၂ စုလူ ၁၀ တို့တကိုယ်စာ ၃၀ ကျ၊ ကျွန်တော်
မျိုး ငသာထွန်း၊ ငဘောပု၊ အဆောင်မြဲငအောင်
မင်းတို့ကိုသူဌေး မဟာသုဝဏ္ဏ သေဋ္ဌနှင့်စုံညီ၊ တ
ပေါင်းလတွက်ငွေ ၃၀၀ 20 March 1872
(သက္ကရာဇ် ၁၂၃၃ ခုနှောင်း တကူး လဆန်း ၁၂
ရက်) နေ့သစ်တော်စာရေး ငစိမ်းကိုသစ်တော် 13 October 1871 - 11 November 1871
စွပ်ဆွဲချဆောင်သည့်ဆင်တော်ဦးစီး နေ့ကပ်ပဲ့ 12 November 1871 - 10 December 1871
လူတို့တန်ဆောင်မုန်း လကပြာသိုလတိုင်သုံးလတွက် 11 December 1871 - 9 January 1872
သစ်စာရေး ငစိမ်းကိုငှင်းနှင့်စုံညီပေး ငွေ ၁၂၀ 26 March 1872
သက္ကရာဇ် ၁၂၃၃ ခုနှောင်း တန်ခူး လပြည့်ကျော်
၃ ရက်နေ့မိုးမိတ်မိုးလှိုင်းသစ်တော်အကြီးအကြပ်
နန်းစဉ်အဆောင်မြဲငသာထွန်းအောင်ကိုတလ ၁၅
ပြားကျ (သက္ကရာဇ်) ၁၂၃၂ ခုနှစ်တွက်လစာငွေ 1870
၁၈၀ တွက်အထက်ပေး ငွေ ၁၀၀ ပြင်ကျန်ငွေဒင်္ဂါး
၈၀၊ ငရွှေမြလစာငွေ ၁၈၀ တွက် ၅၅ ပြင်ကျန်ငွေ
၁၂၅ မှာအဝင်ပြု၍ ၈၀၊ ၂ စုာ ၆၀ ကိုငသာထွန်း
အောင်သို့ပေး ရမည်သူဌေး မဟာသုဝဏ္ဏ သေဋ္ဌ
ဆင့်ချက်အတိုင်း စာရေး တော်ငတိုးနှင့်စုံညီငသာ
ထွန်းအောင်ကိုဗြိုတိုက်ငွေထိန်း ရွှေ့ရေတွက်ပေး
စေသည့်ငွေ ၁၆၀ 1 May 1872
သက္ကရာဇ် ၁၂၃၄ ခုကဆုန်လပြည့်ကျော် ၁၀ ရက်နေ့

15 May 1872

စကိုင်း မြို့သစ် တော်သိမ်း အဆောင် တော်မြဲ
8 February 1872 - 8 March 1872
ငကျိုင်း ၊ ကျွန် တော်မျိုး င ကောက်တို့ကို (သက္ကရာဇ်)
9 March 1872 - 6 April 1872
၁၂၃၃ခုတ ပေါင်း တန်ခူး နှစ်လတွက်တကိုယ် ၃၀ကျ

ပေး ငွေ ၁၂၀

15 May 1872
(သက္ကရာဇ် ၁၂၃၄ခု) နယုန်လဆန်း ၉ရက် နေ့
လှေပိန်း ဇီကျင်း စရိတ်ချင်း တွင်း သစ်ထုတ်ငမှန်
ကို ပေး ငွေ ဒင်္ဂါး ၆၀
(လုံး တော် စါစု)

ငစံတိုက်ကိုအမြင့်မြို့စီရင်စုငါး ခုံရွာ သွေံကြီး အရာကနှုတ်၊ ရွှေပြည်ရန် အောင်မြင်း အရှေ့လက် တောင်ပို့ ခေါင်း စုသမွတ်ကြီး ကုန်း ရွာရှိဆည်ဘို့ တော်မူသည့် ဆင်ဖြူရှည်ကန် တော်ကိုမန္တာဂိနိကန် တော်၊ အင်း ခန်း ခေါင်း စုသဲ တောရွာရှိငသက်ကန် တော်ကိုပုဏ္ဍရိကကန် တော်၊ အင်း ခန်း ရွာရှိရိုး ကန်ကြီး ကန် တော်ကိုဟေမာဇလကန် တော်၊ ဆူး ပန်း ရွာရှိဆူး ပန်း ကန် တော်ကိုကုဏ္ဍလကန် တော် သမုတ် တော်မူသည်၊ ကမ္ဗည်း စိုက်မှတ် စေ။

သက္ကရာဇ် ၁၂၃၄ ခု ဒုတိယဝါဆိုလပြည့် ကျော် ၆ ရက် နေ့ (26 July 1872) န ၁း ၁ နေမြိုး သခ်ယာတွင်ပြန်။

( တောင်ခွင် စာစု၊ တိုး လှ စာစု )

